ခဲကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နှန့်မားကျေးရွာအုပ်စုတွင် ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ အသေးစားရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်မှု အစီရင်ခံစာ

(SBM-329 & 330)

(Environmental Management Plan for Mining Sector)

၂၀၂၁ ခု၊ ဒီဇင်ဘာလ (၂၄) ရက်

မာတိကာ

စဉ်	အခန်း	အကြောင်းအရာ	စာမျက်နှာ
၁။	၁	အကျဉ်းချုပ်အစီရင်ခံစာ	၁–၁၆
၂။	၂	နိဒါန်း	၁၇
၃။	၃	ရည်ရွယ်ချက်	၁၈
၄။	၄	စိမံကိန်းအကြောင်းအရာဖော်ပြချက်	၁၉–၂၄
၅။	၅	မြေပုံနှင့်ကားချပ်များ	၂၅
၆။	၆	စိမံကိန်း အဆိုပြုသူ၏ ကတိဝန်ခံချက်	၂၆–၄၈
၇။	၇	မူဝါဒဥပဒေနှင့်မူဘောင်များ	၄၉–၅၀
၈။	၈	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ	၅၁–၅၄
၉။	၉	လက်ရှိပတ်ဝန်းကျင်အခြေအနေ	၅၅–၅၉
၁၀။	၁၀	ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်	၆၀–၈၀
၁၁။	၁၁	ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်	၈၁–၉၇
၁၂။	၁၂	အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း	၉၈–၉၉
၁၃။	၁၃	စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရံပုံငွေလျာထားချက်	၁၀၀–၁၀၆
၁၄။	၁၄	ဒေသခံပြည်သူများ၏ လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်	၁၀၇–၁၀၈
၁၅။	၁၅	မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ	၁၀၈–၁၁၄
၁၆။	၁၆	နိဂုံး	၁၁၄
၁၇။	၁၇	သုံးသပ်ချက်	၁၁၅

ပူးတွဲ

၁။ လုပ်ကွက်တည်နေရာပြမြေပုံ တစ်လက်မ ၁မိုင်စကေးမြေပုံ

၂။ ရွှေအသေးစားလုပ်ကွက်နှင့်ဆက်စပ်တည်နေရာပြမြေပုံ

၃။ လုပ်ကွက်၏ ဇရိယာအကျယ်အဝန်းနှင့် ပုံသဏ္ဌာန်ပြမြေပုံ

၄။ လုပ်ကွက်၏တည်နေရာကို Google Map တွင် တွေ့ရပုံ

၅။ လုပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများအားGoogle Map တွင်တွေ့ရပုံ

၆။ Layout Plan

၇။ Mine Design

၈။ ရွှေတူးဖော်ထုတ်လုပ် သည့် လုပ်ငန်းအဆင့်ဆင့် (FLOW SHEET)

၉။ လှိုဏ်ခေါင်းခိုင်ခံ့စေရန် ကွန်ဂရစ်ဖြင့် ပြုလုပ်ထားသော Adit အဝ

၁၀။ မြေ၊ ရေ၊ လေ၊ ဆူညံသံ တိုင်းတာသည့် နေရာအမှတ်များပြမြေပုံ

၁၀-က။ မြေ နမူနာယူသည့် နေရာ

၁၁။ လေ နမူနာယူသည့် နေရာ

၁၂။ ရေ နမူနာယူသည့် နေရာ

၁၃။ မြေ၊ရေ၊လေ ဓါတ်ခွဲ အဖြေများ

၁၄။ သောက်သုံးရေ ထိခိုက်မှုရှိ/မရှိ စစ်ဆေးရန် ရေနမူနာ ယူသည့်နေရာ(၃)နေရာ

၁၅။ သောက်သုံးရေ ထိခိုက်မှုရှိ/မရှိ စစ်ဆေးရန် ရေနမူနာဓါတ်ခွဲအဖြေများနှင့် နှိုင်းယှဉ်ဖော်ပြချက်များ

၁၆။ ရပ်ရွာလူထုနှင့် ဆွေးနွေးပွဲ မှတ်တမ်း ဓါတ်ပုံများ

၁၇။ ပျိုးဥယာဉ်

၁၈။ ဗန်းမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထုတ်စာစောင်

၁၉။ မြို့နယ်သစ်တော ၁၈က စံကွက်(၃)ကွက်

၂၀။ သစ်တောသဆေဘာထား

၂၁။ ကုမ္ပဏီ မှတ်ပုံတင် ၊ Form (6,26)

၂၂။ ဓါတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်

၂၃။ ရွှေအသေးစား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်

၂၄။ အစီရင်ခံစာ ရေးသားသူ၏ ကိုယ်ရေးအချက်အလက်များ

ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နန့်မားကျေးရွာအုပ်စု၊ နန့်အော့ကျေးရွာအနီးရှိ လုပ်ကွက် (SBM-329) A-(471744)95˚ 51'42.70"E 24˚ 50'31.80"N, B-(471739) 95˚ 51'42.06"E24˚ 50'16.97"N, C-(473739)95˚ 51'48.56"E 24˚ 50'16.83"N, D-(473743)95˚ 51'49.20"E 24˚ 50'28.71"N, E-(472743)95˚ 51'45.96"E 24˚ 50'28.72"N, F-(472744)95˚ 51'45.95"E 24˚ 50'31.7"Nနှင့် **(SBM-330)** A-(470739)95˚ 51'38.80"E 24˚ 50'17.0"N, B-(473739) 95˚ 51'48.56"E 24˚ 50'16.83"N, C- (473736) 95˚ 51'48.77"E 24˚ 50'7.91"N, D - (470736) 95˚ 51'39.04"E 24˚ 50'8.11"N တို့၏ အသေးစား ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဒုတိယအကြိမ်သက်တမ်းတိုး ခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာ **(Environmental Management Plan for Mining Sector) (SBM-329&330)**

အခန်း(၁)

အကျဉ်းချုပ်အစီရင်ခံစာ

စီမံကိန်းတည်နေရာ

၁။ ရွှေလက်ဝဲသုန္ဒရ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ စီမံကိန်းဧရိယာ (SBM-329&330) သည် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နန့်မားကျေးရွာအုပ်စု၊ နန့်အော့ကျေးရွာ၏ မြောက်ဖက် (၇)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ နန့်မားကြိုးဝိုင်း အကွက်အမှတ်(၆၈-၆၉) တွင် ကျရောက်ပြီး သစ်တောမြေဖြစ်ပါသည်။ စိုက်ပျိုးမြေများမရှိပါ။ ပူးတွဲ (၁)

လုပ်ကွက်အကျယ်အဝန်းနှင့် တည်နေရာပြ မြေပုံညွှန်းများ

၂။ (SBM-329) ၏ အကျယ်အဝန်းမှာ (၁၈.၆၀)ကေ ရှိပြီး၊ မြေပုံညွှန်းမှာ- A-(471744) 95˚ 51'42.70"E 24˚ 50'31.80"N, B-(471739) 95˚ 51'42.06"E 24˚ 50'16.97"N, C-(473739)95˚ 51'48.56"E 24˚ 50'16.83"N, D-(473743)95˚ 51'49.20"E 24˚ 50'28.71"N, E- (472743) 95˚ 51'45.96"E 24˚ 50'28.72"N, F-(472744)95˚ 51'45.95"E 24˚ 50'31.7"N

ဖြစ်ပါသည်။ (SBM-330)၏ အကျယ်အဝန်းမှာ (၁၈.၆၀)ဧက ရှိပြီး မြေပုံညွှန်းမှာ-
A-(470739)95° 51'38.80"E 24° 50'17.0"N, B-(473739) 95° 51'48.56"E 24° 50'16.83"N,
C- (473736) 95° 51'48.77"E 24° 50'7.91"N, D - (470736) 95° 51'39.04"E 24° 50'8.11"N
ဖြစ်ပါသည်။ လုပ်ကွက်(၂)ခုမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါသည်။ ပူးတွဲ(၁-က)

ရွှေအသေးစားလုပ်ကွက်(၂)ခု၏ ခွင့်ပြုသက်တမ်းကာလ

၃။ အသေးစားရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏(၂၊ ၁၂၊ ၂၀၁၅)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၁/ ၂၀၁၄ (သက်တမ်းတိုး) ဖြင့် ရွှေသတ္တုလုပ်ကွက် (SBM-329) လုပ်ကွက်အား (၁၇၊ ၁၂၊ ၂၀၁၅)မှ (၁၆၊ ၁၂၊ ၂၀၁၆)ထိ ပထမအကြိမ် သက်တမ်းတိုး (၁)နှစ်နှင့် (၂၊ ၁၂၊ ၂၀၁၅)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၂ /၂၀၁၄ (သက်တမ်းတိုး) ဖြင့် ရွှေသတ္တုလုပ်ကွက် (SBM-330) ကို (၁၇၊ ၁၂၊ ၂၀၁၅)မှ (၁၆၊ ၁၂၊ ၂၀၁၆)ရက်နေ့ထိ ပထမအကြိမ် သက်တမ်းတိုး (၁)နှစ် တို့ကို ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုတစ်ကြိမ်လျှောက်ထားခြင်းသည် လုပ်ကွက်(၂)ခုစလုံး၏ ဒုတိယအကြိမ် သက်တမ်းတိုးအတွက်ဖြစ်ပါသည်။

ဆက်သွယ်ရန် လိပ်စာ

၄။ ကုမ္ပဏီ၏ ဆက်သွယ်ရန်လိပ်စာမှာ လက်ဝဲသုန္ဒရစိုက်ပျိုးရေးခြံ၊ မိုင်တိုင်အမှတ်(၄၃/၃)၊ အင်းတော် ဗန်းမောက်လမ်း၊ ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်ပြီး၊ ဆက်သွယ်ရန်ဖုန်းနံပါတ်မှာဦးအောင်ထူး၊ (အုပ်ချုပ်မှုဒါရိုက်တာ) ၀၉-၉၇၇၅၅၆၆၃၁ နှင့် Email-aunghtootcl 2017@gmail.com တို့ဖြစ်ပါသည်။ စီမံကိန်းမန်နေဂျာမှာ ဦးမင်းဇင်ထူး (ဒါရိုက်တာ) ၀၉-၂၅၉၈၃၃၆၂ ဖြစ်ပြီး အီးမေးလ် မသုံးပါ၊ ဖက်စ်မရှိပါ၊ လိပ်စာမှာ စီမံကိန်းအဆိုပြုသူနှင့် အတူတူဖြစ်ပါသည်။

၂ရွှေသတ္တုလုပ်ကွက်၏ ပထဝီဆိုင်ရာ အချက်အလက်များ

၅။ ရွှေသတ္တုအသေးစားလုပ်ကွက် (SBM-329&330) တို့၏ အနီးတစ်ဝိုက်တွင် ကျေးရွာများမရှိပဲ အနီးဆုံးကျေးရွာမှာ တောင်ဖက်တွင် (၇)မိုင်ခန့် ကွာဝေးသော နန့်အော့ရွာရှိပါသည်၊ မြေပုံပေါ်တွင်ပါရှိသော မြောက်ဖက်ရှိ တောင်ဘို့လရွာမှာ ရွာပျက်ဖြစ်ပါသည်၊ မြေပုံပေါ်တွင်ပါရှိသော နန့်အော့ရွာ၏ အရှေ့ဖက် (၃)မိုင်ခန့် ကွာဝေးသော နန့်ခင်ရွာမှာ လုပ်ကွက်နှင့် ဆက်စပ်မှုမရှိပါ။ ကုက္ကို တောကြောခြား

ထားသဖြင့် လူသွားလမ်းပင် မရှိပါ။ လုပ်ကွက် ၈ရိယာသည် ပေ ၃၅၀၀ကျော်မြင့်သော ကုတ္တိုတောင်ကြော၏ မြောက်ဖက်ခြမ်းတွင်ရှိပါ သည်၊ ပေ၂၀၀၀နှင့် ၂၅၀၀ကြားတွင် ရှိသော အနိမ့်အမြင့်မညီသည့် တောင်ကုန်းငယ်များဖြင့် စုဖွဲ့ထားပါ သည်၊ ညီညာသောမြေပြန့်မရှိပါ၊ တောင်ကုန်းငယ်များ ကြားတွင် နှစ်ပေါင်းများစွာ ရေတိုက်စားထားသော လျှိုများ၊ ချောက်များ ဖြစ်ပေါ်နေပါသည်။ ၎င်းလျှိုများသည် မိုးအခါတွင်သာ ရေရှိပြီး ဆောင်းနှင့်နွေကာလ များတွင်ရေမရှိပါ။ ၎င်းလျှိုချောက်များသည်လုပ်ကွက်အတွင်းမှ တဆင့် နမ့်အောချောင်းအတွင်းသို့ဝင်ရောက် ပေါင်းစည်းသွားပါသည်။လုပ်ကွက်၏ မြောက်၊ အနောက်မြောက်နှင့် အနောက်ဖက်တို့တွင် နန့်အောချောင်းရှိပါသည်။ ချောင်းသည် လုပ်ကွက်နှင့် ၁မိုင်ဝန်းကျင်အတွင်း ကွေ့ပတ်စီးဆင်းနေပါသည်။ နမ့်အောချောင်းသည် နမ့်အောရွာမှ စ၍တောင်ဘက်သို့ စီးဆင်းသွားပြီး (၆)မိုင်ခန့် အကွာတွင် နမ့်ကျင်ချောင်းအတွင်းသို့ စီးဝင်သွားပါသည်။ နမ့်အောချောင်း၏ အနောက် ဖက်တွင် ဗန်းမောက်မြို့နယ် မံစီကြီးမှ ဟုမ္မလင်းမြို့နယ် ပင်ချယ်ရွာထိ ကုန်ထုတ်လမ်းရှိပါသည်။ ၎င်းလမ်းသည် မြေလမ်းဖြစ်၍ ခြောက်သွေ့ရာသီတွင်သာ အသုံးပြုနိုင်ပါသည်။

၆။ ရွှေလုပ်ကွက် ၈ရိယာနှင့်ပတ်ဝန်းကျင်သည် အမြဲစိမ်းသစ်တောဖြစ်ပြီး သဘာဝပေါက်ပင်များမှာ ကညင်၊ ထောက်ကြံ့၊ စကားစိမ်း၊ မျောက်ဝိုး၊ ကြိုး၊ နဘဲ၊ ကျွန်း၊ သဒီ၊ ဇင်ပြွန်း၊ဘန်ဘွေး၊နကျယ်၊အုံတုံ၊ထောက်ရှာ၊ သစ်ဖွဲ၊ သပြေ၊ အောက်ချင်းဇာနည်၊ တောင်သရက်၊ လောက်ယား၊ဖန်းခါး၊ မျောက်ချော၊ သစ်စိမ့်၊ ပျဉ်းမ၊ ဝါးပိုးမျက်စံကျယ်၊ တင်းဝါး၊ သိုက်ဝါး၊ စသည်များ ပေါက်ရောက်ပါသည်၊ ခုံပုတ်များရှိ ပါသည်။ အထူးသဖြင့် ဝါးပင်များ ပေါက်ရောက်ပါသည်။

၇။ လုပ်ကွက်ဝန်းကျင်တောတောင်များတွင် မျောက်၊ ခွေးအ၊ တောကြက်၊ မြွေ၊ တောကြောင်၊ တောင်ဆိတ်၊ ချေ၊ ယုန်များနှင့် ငှက်တိရစ္ဆာန်များ ရှိပါသည်။ လုပ်ကွက်အတွင်း တောကြောင်နှင့်ယုန်များ ရှိပါသည်။ ဒေသခံ မုဆိုးများရှိသောကြောင့် လုပ်ကွက်အတွင်း ဖမ်းဆီးခြင်း မပြုရန်တားမြစ် ထားပါသည်။

၈။ လုပ်ကွက်၈ရိယာသည် သစ်တောများရှိသောကြောင့် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိပါသည်။ ဆောင်းရာသီတွင် အအေးဓါတ်လွန်ကဲပါသည်၊ နွေရာသီ (၄)လခန့်သာ ခြောက်သွေ့မှုရှိပါသည်၊ အပူအအေး ခြားနားချက်များပြားပါသည်၊ တောင်ကြားလျှိုများအတွင်း လက်ယက်တွင်းတူးပါက သောက်သုံးရေ ရပါသည်၊ လျှိုအားပိတ်၍ ရေသိုလှောင်ထားပါက ရေပြတ်လတ်မှုမရှိပါ။

၉။ လုပ်ကွက်၏ဘေးမှ ပတ်၍စီးသွားသော နမ့်အော့ချောင်းသည် နမ့်အောရွာဘေးမှ ဖြတ်၍စီးဆင်းသွားပါသည်။ ၎င်းချောင်းရေအား ရွာသားများမှ သောက်သုံးရေအဖြစ် အသုံးမပြုပါ၊ ကျေးရွာအတွင်းရှိ ရေတွင်းမှ ရေကိုသာ သုံးစွဲပါသည်။

<u>လမ်းပန်းဆက်သွယ်ရေး</u>

၁၀။ ဗန်းမောက်မြို့မှ မံစီကြီးကျေးရွာထိ (၃၃)မိုင် ကွာဝေးပြီး ရာသီမရွေး သွားလာနိုင်ပါသည်။ မံစီကြီးရွာ မှ ဟူမွလင်းမြို့နယ် ပင်ချယ်ရွာအထိ ကုန်ထုတ်လမ်းရှိပါသည်၊ မြေလမ်းဖြစ်ပါသည်၊ ၎င်းလမ်းသည် နမ့်အောရွာဘေးမှ ဖြတ်သွားပါသည်၊ မံစီကြီးမှ နန့်အောရွာထိ(၁၁)မိုင် ကွာဝေးပါသည်၊ နန့်အောရွာမှ ဆက်သွားသောလမ်းသည် လုပ်ကွက်၏ အနောက်ဘက်မှ ဖြတ်သွားပါသည်၊ ရွာနှင့် (၇)မိုင်ခန့် ဝေးသောနေရာ ရောက်ပါက အရှေ့ဘက်သို့ လုပ်ကွက်အထိ ကုမ္ပဏီ အစီအစဉ်ဖြင့် မြေသားလမ်း(၁)မိုင် ဖောက်ထားပါသည်၊ ဤကုန်ထုတ် လမ်းသည် ခြောက်သွေ့ရာသီတွင် မော်တော်ယာဉ်များသွားလာနိုင်ပြီး မိုးတွင်းအခါ၌ နွားလှည်းနှင့် ထော်လာဂျီ များသွားလာနိုင်ပါသည်။ ဆိုင်ကယ်များ အချိန်မရွေး သွားလာနိုင်ပါသည်။

<u>လုပ်ကွက်ဝန်းကျင်ရှိ ကျေးရွာများအခြေအနေ</u>

၁၁။ လုပ်ကွက်ဧရိယာဝန်းကျင်ရှိ ကျေးရွာများတွင် ဒေသခံ ရှမ်းနီလူမျိုးနှင့် ဂဒူး လူမျိုးများနေထိုင်ပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်ပြီး ဘာသာရေးကိုင်းရှိုင်းပါသည်။ လယ်နှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ပါသည်။ ဒေသအတွင်း လက်လုပ်လက်စားရွှေလုပ်ငန်းများ လုပ်ကိုင်ပါသည်။ လယ်ယာနားချိန်တွင် ရွှေသတ္တုတူးဖော် ရေးလုပ်ငန်းများတွင် နေ့စားအလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။ လုပ်ကွက်နှင့် အနီးဆုံးဖြစ်သော ရွာမှာနန့်အောရွာဖြစ်ပြီး တောင်ဖက်(၇)မိုင်ခန့် အကွာတွင် ရှိပါသည်။ ရှမ်းနီလူမျိုးများဖြစ်ပါသည်။ အိမ်ခြေ (၁၉၈)နှင့် လူဦးရေ (၁၀၁၂)ယောက် ရှိပါသည်။

၁၂။ လုပ်ကွက်ဧရိယာတစ်ဝိုက်တွင် ရွှေဟောင်းယဉ်ကျေးမှု အမွေအနှစ်များမရှိပါ၊

<u>ဒေသခံပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး စီမံချက် အကျဉ်းချုပ်</u>

၁၃။ ဒေသခံပြည်သူများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည့် အစည်းအဝေးမှတ်တမ်းအား ပူးတွဲဖော်ပြထားပါသည်၊ နန့်အောရွာသားများ၏ ဆန္ဒအရ စီမံကိန်းဆောင်ရွက်စဉ် နန့်အောရွာတွင် ဆေးခန်းဖွင့်လှစ်၍ စီမံကိန်းမှ ဆရာဝန်ဖြင့် ဆေးကုသပေးပါသည်။ ယခုအခါစီမံကိန်းအား ခေတ္တရပ်ဆိုင်းထား၍ လုပ်သားများမရှိ၍ဆေးခန်းပိတ်ထားပါသည်။ စီမံကိန်းပြန်စပါက ဆေးခန်းအား ဆက်လက်ဖွင့်လှစ် သွားပါမည်၊ ကျေးရွာ အတွက် လိုအပ်သော လမ်း၊ တံတားများ ဆောင်ရွက်ပေးသွားပါမည်၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (CSR) ရံပုံငွေ၊ မိုင်းပိတ်သိမ်းချိန် ရံပုံငွေ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရံပုံငွေများအား သတ်မှတ်ညွှန်ကြားထားသည့် အတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

၁၄။ လုပ်ကွက်အနီး မြေအသုံးချမှု အခြေအနေ

(က) **ရွှေသတ္တုလုပ်ကွက်အနီးမြေအသုံးချမှုအခြေအနေ။** ။ လုပ်ကွက်ဧရိယာ၏ မြို့နယ်တွင် မြေအမျိုးအစားအလိုက်အသုံးချထားသည့် ဧကအားအောက်ပါအတိုင်းဖော်ပြထားပါသည်-

စဉ်	မြေအမျိုးအစား	ဧရိယာ(ဧက)
၁	အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း	၃၈၂၀၆
	(က) လယ်မြေ	၃၂၈၁၀
	(ခ) ယာမြေ	၃၇၈၆
	(ဂ) ကိုင်း/ကျွန်းမြေ	၇၁၉
	(ဃ) ဥယျာဉ်မြေ	၈၉၁
၂	မြို့မြေ	၁၃၁
၃	ရွာမြေ	၂၀၃၂
၄	အခြားမြေ	၄၈၆၁၉
၅	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော	၅၄၀၈၆၄
၆	တောရိုင်း	၂၆၅၀၀
၇	မြေရိုင်း	၂၅၈၁
၈	စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ	၅၇၃၅
	စုစုပေါင်း	၈၄၄၆၆၈

ရင်းမြစ် ။ ။ ဒေသဆိုင်ရာအချက်အလက်များ (တိုင်းမြေစာရင်းဦးစီးဌာန)

၁၅။ **သစ်တောဆောင်ရွက်မှုလုပ်ငန်းအခြေအနေ** ။ ။ လုပ်ကွက်ဧရိယာ၏ မြို့နယ်တွင် သစ်တောမြေများမှာအောက်ပါအတိုင်းဖော်ပြထားပါသည်-

စဉ်	အကြောင်းအရာ	ဧရိယာ(ဧက)	ပေါက်သည့်အပင်များ
၁	ကြိုးဝိုင်း	၃၆၄၃၄၅	ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ပိတောက်၊အင်
၂	ကြိုးပြင်	၁၅၈၃၁၉	အင်ကြင်း၊ ၊ ကညင်၊ ထောက်ကြံ့၊စကား၀ါ ယမနေ၊ မျောက်ဝိုး၊ ပျဉ်းမ၊ နဘဲ၊ ဝါးအမျိုး မျိုးစသည့်အပင်များပေါက်ပါသည်။
	စုစုပေါင်း	၅၄၂၇၂၄	

ရင်းမြစ် ။ ။ ဗန်းမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်

၁၆။ ရွှေလုပ်ကွက်မှာ ပင်ရင်းသိုက် (PRIMARY ORE DEPOSIT) ဖြစ်ပါသည်၊ မြေအောက်တူးဖော် ခြင်းစနစ်(UNDER GROUND MINING METHOD) ကို အသုံးပြု တူးဖော်ပါသည်။ လှိုဏ်ခေါင်းတူးဖော်သော တောင်၏အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် (၄၉၅)မီတာရှိပြီးတောင်၏ အောက်ခြေအမြင့် (၄၆၅)နေရာမှစ၍ ရေပြင်ညီအတိုင်း လှိုဏ်ခေါင်းတူးပါသည်၊ လှိုဏ်ခေါင်းအဝနေရာ၏ မြေပုံညွှန်းမှာ 83P/10 (471737) (24˚ 50'12.0" 95˚ 51'43.6") ဖြစ်ပါသည်၊ အပေါ်ယံမြေသားဖယ်ရှားရခြင်းမရှိပါ၊ လှိုဏ်ခေါင်းအဝတွင်သာ ပေ(၅၀)ပတ်လည် မြေညှိမျက်နှာသစ်ရခြင်း ပြုလုပ်ရပြီး ဤမြေများဖြင့် လှိုဏ်ခေါင်းဝပတ်လည်အား မြေညှိခြင်း ဆောင်ရွက်ပါသည်၊ သစ်တောအား ခုတ်ထွင်ထားခြင်းမရှိပါ၊ လှိုဏ်ခေါင်းအတွင်းမှ မြေစာခဲများ သယ်ယူရန် သံလမ်းခင်းထားပြီး မြေစာသယ်ယာဉ်အား စက်သီး (WNICH) ဖြင့် အပေါ်သို့ဆွဲတင်ပါသည်။

၁၇။ (ADIT)အတွင်း ကျောက်သားအား ယမ်းအသုံးပြု၍ ဖောက်ခွဲရပြီး ရရှိသောကျောက်များမှ ရွှေသတ္တုပါသော သလင်းကြော (QUARTZ VEIN) အား (ADIT)ပြင်ပသို့ (WNICH) ဖြင့်ဆွဲထုတ်ပြီး လှိုဏ်ခေါင်းမှ မီတာ (၂၀၀) ခန့် ဝေးသော နေရာတွင် စနစ်တကျစုပုံ ထားပါမည်၊ တူးဖော်ပြီး လှိုဏ်ခေါင်းအလျားမှာ မီတာ(၄၀၀)ရှိပြီး ဖြစ်ပါသည်၊ လှိုဏ်ခေါင်းတူးရာမှ ထွက်လာသော ဘေးကာကျောက် (HOST ROCK) များအား လှိုဏ်ခေါင်း အတွင်း လှိုဏ်ခေါင်းခိုင်ခံ့မှုရှိစေရန် မြေသိပ်ဖို့ခြင်း(PACKING) ပြုလုပ်ရာတွင်ပြန်သုံးပါသည်၊ ပိုနေသော ဘေးကာကျောက်များအား လုပ်ကွက်အတွင်း လမ်းခင်းခြင်း မြေညှိခြင်းများတွင် အသုံးပြုပါသည်၊ ဤသို့ အသုံးပြုပြီး ပိုနေသော ကျောက်များအား လှိုဏ်ခေါင်းဝမှ မီတာ(၂၀၀)ခန့် ဝေးသော စွန့်ပစ်မြေစာထားရှိမည့် နေရာတွင်စနစ်တကျ စုပုံထားရှိပါသည်၊ ၎င်းကျောက်များအား မိုင်းပိတ်သိမ်းချိန်တွင် တူးဖော်ထားသော လှိုဏ်ခေါင်းအတွင်းသို့ ပြန်လည်ဖြည့်သွင်းသွားပါမည်၊ လှိုဏ်ခေါင်းအဝအား ခိုင်ခံ့မှုရှိရန်အတွက် ကွန်ဂရစ်အသုံးပြု၍ စနစ်တကျ တည်ဆောက်ထားပါသည်။

၁၈။ ရွှေသတ္တုပါဝင်သော သလင်းကြော(QUARTZ VEIN) များအား ပထမအဆင့် ၁/၂ လက်မအရွယ် ရရှိအောင်(JAW CRUSHER)ဖြင့် ခွဲပြီးနောက် အနုတ် ၂၀၀ Mesh (-200#) အရွယ်ရသည်အထိBall Mall ဖြင့် ကြိတ်ခွဲပါမည်၊ **၎င်းနောက် ရွှေကြမ်းအား အောက်ပါအတိုင်း နည်း(၂)နည်းဖြင့် ထုတ်ယူပါမည်။**

(က) **ပြဒါးဖြင့် ဖမ်းယူခြင်း** (AMALGA MATION)

(၁) Ball Mall မှထွက်လာသော ကျောက်မှုန့်များအား Shaking Table ပေါ်သို့ မျော

လောင်းချပါမည်။

(၂) Shaking Table သည် Gravity Sepration အလုပ်အား လုပ်သည်ဖြစ်သောကြောင့် မျက်စိဖြင့် မမြင်နိုင်လောက်အောင် သေးငယ်သည့် ရွှေမှုန်များပါဝင်သော သဲစာများ မျောပေါ်တွင် တင်ကျန်ရစ်ပြီး ကြီးသော သဲစာများ အောက်သို့ကျဆင်းသွားပါမည်။

(၃) မျောပေါ်တင်ကျန်ခဲ့သော ရွှေမှုန်များပါသည့် သဲစာများအား အင်ဝိုင်းလှည့်သောကန်တွင် အင်ဝိုင်းဖြင့် ရွှေမှုန်များအား ခွဲထုတ်ပါမည်။

(၄) အင်ဝိုင်းလှည့်၍ ရရှိသော ရွှေမှုန်များအား ပြဒါးဖြင့် ဖမ်းယူခြင်းဖြင့် ပြဒါးစု ရွှေအား ရရှိပါမည်၊ ၎င်း ပြဒါးစုရွှေအား Retort အသုံးပြု၍ အပူပေးခြင်းအားဖြင့် ပြဒါးနှင့် ရွှေကြမ်းအား ခွဲယူရရှိပါမည်။ ပြဒါးအား ပြန်လည် အသုံးပြုသွားပါမည်။

(ခ) **CIC နည်းစဉ်ဖြင့် ရွှေကြမ်းထုတ်ယူခြင်း**

(၁) အထက်အပိုဒ် ၁၈(က-၂) တွင်ဖော်ပြထားသော Shaking Table ဖြင့် ခွဲထုတ်ထားခဲ့သော သဲစာများအား စုစည်း၍ ထုံး၊ ရေ၊ ဆိုင်ယာနိုက်တို့အား အသုံးပြု၍ Cyanidation-CIC နည်းစဉ်ဖြင့် ရွှေကြမ်းထုတ်ယူသွား ပါမည်။

(၂) ရရှိသော ရွှေကြမ်းအား စီမံကိန်းဧရိယာတွင် ရွှေစင်(၉၉. ၉၉) ထုတ်လုပ်နိုင်မည်မဟုတ်ပါ ရန်ကုန်/မန္တလေးသို့ ပို့၍ ရွှေစင် ထုတ်ယူရပါမည်။

၁၉။ လက်ရှိ အချိန်တွင် လှိုဏ်ခေါင်းတူးဖော်ဆဲ ဖြစ်ပြီး ရွှေသတ္တုပါဝင်သော သလင်းကျော (QUARTZ VEIN) များမထုတ်ယူနိုင်သေးပါ၊ စက်ရုံတည်ဆောက်ရခြင်း မရှိသေးပါ။

Base Line Data များကောက်ယူခြင်း

၂၀။ လက်ရှိကာလတွင် လုပ်ငန်းများရပ်နားထားသော်လည်း (BASE LINE DATA)ရရှိစေရန် (၁၃. ၃. ၂၀၁၇)နေ့တွင် ဆူညံသံ (NOISE) တုန်ခါမှု (VIBRATION) မြေရေ နှင့်လေ အရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊ ထိုသို့ တိုင်းတာရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ (NAAQS) သတ်မှတ်ချက် အတွင်းသာရှိကြောင်း တွေ့ရပါသည်၊ (၅. ၁၀. ၂၀၁၉)တွင် နန့်အောရွာ၏ ရွာသားများအသုံးပြုသော ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရေတွင်းနှင့် နန့်အောရွာထိပ်ရှိ ချောင်းရေ ၊ လုပ်ကွက်အတွင်းမှ ထွက်လာသော လျှိုချောက်နှင့် နန့်အော့ချောင်းဆုံ အောက်နေရာတို့ရှိ ရေနမူနာ တို့အား ထပ်မံတိုင်းတာခဲ့ပါသည်၊ ဤသို့ တိုင်းတာရာတွင် (NAAQS) စံသတ်မှတ်ချက်အတိုင်း

ကိုက်ညီပါသည်၊ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ချိန်တွင် တိုင်းတာခြင်းများအား (၆)လ တစ်ကြိမ်ဆောင်ရွက်သွားပါမည်။

၂၁။ အဆိုပြုစီမံကိန်းအား စီမံကိန်းကာလ မူလ(၃)နှစ် သက်တမ်းတိုး(၁)နှစ် ပေါင်း(၄)နှစ် လုပ်ကိုင်ခဲ့ပြီး (၁၆. ၁၂. ၁၆)နေ့တွင် ရပ်ဆိုင်းထားခဲ့ပါသည်၊ ပင်ရင်းရွှေသိုက်မှ ရွှေတူးဖော်သောလုပ်ငန်းဖြစ်သောကြောင့် လှိုဏ်ခေါင်း(TURNNEL)တူးဖော်သော စနစ်ဖြင့် တူးဖော်ခဲ့ခြင်း ဖြစ်ပါသည်၊ ရွှေသတ္တုထုတ်လုပ်သော လုပ်ငန်း မလုပ်ဆောင်နိုင်သေးပါ၊ စက်ရုံမတည်ဆောက်ရသေးပါ၊ လှိုဏ်ခေါင်း အရှည်(၄၀၀)မီတာ ရောက်ရှိ ပြီးဖြစ်ပါသည်၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိသေးပါ၊ (၁၃. ၃. ၁၇)နေ့တွင် တိုင်းတာခဲ့သော ဆူညံသံ၊ တုန်ခါမှု မြေရေနှင့်လေအရည်အသွေးတို့အား တိုင်းတာမှုများအရဂင်း (၅. ၁၀. ၁၉)နေ့တွင် နန့်အော့ရွာရှိ ရွာသားများ အသုံးပြုသော ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရေတွင်းရေ ၊ရွာထိပ်ရှိ ချောင်းရေနှင့် လုပ်ကွက်နှင့် ဆက်စပ်နေသော နန့်အောချောင်းရေ တို့အား ခါတ်ခွဲစမ်းသပ်ချက်များအရ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ(NAAQS) အတွင်းသာရှိကြောင်း အောက်ပါအတိုင်း တွေ့ရပါသည်-

(က) ဆူညံသံ။ ။ (၅၄. ၅ dBA (EXTECH) ကြိယာဖြင့် တိုင်းတာသည်)

(ခ) တုန်ခါမှု။ ။ (၀ (EXTECH) ကြိယာဖြင့် တိုင်းတာသည်)

(ဂ) မြေ

(၁) SiO_2 - 74.68 %

(၂) Fe_2O_2 - 6.1 %

(၃) AL_2O_3 - 3.7 %

(၄) Cu - 171.15 ppm

(၅) Pb - 248.40 ppm

(၆) Zm - 7.0 PPm

(၇) Hg - ND

(ဃ) ရေအရည်အသွေး

၁။ လုပ်ငန်းသုံးရေ

(က) Total Dissolve Solid (TDS) - 437.91 Mg/L

(ခ) Total Hardness as $CaCO_3$ - 114 Mg/L

(ဂ) Total Alkalinity - 107 Mg/L

(ဃ) $SO4^{=}$ - 45.73 Mg/L

(င) $CL^{=}$ (chloride) - 6 Mg/L

(စ) Iron (Fe) - 1.18 Mg/L

(ဆ) Colour - Clear

(ဇ) Cu (ကြေး) - 0.08 Mg/L

(စျ) Pb (ခဲ) - 0.03 Mg/L

(ည) Zn (သွပ်) - 0.04 Mg/L

(ဋ) CN - 0.31 Mg/L

(ဌ) Acidity - 15 Mg/L

(ဈ) Hg - ND

၂။ သောက်သုံးရေ

(က) Total Dissolve Solid (TDS) - 511.74 Mg/L

(ခ) Total Hardness as $CaCO_3$ - 142 Mg/L

(ဂ) Total Alkalinity - 118 Mg/L

(ဃ) $SO4^{=}$ - 54.79 Mg/L

(င) $CL^{=}$ (chloride) - 7 Mg/L

(စ) Iron (Fe) - 0.95 Mg/L

(ဆ) Colour - Clear

(ဇ) Cu (ကြေး) - 0.09 Mg/L

(စျ) Pb (ခဲ) - 0.12 Mg/L

(ည) Zn (သွပ်) - 0.03 Mg/L

(ဋ) CN - 0.2 Mg/L

(ဌ) Acidity - 6 Mg/L

(ဈ) Hg - ND

(ဌ) လေအရည်အသွေး။ ။ HAZ - SCANNER ဖြင့် တိုင်းတာရရှိသော အဖြေများမှာ စာမျက်နှာ(၂)မျက်နှာ စာတိုင်(၁၁)ခုပါရှိသော ဇယားကွက်ဖြစ်၍ ၎င်းအား အကျဉ်းချုပ်၍မရပါ။ အစီရင်ခံစာတွင် ဇယားအား ပူးတွဲဖော်ပြထားပါသည်။၎င်းအတွက် အကျဉ်းချုပ်အဖြေမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး လမ်းညွှန်ချက်အောက်၌ သာရှိပါသည်။

<u>အဆိုပြုစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့် လျော့ချမည့်နည်းလမ်း အကျဉ်းချုပ်</u>

၂၂။ **အဆိုပြုစီမံကိန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) မြေအောက်လှိုဏ်ခေါင်းတူးဖော်ရာတွင် ပေါက်ကွဲစေတတ်သော ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြုရမည် ဖြစ်သောကြောင့် မတော်တဆမ ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ခြင်း၊

(ခ)ရွှေကြမ်းထုတ်ယူရာတွင် ပြဒါးနှင့် ဆိုင်ရာနိုက် အသုံးပြုရမည် ဖြစ်သောကြောင့် မြေအောက်သို့ စိမ့်ဝင်ပြီး သောက်သုံးရေများ အတွင်းသို့ ပြဒါးနှင့် ဆိုက်ရာနိုက်ဖျော်ရည်များ စိမ့်ဝင်ရောနှောသွားနိုင်ခြင်း၊ မတော်တဆ ဖိတ်စင်ရောနှောသွားနိုင်ခြင်း၊

၂၃။ **လျော့ချမှုနည်းလမ်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ယမ်း၊ ဆိုင်ရာနိုက်၊ ပြဒါး၊ သုံးစွဲမည့်သူများအား စနစ်တကျ လေ့ကျင့်ထားသည့် လုပ်သားများကိုသာ အသုံးပြုခြင်း၊ မသက်ဆိုင်သူများ ကိုင်တွယ်သုံးစွဲမှု မရှိစေရေး တိကျစွာ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပေါက်ကွဲစေတတ်သော ယမ်းနှင့် ဆက်စပ်ပစ္စည်းများအသုံးပြုရာတွင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအား တိကျစွာလိုက်နာစေခြင်း၊

(ဂ) ပြဒါး၊ ကိုင်တွယ်အသုံးပြုရမည့် သူများအား လက်အိတ်၊ နှာခေါင်းစီး၊ လည်ရှည်ဖိနပ်များ၊ ဝတ်ဆင်စေခြင်းနှင့် ထုတ်ပေးရာတွင် စနစ်တကျ ချိန်တွယ်ထုတ်ပေးခြင်း၊ ပြန်အပ်စေခြင်း မှတ်တမ်းထားရှိခြင်း၊ ဖိတ်စင်လွင့်ကျမှုမရှိအောင် ကြီးကြပ်ကွပ်ကဲခြင်း၊ ပြဒါးစုရွှေအား မီးဖုတ်၍ ရွှေကြမ်းထုတ်ယူရာတွင် Retort အားမဖြစ်မနေ အသုံးပြုစေခြင်း၊

(ဃ) ဆိုင်ရာနိုက် ယိုစိမ့်မှု မရှိစေရန် Cyanidation Method ဖြင့် ရွှေကြမ်းထုတ်ယူပြီးပါပါက သဲစာများစုပုံမည့် နေရာအား မြေကျင်းတူး၍ ခိုင်ခံ့ကျစ်လျစ်အောင် ဖိကြိတ်ခြင်း၊ ဘေးကာမြေဘောင်ပြုလုပ်ခြင်း၊ အောက်ခံပလတ်စတစ်များခင်းခြင်း၊ ဆောင်ရွက်သွားပါမည်၊

(ဂ) ချက်ကန် အောက်ခြေအား ကွန်ဂရစ်ခင်းပြီး ၎င်းအပေါ်မှ မိုးကာစနှစ်ထပ်ခင်းခြင်း ဖြင့်·ယိုစိမ့်မှုမရှိအောင် ဆောင်ရွက်သွားပါမည်၊

(စ) ဆိုင်ရာနိုက်အသုံးပြု ရွှေကြမ်းထုတ်ယူပြီးနောက် အနည်ထိုင်ကန်တွင် သဲစာနှင့်ဖျော် ရည်အား ပထမခွဲထုတ်ပါမည်၊ ၎င်းအနည်ထိုင်ကန်အား ကွန်ဂရစ်ဖြင့်တည်ဆောက် ပြီး ၎င်းအပေါ်တွင် မိုးကာနှစ်ထပ်ခင်းပါမည်၊

(ဆ) ဆိုင်ရာနိုက်ဖျော်ရည်အား စွန့်ပစ်ခြင်းမပြုပဲ အကြိမ်ကြိမ် ပြန်လည်အသုံးပြုမည်ဖြစ် သောကြောင့် ယိုစိမ့်ဆုံးရှုံးမှု မရှိစေရန် ခိုင်ခံ့သော ပလတ်စတစ်ပုံးများဖြင့် လုံခြုံစွာ သိုလှောင်ထားပါမည်၊

(ဇ) ဆိုင်ရာနိုက်ဖျော်ရည်များ ယိုစိမ့်ခြင်း၊ဖိတ်စင်ခြင်း၊ရှိမရှိ သိရှိနိုင်ရန်အတွက် လုပ်ကွက် အတွင်းမှ စီးထွက်သွားသော လျှိုနှင့် နန့်အော့ချောင်း ဆုံရာနေရာ၏ အောက်တွင် ရေနမူနာ ရယူ၍ (၆)တစ်ကြိမ် ဓါတ်ခွဲခန်းသို့ စစ်ဆေးသွားပါမည်၊

(ဈ) အနည်ထိုင်ကန်မှ သဲစာများအား ထုံးများထည့်၍ ဆိုင်ရာနိုက်ဓါတ်ပါဝင်မှု လျော့ချ ပြီးမှ သဲစာစုပုံမည့် နေရာ (Tailing Pond)သို့ပို့၍ စုပုံသွားပါမည်။

ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အကျဉ်းချုပ်

၂၄။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ယမ်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းများအား ညွှန်ကြားချက်ပါအတိုင်း တိ ကျစွာလိုက်နာသွားပါမည်၊

(ခ) လုပ်ငန်းခွင်သို့ မသက်ဆိုင်သူများ ဝင်ရောက်နှိုင်ခြင်းမရှိစေရန်၊ ခြံစည်းရိုးကာရံခြင်း အန္တရာယ်ရှိသည်၊ မဝင်ရ၊ ဟူသော ဆိုင်းဘုတ်များ ချိတ်ဆွဲထားပါမည်၊

(ဂ) မိုင်းဖောက်ခွဲမည့် အချိန်တွင် လုပ်သားအားလုံး ဘေးလွတ်ရာ လှိုဏ်ခေါင်းပြင်ပ နေ ရာတွင် စုဝေးနေစေခြင်း၊ လူအရေအတွက် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်းများဆောင် ရွက်ပါမည်၊

(ဃ) ဆိုင်ရာနိုက် ဖျော်ရည်များ ဖိတ်စင်မှု၊ ယိုစိမ့်မှုမရှိစေရန် အနီးကပ် ကြီးကြပ်ကွပ်ကဲ သွားပါမည်၊

(င) ပြဒါးသယ်ယူခြင်း၊သိုလှောင်ခြင်း၊ သုံးစွဲခြင်းတို့အား ညွှန်ကြားချက်ပါအတိုင်း တိကျ စွာ လိုက်နာဆောင်ရွက်သွားပါမည်၊

(စ) မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်အားရေးဆွဲပြီး ၎င်းအတိုင်းတိကျစွာ လိုက်နာ ဆောင်ရွက်သွားပါမည်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အား စီမံချက်ပါအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားပါမည်၊

(ဇ) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် အသေးစိပ်အား EMP အစီရင်ခံစာတွင် သက်ဆိုင်ရာအခန်းအလိုက် အသေးစိပ်ဖော်ပြထားပါသည်။

<u>စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် အကျဉ်းချုပ်</u>

၂၅။ စီမံကိန်းမန်နေဂျာဦးစီးသော အဖွဲ့ဝင်(၅)ဦးပါဝင်သည့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့အား ဖွဲ့စည်း၍ ရံပုံငွေ ကျပ် ၂၅သိန်း လျာထားပြီး အောက်ပါတို့အား ဆောင်ရွက်သွားပါမည်-

(က) လေထုအရည်အသွေးအား (၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးခြင်း၊

(ခ) လုပ်ငန်းသုံးစွန့်ပစ်ရေနမှုနှာ ကောက်ယူပြီး PH နှင့် Base Metal Impurities များပါဝင်မှုအား (၆)လတစ်ကြိမ် I.S.O လက်မှတ်ရ ခါတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်ခြင်း၊

(ဂ) မြေအရည်အသွေး စွန့်ပစ်သဲစာ၊ စွန့်ပစ်မြေစာပုံ၊ အနည်ထိုင်ကန် စက်ရုံထွက်အခိုးအငွေ့တို့အား (၆)လ တစ်ကြိမ် တိုင်းတာ စစ်ဆေးသွားပါမည်၊

(ဃ) ဆိုင်ရာနိုက် ယိုစိမ့်မှုရှိ မရှိအား သတ်မှတ်ထားသော နေရာများတွင် တိုင်းတာစစ်ဆေးသွားပါမည်၊

(င) ကျေးရွာသောက်သုံးရေ အရည်အသွေးစစ်ဆေးခြင်းအား (၆)လတစ်ကြိမ် စစ်ဆေးသွားပါမည်၊

(စ) လုပ်ငန်းသုံးရေ အရည်အသွေးအား (၆)လတစ်ကြိမ် စစ်ဆေးသွားပါမည်၊

(ဆ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စွန့်ပစ်မှုအား တစ်ပတ် တစ်ကြိမ် စစ်ဆေးသွားပါမည်၊

(ဇ) မီးဘေးအန္တရာယ်ကာကွယ်ရေး နေ့စဉ် စစ်ဆေးသွားပါမည်၊

(စျ) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအား (၃)လတစ်ကြိမ် စစ်ဆေးသွားပါမည်၊

(ည) ဂေဟစနစ်စောင့်ကြပ်ကြည့်ရှုခြင်းအား တစ်လ တစ်ကြိမ် ဆောင်ရွက်သွားပါမည်၊

(ဋ) လူမှုစီးပွား ဖြစ်ထွန်းမှု အပေါ်ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုခြင်းအား (၆)လတစ်ကြိမ် ဆောင်ရွက်သွားပါမည်၊

(ဌ) ပတ်ဝန်းကျင် ပြန်လည်ပြင်ဆင်ခြင်းအား (၆)လ တစ်ကြိမ် စစ်ဆေးသွားပါမည်။

<u>မိုင်းပိတ်သိမ်းခြင်းအစီစဉ် အကျဉ်းချုပ်</u>

၂၆။ သတ္တုတွင်းအပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်အား မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၁၈၆(ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အောက်ပါဇယားအတိုင်းဆောင်ရွက်သွားပါမည်-

စဉ်	အကြောင်းအရာ	အချိန်ကာလ	မှတ်ချက်
၁	လှိုဏ်ခေါင်းပြန်လည်ဖြည့်ဖို့ပိတ်သိမ်းခြင်း	ပိတ်သိမ်းခွင့်အမိန့်ရသည့် မှ(၆)လအတွင်း	လုပ်ငန်းအားလုံး တစ်ချိန်တည်း ဆောင်ရွက်သွား ပါမည်။
၂	မလိုအပ်သောစက်ပစ္စည်းကရိယာများ ဖြုတ်သိမ်းရွှေ့ပြောင်းခြင်း	အမိန့်ရသည်မှ(၃)လ အတွင်း	
၃	မလိုအပ်တော့သော အဆောက်အဦးများ ဖျက်သိမ်းခြင်း	အမိန့်ရသည်မှ(၃)လ အတွင်း	
၄	တူးဖော်ထားသောကျင်း/ချိုင့်များ မြေဖို့ ပြုပြင်ခြင်း	အမိန့်ရသည်မှ(၁၂)လ အတွင်း	
၅	စက်ရုံဖျက်သိမ်းခြင်း	အမိန့်ရသည်မှ(၆)လ အတွင်း	
၆	ဘေးကာကျောက်၊ ကြောကျောက်စုပုံ နေရာများ**Tailing Pond**များမြေဖို့ပြု ပြင်ခြင်း	လှိုဏ်ခေါင်းမြေဖို့ပြုပြင် ပြီးချိန်မှစ၍(၃)လအတွင်း	
၇	နောက်ဆုံးကျန်ရှိသော လူနေတဲများ ရုံးအဆောက်အဦးများ နောက်ဆုံးအ ဆင့် မြေပြင်ညှိ၍ ပြုပြင်ခြင်း ဖျက် သိမ်း၊ ရွှေ့ပြောင်းခြင်း	လှိုဏ်ခေါင်းပြန်ဖို့ခြင်း၊မြေ ပြုပြင်ပြီးချိန်မှစ၍(၃)လ အတွင်း	
၈	စီမံကိန်းနေရာ ရှင်းလင်းသန့်ရှင်းရေး ပြုလုပ်ခြင်း	သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းပြီးနောက်(၂)လ အတွင်း	
၉	သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း	စီမံကိန်းဧရိယာအား မြေ ဖို့ရှင်းလင်းပြုပြင်ပြီးနောက် စိုက်ပျိုးရာသီ(၂)ရာသီ အတွင်း	သစ်ပင်စိုက်ပျိုးခြင်း သည်မိုးရာသီတွင် သာစိုက်ပျိုးနိုင်၍ မိုင်းပိတ်သိမ်းခြင်း သည်နွေရာသီတွင် ပြီးပါကမိုးရာသီ ရောက်သည်အထိ စောင့်ဆိုင်းရပါမည်။
၁၀	စောင့်ကြပ်ကြည့်ရှုခြင်း	မိုင်းပိတ်သိမ်းပြီး(၅)နှစ်ထိ	

၂၇။ ကတိကဝတ်များအား ပူးတွဲဖော်ပြအပ်ပါသည်-

<u>အစီရင်ခံစာပြုစုသူ၏ ကတိဝန်ခံချက်</u>

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ဒီဇင်ဘာလ(၂၄)ရက်

ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ဗန်းမောက်မြို့နယ် နန့်မားကျေးရွာအုပ်စု၊ မြေဧရိယာ(၁၈.၆)ဧကစီ ကျယ်ဝန်းသော **(SBM-329)** နှင့် **(SBM-330)** လုပ်ကွက်၌ ရွှေသတ္တု အသေးစားထုတ်လုပ်ခြင်း ဒုတိယအကြိမ် သက်တမ်းတိုးရန် ခွင့်ပြုပြိန့် လျှောက်ထားခဲ့ပါသည်။

အဆိုပါ အသေးစား ဒုတိယအကြိမ် သက်တမ်းတိုးလျှောက်ထားသည့် လုပ်ကွက်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်အလက်များသည် လုပ်ကွက်အတွင်း လက်တွေ့ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ထားခြင်း မှန်ကန်ပါသည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (ဂု.၁၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၉(ဂျ၉/၂၀၁၇)ဖြင့် ထုတ်ပြန်ထားသော သတ္တုကဏ္ဍဆိုင်ရာ စီမံကိန်းများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ အချက်အလက်များအတိုင်း ရေးသားဖော်ပြပါကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)အပိုဒ် ၆၃(ဇ)ပါအတိုင်း လိုက်နာပြုစုထားပါကြောင်း ဝန်ခံကတိပြုပါသည်။

ဘူမိဗေဒပညာရှင်အမည် - ဦးကျော်ဝင်း
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် - ၆/မအရ (နိုင်) ဝ၄၅၉၉၅
ရာထူး - ဘူမိဗေဒအရာရှိ (ဒု) (ငြိမ်း)
နေရပ်လိပ်စာ - ၃၀၅/၃၊ အောင်ဇေယျအိမ်ရာ၊ (၂၆)ရပ်ကွက်၊ တ/ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်းနံပါတ် - ၀၉ ၄၂၅၀၃၃၁၃၇

အစီရင်ခံစာတင်ပြသူ၏ ကတိဝန်ခံချက်

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၂၄)ရက်

ရွှေလက်ဝဲသုန္ဒရာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ဗန်းမောက်မြို့နယ် နန့်မားကျေးရွာအုပ်စု၊ မြေဇရိယာ(၁၈.၆)ဧကစီ ကျယ်ဝန်းသော **(SBM-329)** နှင့် **(SBM-330)** လုပ်ကွက်၌ ရွှေသတ္တု အသေးစားထုတ်လုပ်ခြင်း ဒုတိယအကြိမ် သက်တမ်းတိုးရန် ခွင့်ပြုမိန့် လျှောက်ထားခဲ့ပါသည်။

အဆိုပါ အသေးစား ဒုတိယအကြိမ် သက်တမ်းတိုးလျှောက်ထားသည့် လုပ်ကွက်အတွက်ရေး ဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါရှိသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် ဆောင် ရွက်မည့်အစီအစဉ်များသည် တိကျခိုင်မာပြည့်စုံကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကိုပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာ၍ ရေးဆွဲထားပါကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ကတိကဝတ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးနည်းလမ်းနှင့် လုပ်ငန်း စဉ်များကို တိကျစွာလိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

(အောင်ထူး)

အုပ်ချုပ်မှုဒါရိုက်တာ

ရွှေလက်ဝဲသုန္ဒရာကုမ္ပဏီလီမိတက်

၂၈။ သတ္တုတူးဖော်ခြင်းလုပ်ငန်းကြောင့်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအား ကွင်းဆင်းလေ့လာခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ရေးဆွဲတင်ပြ အစီရင်ခံအပ်ပါသည်။

အခန်း(၂)
နိဒါန်း

၁။ ရွှေလက်ဝဲသုန္ဒရ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နန့်မားကျေးရွာအုပ်စု၊ နန့်အော့ကျေးရွာအနီး ကုက္ကိုတောင်ကြောတွင်ရှိသော ရွှေအသေးစားလုပ်ကွက် (SBM-329)နှင့်(SBM-330) တို့တွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအား လုပ်ကိုင်ရန်ခွင့်ပြုမိန့် ရရှိပြီးဖြစ်ပါသည်၊ (SBM-329)နှင့်(SBM-330) တို့မှာတစ်ဆက်တစ်စပ်တည်းဖြစ်ပါသည်၊ (SBM-329) မှာ(၁၈. ၆၀)ဧက(၀. ၀၇၅၃ စတုရန်းကီလိုမီတာ) နှင့် (SBM-330) မှာ (၁၈. ၆၀)ဧက (၀. ၀၇၅၃ စတုရန်းကီလိုမီတာ) ဖြစ်ပါသည်၊ လုပ်ကွက်နှစ်ကွက်ပေါင်း ဧရိယာမှာ (၃၇. ၂)ဧက (၀. ၀၁၅၆ စတုရန်းကီလိုမီတာ) ဖြစ်ပါသည်။ (SBM-329) ၏တည်နေရာမှာ မြန်မာပြည် တစ်လက်မတစ်မိုင်စကေး ရွက်ရေအမှတ် 83-P/13 မြေပုံညွှန်း A (471744) 95˚ 51'42.70"E24˚ 50'31.80"N,B(471739)95˚ 51'42.06"E24˚ 50'16.97"N, C(473739)95˚ 51'48.56"E 24˚ 50'16.83"N, D(473743)95˚ 51'49.20"E 24˚ 50'28.71"N, E(472743)95˚ 51'45.96"E 24˚ 50'28.72"N, F(472744)95˚ 51'45.95"E 24˚ 50'31.7"N ဖြစ်ပါသည်၊ (SBM330)၏တည်နေရာမှာ A-(470739)95˚ 51'38.80"E24˚ 50'17.0"N, B(473739)95˚ 51'48.56"E 24˚ 50'16.83"N, C-(473736)95˚ 51'48.77"E24˚ 50'7.91"N, D(470736) 95˚ 51'39.04"E 24˚ 50'8.11"N ဖြစ်ပါသည်။

ပထမအကြိမ်သက်တမ်းတိုးခွင့်ပြုမိန့်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ (၂. ၁၂. ၁၅) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၁/၂၀၁၄(သက်တမ်းတိုး)ဖြင့် (၁၇. ၁၂. ၁၅)ရက်နေ့တွင် (SBM-329)အတွက်၎င်း၊ (၂. ၁၂. ၁၅) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၂/၂၀၁၄(သက်တမ်းတိုး)ဖြင့် (၁၇. ၁၂. ၁၅)ရက်နေ့တွင် (SBM-330)အတွက်၎င်း၊ သက်တမ်းတိုး ခွင့်ပြုမိန့် ရရှိခဲ့ပါသည်၊ ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများ လျော့နည်းသက်သာစေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာရေးဆွဲ တင်ပြရခြင်း ဖြစ်ပါသည်။

အခန်း(၃)

ရည်ရွယ်ချက်

၂။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ထုတ်လုပ်ရန်၊

(ခ) ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး လူနေမှုဘဝ မြင့်မားတိုးတက်စေရန်၊

(ဂ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကဏ္ဍကြီး(၄)ရပ် တိုးတက်စေရန်၊

(ဃ) ကုမ္ပဏီလိမိတက်မှ ရွှေသတ္တုအသေးစား တူးဖော်ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ကုမ္ပဏီအတွက်လည်း အကျိုးရှိစေရန်အတွင်၎င်း ဒေသခံပြည်သူများလည်း အကျိုးရှိစေရန်အတွက်၎င်း၊ မြေပေါ်မြေအောက် သယံဇာတများ၊ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ၊ ထိခိုက်ပျက်စီးမှုအနည်းဆုံးနည်းလမ်းများဖြင့် ထိန်းသိမ်းကာကွယ်၍ ဆောင်ရွက်သွားပြီး လုပ်ငန်းပြီးဆုံးပါက ပြန်လည်စိုက်ပျိုးနိုင်သော စိုက်ပျိုးမြေများ အခြေအနေထိရောက်ရှိအောင် ဆောင်ရွက်သွားရန်၊

(င) စီမံကိန်းဧရိယာအတွင်း လာရောက်လုပ်ကိုင်ကြသူများ၏ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစွာဖြင့် လုပ်ကိုင်နိုင်စေရန်၊

အခန်း(၄)

စီမံကိန်းအကြောင်းအရာဖော်ပြချက်

စီမံကိန်း၏တည်နေရာ

၃။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နန့်မားကျေးရွာအုပ်စုတွင် ရှိပြီး (SBM-329)မှာတစ်လက်မတစ်မိုင်စကေးမြေပုံညွှန်းအမှတ်83-P/13 A-(471744)95˚ 51'42.70"E 24˚ 50'31.80"N, B-(471739)95˚ 51'42.06"E24˚ 50'16.97"N, C-(473739)95˚ 51'48.56"E24˚ 50' 16.83"N, D-(473743)95˚ 51'49.20"E 24˚ 50'28.71"N, E-(472743) 95˚ 51'45.96"E 24˚ 50' 28.72"N, F-(472744)95˚ 51'45.95"E 24˚ 50'31.7"N ဖြစ်ပါသည်။

(SBM-330)၏တည်နေရာမှာA-(470739)95˚ 51'38.80"E24˚ 50'17.0"N, B-(473739)95˚ 51' 48.56"E 24˚ 50'16.83"N , C- (473736) 95˚ 51'48.77"E 24˚ 50'7.91"N, D-(470736)95˚ 51' 39.04"E24˚ 50'8.11"N ဖြစ်ပါသည်။ သစ်တောကြိုးဝိုင်းမြေဖြစ်ပါသည်။ လုပ်ကွက်နှင့် ကိုက်(၃၀၀၀) အတွင်း စိုက်ပျိုးမြေနှင့် လယ်ယာမြေများမရှိပါ။ စီမံကိန်းအဆိုပြုသူမှာ ဦးအောင်ထူး (အုပ်ချုပ်မှုဒါရိုက်တာ) မိုင်တိုင်အမှတ်(၄၃/၃)၊ အင်းတော်/ဗန်းမောက်လမ်း၊ ဗန်းမောက်မြို့ (၀၉-၉၇၅၅၅၆၉၁၁)နှင့် အီးမေးလ် aunghtootcl2017@gmail.com စီမံကိန်းမန်နေဂျာမှာ ဦးမင်းဇင်ထူး (၀၉-၂၅၉၈၇၃၆၂) လိပ်စာမှာ အဆိုပြုသူနှင့် အတူတူဖြစ်သည်၊ အီးမေးလ်အသုံးမပြုပါ။ ဖက်စ်မရှိပါ။

စီမံကိန်းမြေနေရာအကျယ်အဝန်း

၄။ (SBM-329)နှင့်(SBM-330) တို့မှာ တစ်ဆက်တစ်စပ်တည်းဖြစ်ပါသည်၊ (SBM-329) မှာ (၁၈. ၆၀)ကေ (၀. ၀၇၅၃စတုရန်းကီလိုမီတာ)နှင့်(SBM-330) မှာ (၁၈. ၆၀)ကေ (၀. ၀၇၅၃စတုရန်းကီလိုမီ

တာ)ဖြစ်ပါသည်။ လုပ်ကွက်နှစ်ကွက်ပေါင်း ဧရိယာမှာ (၃၇. ၂)ဧက (၀. ၁၅၀၆ စတုရန်းကီလိုမီတာ)ဖြစ်ပါသည်၊ စီမံကိန်းဧရိယာအားလုံးတွင် ရွှေသတ္တုသိုက်မရှိပါ၊ (၁၀)ဧကခန့်တွင်သာ ရွှေသတ္တုသိုက်ရှိပါသည်၊ ၎င်းဧရိယာကိုသာ လုပ်ငန်းခွင်ဧရိယာအဖြစ်သတ်မှတ်ထားပြီး ကျန်(၂၇. ၂)ဧရိယာအတွင်း လူနေအဆောက်အဦးများ ဂိုဒေါင်များ ရွှေသတ္တုထုတ်လုပ်မည့် စက်ရုံ၊မီးစက်၊ လေပေးစက်များ တည်ထောင်သွားပါမည်။ (Layout Plan) အား ပူးတွဲ (၆)ဖော်ပြထားပါသည်။

စီမံကိန်းကာလ

၅။ အသေးစားရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၂-၁၂-၂၀၁၅) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၁/၂၀၁၄ (သက်တမ်းတိုး)ဖြင့် ရွှေသတ္တုလုပ်ကွက် (SBM - 329) အား (၁၇-၁၂-၂၀၁၅) မှ (၁၆-၁၂-၂၀၁၆) ထိ ပထမအကြိမ်သက်တမ်းတိုး (၁) နှစ်နှင့် (၂-၁၂-၂၀၁၅) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ဝ၂၉၂/၂၀၁၄ (သက်တမ်းတိုး) ဖြင့် ရွှေသတ္တု လုပ်ကွက် (SBM - 330) ကို (၁၇-၁၂-၂၀၁၅) မှ (၁၆-၁၂-၂၀၁၆) ရက်နေ့ထိ ပထမ အကြိမ်သက်တမ်းတိုး (၁) နှစ်တို့ကို ရရှိခဲ့ပြီးဖြစ်ပါသည်။ယခုတစ်ကြိမ်လျှောက်ထားခြင်း သည် လုပ်ကွက် (၂) ခုစလုံး၏ ဒုတိယအကြိမ် သက်တမ်းတိုးအတွက် ဖြစ်ပါသည်။

အဆောက်အဦးအရေအတွက်

၆။ အဆောက်အဦး အရေအတွက် စုစုပေါင်း(၁၅)လုံးဖြစ်ပါသည်။

(က) ၂၀'×၂၀'×၁၂' သွပ်မိုးထရံကာရုံး အဆောက်အဦး (လူနေခန်းတွဲလျှက်) (၁)လုံး

(ခ) ၃၀'×၂၀'×၁၂' သွပ်မိုးထရံကာ ဝန်ထမ်းတန်းလျား (၂)လုံး

(ဂ) ၁၅'×၁၀'×၁၂' သွပ်မိုးသွပ်ကာ မီးစက်ရုံ (၁)လုံး

(ဃ) ၁၅'×၁၀'×၁၂' သွပ်မိုးသွပ်ကာ လေပေးစက်ရုံ (၁)လုံး

(င) ၃၀'×၂၀'×၁၂' သွပ်မိုးထရံကာ စားဖိုဆောင် (၁)လုံး

(စ) ၆'×၆'×၁၀' သွပ်မိုးဂိတ်ကင်းတဲ (၁)လုံး

(ဆ) ၃၀'×၂၀'×၁၂' သွပ်မိုးသွပ်ကာ စတို (၁)လုံး

(ဇ) ၆'×၆'×၆' ယင်လုံအိမ်သာ (၃)လုံး

(ဈ) ၂၀'×၂၀'×၁၀' အရွယ်မြေကြီးအတွင်း တူးထားသော ကျင်းအတွင်းရှိ
၁၅'×၁၅'×၁၀' သွပ်မိုးပြင်ကာ ယမ်းတိုက် (၁)လုံး

(ည) ၂၀'×၂၀'×၁၀' အရွယ် မြေကြီးအတွင်းတူးထားသော ကျင်းအတွင်းရှိ
၁၅'×၁၅'×၁၀' သွပ်မိုးပြင်ကာ၊ဆိုင်ရာနိုက်နှင့်ပြဒါး သိုလှောင်ရုံ (၁)လုံး

(ဋ) ၁၀'×၁၀'×၁၀' သွပ်မိုးထရံကာ ယမ်းတိုက်နှင့်ဆိုင်ရာနိုက်အစောင့်တဲ (၁)လုံး

(ဌ) ၃၀'×၃၀'×၂၀' သွပ်မိုး ကွန်ဂရစ်ခင်း စက်ရုံ (၁)လုံး

(ဍ) တည်ဆောက်မည့်နေရာမှာ လုပ်ငန်းခွင်နှင့်ကင်းလွတ်သော တောင်စောင်းတွင်ဆောက်လုပ်သွားပါမည်။

<u>မြေအောက်ရေနှင့်အကွာအဝေး</u>

၇။ လက်နှိပ်တုံကင် ရေတွင်းတူးဖော်မှုအရ မိုးရာသီတွင် ပေ(၃၀)မှ(၃၅)ပေ အနက်တွင် မြေအောက်ရေရရှိပြီး ပွင့်လင်းရာသီတွင် (၄၀)ပေမှ (၅၀)ပေအနက်တွင် မြေအောက်ရေ ရရှိပါသည်။

<u>သုံးစွဲမည့် ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ</u>

၈။ **CIC**နည်းစဉ်ဖြင့် ရွှေကြမ်းထုတ်ယူခြင်းအား တစ်လလျှင် တစ်ကြိမ်သာပြုလုပ်မည်ဖြစ်၍ တစ်နှစ်စာအတွက် အောက်ပါအတိုင်း တွက်ချက်ထားခြင်း ဖြစ်ပါသည်-

(က) ပြဒါး ၂၀ ကီလိုဂရမ်

(ခ) ဆိုင်ယာနိုက် ၁၀၀၀ ကီလိုဂရမ်

(ဂ) ထုံး ၅၀၀၀ ကီလိုဂရမ်

(ဃ) ယမ်းနှင့်ဆက်စပ်ပစ္စည်း ၂၀၀၀ ကီလိုဂရမ်

(င) ကာဗွန် ၅၀ ကီလိုဂရမ်

(စ) မြေအောက် လှိုဏ်ခေါင်းတူးရာတွင် **JACK HAMMER** သုံးမည်ဖြစ်ပြီး လွန်သွားမပူစေ

ရန် ရေလိုအပ်ပါသည်၊ တစ်နေ့လျှင် ၁၀၀ ဂါလံခန့် လိုအပ်ပါမည်၊ သို့သော် လှိုဏ်ခေါင်းမှ စိမ့်ထွက်သော ရေအား **RECYCLE** လုပ်၍ သုံးမည်ဖြစ်၍ဝင်း၊ အခြား **WATER SOURCE** မှ ရယူခြင်း မဟုတ်သောကြောင့် ဝင်းရေဂါလံ (၁၀၀)ခန့် ဟူ၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(စ) ပြဒါးနှင့် ဆိုင်ရာနိုက်တို့အား မူလ ထုတ်ပိုးထားသည့်အပြင် ထပ်မံ၍ ခိုင်ခံ့အောင် ဆောင်ရွက်ပြီး သီးသန့်ကုန်တင် မော်တော်ယာဉ်ဖြင့် သယ်ယူပါမည်၊ လုပ်ကွက်ဇရိယာအတွင်း လုပ်သားများနှင့် လွတ်ကင်းသော နေရာ 24˚ 50'29.7"N 95˚ 51'45.5'E တွင် ၂၀'×၂၀'×၁၀' အရွယ်မြေကျင်း တူး၍ ဝင်းအတွင်း ဆောက်လုပ်ထားသော ၁၅'×၁၅'×၁၀' သွပ်မိုးပြင်ကာ အဆောက်အဦးတွင် စနစ်တကျထားရှိသွားပါမည်။

(ဆ) ယမ်းနှင့် ဆက်စပ်ပစ္စည်း များအား အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ဆက်သွယ်၍ဝင်းတို့ ညွှန်ကြားသည့်အတိုင်း ဝယ်ယူခြင်း၊ သယ်ယူခြင်းများ ဆောင်ရွက်ပါမည်။ လုပ်ကွက်ဇရိယာ အတွင်းတွင်လျှို့ချောက်မြေပုံညွှန်း (၄၅၂၇၄၃၃)နေရာတွင် ၂၀'×၂၀'×၁၀' အရွယ်မြေကျင်းတူး၍ ဝင်းအတွင်း ဆောက်လုပ်ထားသော ၁၅'×၁၅'×၁၀' သွပ်မိုးပြင်ကာ အဆောက်အဦးတွင် ထားရှိသိုလှောင်ထားပါမည်။ ယမ်းတိုက်အတွက် သီးခြားအဆောင့် ထားရှိသွားပါမည်။

(ဇ) ယမ်းအသုံးပြုရာတွင် တစ်ကြိမ်လျှင်(၂)ကီလိုဂရမ်ခန့် အသုံးပြုပြီး တစ်နေ့လျှင် (၃)ကြိမ်အသုံးပြုပါမည်။

စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု

၉။ အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်သွားပါမည်-

အကြိုတည်ဆောက်ခြင်း → စမ်းသပ်တိုင်းတာခြင်းကာလ

မြေတိုင်းခြင်း၊ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ သတ္တုသိုက်တန်ချိန်ပမာဏ တွက်ချက်ခြင်း၊ ဘူမိဗေဒဆိုင်ရာအစီရင်ခံစာများ ရေးသားတင်ပြခြင်း (ဆောင်ရွက်ပြီးဖြစ်ပါသည်)

တည်ဆောက်ခြင်းကာလ	→	သတ္တုတွင်းလုပ်ငန်းထူထောင်ခြင်း လမ်းများပြုပြင်ခြင်း၊ ဖောက်လုပ်ခြင်း၊ ရုံးနှင့် ဝန်ထမ်းအိမ်ယာများဆောက်လုပ်ခြင်း၊ Dumping Site များ ရွေးချယ်ခြင်း (ဆောင်ရွက်ပြီးဖြစ်ပါသည်)
လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းကာလ	→	တူးဖော်ထုတ်လုပ်ခြင်းကာလ Underground Mining Method ဖြင့် တူးဖော် ထုတ်လုပ်ခြင်း၊ စုပုံခြင်း၊ သယ်ယူပို့ဆောင်ခြင်း ကြိတ်ခွဲခြင်း၊ ပြဒါးဖြင့်ရွှေထုတ်ယူခြင်း၊ ဆိုင်ယာနိုက်နည်းစဉ်ဖြင့် ရွှေထုတ်လုပ်ခြင်း၊
ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းကာလ	→	သတ္တုတွင်းပိတ်သိမ်းခြင်းကာလ တူးဖော်ထားသော လို့ဏ်ခေါင်းအား စွန့်ပစ်မြေစာများ/ ဘေးကာကျောက်များ ဖြည့်သွင်းပိတ်သိမ်းခြင်း၊ လမ်းများအားပြုပြင်မြေဖို့ခြင်း၊ တူးဖော်ပြီးချိုင့်များမြေဖို့ခြင်း၊ TopSoilများဖြည့်တင်းခြင်းပတ်ဝန်းကျင်ဆိုင်ရာအား သန့်ရှင်းရေးပြုပြင်ဆောင်ရွက်ခြင်း၊ သစ်တောဦးစီးဌာန၏ သတ်မှတ်သစ်ပင်များ ပြန်လည် စိုက်ပျိုးခြင်း (ဆောင်ရွက်မည့်အချိန်ကာလ (၁) နှစ်)
ပိတ်သိမ်းပြီးကာလ	→	စောင့်ကြည့်ပြုပြင်ရေးကာလ မြေပေါ်မြေအောက် ရေအရည်အသွေးအား မြေအရည်အသွေးအားစောင့်ကြည့်စမ်းသပ်ခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များအား စောင့်ကြည့် ပြုပြင်ခြင်း (ဆောင်ရွက်မည့်အချိန်ကာလ (၅) နှစ်)

၁၀။ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရာတွင် စီမံကိန်းဖော်ဆောင်မည့်ကုမ္ပဏီ အနေဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုများ၊ သစ်တောဦးစီးဌာန၏ ဦးဆောင်မှုများအား စနစ်တကျ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁။ **လုပ်ကွက်သည် ပင်ရင်းသတ္တုလိုက် (Primary Deposit) ဖြစ်သည့်အတွက် အောက်ပါ အတိုင်းအဆင့်ဆင့် ဆောင်ရွက်ပါသည်-**

(က) လုပ်ကွက်သည် အသစ်လျှောက်ထားခြင်းမဟုတ်ဘဲ သက်တမ်းတိုးလျှောက်ထားခြင်းဖြစ်၍ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းကာလ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ပါသည်။

(ခ) မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြု၍ အကျယ် ၆'၊ အမြင့် ၆' ရှိသော လိုဏ်ခေါင်း ကို Breaker gun နှင့် Air compressor gun ကို အသုံးပြု၍ ရေပြင်ညီ အတိုင်း တူးဖော်ပါသည်။ လက်ရှိတွင် လှိုဏ်ခေါင်းအလျား (၄၀၀)မီတာ သို့ ရောက်ရှိပြီးဖြစ်ပါသည်။

(ဂ) ထွက်ရှိလာသော ဘေးကာကျောက်များနှင့် မြေစာများအား မြေစာတင်လှည်းပေါ်သို့တင်၍ ရထားသံလမ်း အတိုင်း (winch) စက်သီးဖြင့် အပေါ်သို့တင်ပြီးသတ်မှတ်ထားသောမြေစာပုံနေရာတွင် စနစ်တကျစုပုံထားပါသည်။

(ဃ) ဘေးကာကျောက်များအား နောင်တချိန် ပိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန်အတွက် လှိုဏ်ခေါင်းအဝနှင့် မိတာ(၂၀၀)ဝေးသောနေရာ မြေပုံညွှန်း (470739)95·51'39.4"E24·50'16.0"N တွင် စနစ်တကျစုပုံထားပါသည်။

တစ်နှစ်လျှင် ဘေးကာကျောက်နှင့် Ore တန်(၂၀၀၀)ခန့်သာ ထုတ်လုပ်ရန် လျာထားပါသည်။ ရှေ့သတ္တုပါဝင်သော Ore မှာ တန်(၅၀၀)ခန့် ရှိပါမည်။

သို့အတွက် ဘေးကာကျောက်မှာ တန်(၁၅၀၀)ခန့် ရှိပါမည်။ ၎င်း တန်(၁၅၀၀)ခန့် အနက် လှိုဏ်ခေါင်းတူးစဉ် ခိုင်ခံ့မှုရှိစေရန် ဟာနေသောနေရာများအား Packing လုပ်ရာတွင် တန်(၁၀၀၀)ခန့် ပြန်သုံးရပါမည်၊ သို့အတွက် စုပုံဂန် ဘေးကာကျောက် မှာ တန်(၅၀၀)ခန့်သာ ရှိပါမည်၊ ၎င်းတန်(၅၀၀)အတွက် ၁၀မိတာပတ်လည် ထု (၁.၆)မိတာ ရှိသော ကျောက်ပုံအား ၄၅ဒီဂရီစောင်း၍ စုပုံသွားမည်ဖြစ်သော ကြောင့် ကျောက်ပုံ ပြိုကျမှုမရှိနိုင်ပါ။

(c) ရွှေသတ္တုပါဝင်သော သလင်းကျော(QUARTZ VEIN) အား လှိုဏ်ခေါင်း အဝနှင့် မိတာ (၂၀၀) ဝေးသော မြေပုံအည္ဆန်း 83P/13 (471740)95·51'42.6"E24·50'18.72"N နေရာတွင် ပထမ စုပုံထားပါသည်၊ ၎င်းနောက် စက်ရုံနေရာသို့ သယ်ယူ၍ (၂)လက်မအရွယ် ရရှိစေရန်ကြိတ်ခွဲ သွားပါမည်။ ရေဖြန်း၍ အစိုကြိတ် ကြိတ်ခွဲမည်ဖြစ်သောကြောင့် ဖုန်မှုန့်ထွက်ရှိမှု နည်းပါးပါမည်၊ ပတ်ဝန်းကျင်သည် အမြဲစိမ်းသစ်တော ဖြစ်သော ကြောင့် ဖုန်မှုန့်ပျံ့လွင့်နိုင်မှု နည်းပါးသည့်အတွက် ပတ်ဝန်းကျင်လေထု အရည်အသွေးအပေါ် ထိခိုက်မှု နည်းပါးပါမည်။

(စ) ကြိတ်ခွဲပြီး (၂) လက်မအရွယ် သတ္တုရိုင်းများအား (Two wheel Roler) နှင့် (pupverizer) များဖြင့် (-150# မှ -200#) Mesh ရရှိအောင် အစိုကြိတ်ကြိတ်ခြင်း၊

(ဆ) အစိုကြိတ်ကြိတ်စဉ် -200#Mesh80% ဇကာအရွယ်အစား မျှော်ခံထားပါသည်၊ မျှောပေါ်တင်ကျန်နေသော ရွှေသတ္တုပါဝင်သည့် မျှောစာများအား အင်ဝိုင်းလှည့်ကန်သို့ ပို့ဆောင်စေကာ အင်ဝိုင်းလှည့်ပါသည်။ အင်ဝိုင်းလှည့်၍ ရရှိလာသော မှုံ (Concentrate) များအား ပွတ်သပ်စက်(သို့) Rod Mill ဖြင့် မွေကာ ပြဒါးဖြင့် ရွှေဖမ်း ယူရရှိပါသည်။

(ဇ) ပြဒါးဖြင့် ဖမ်းယူရရှိသော ရွှေအား Retort အသုံးပြု၍ ရွှေနှင့်ပြဒါးအား ခွဲထုတ်ပါမည်၊ ဤသို့ Retort အသုံးပြုခြင်းအားဖြင့် ပြဒါးများ အငွေ့ပျံ၍ ပတ်ဝန်းကျင်သို့ ပျံ့လွင့်ခြင်းမရှိစေရန် ကာကွယ်ပြီးဖြစ်ပါသည်။ ထုတ်လုပ်ပုံ အဆင့်ဆင့်အား ပူးတွဲ (၈)ဖြင့် ဖော်ပြထားပါသည်။

(ဈ) မျောလောင်းခြင်းပြုလုပ်ရာမှ မျောပေါ်မှကျော်ကျလာသော သဲမြေစာများအား အနည် ထိုင်ကန်သို့ ပို့ပြီး ရေနှင့် သဲမြေစာများအား ခွဲထုတ်ပါမည်၊ ခွဲထုတ်ပြီးရေအား စက်ရုံ သို့ပို့၍ ပြန်လည်သုံးစွဲသွားပါမည်။ သဲမြေစာများအား **CIC(Carbon In Column) Cyanidation နည်းစဉ်ဖြင့် ရွှေထုတ်ယူသွားပါမည်။ လုပ်ငန်းစဉ်အဆင့်ဆင့်မှာ–**

(၁) ရေစိမ့်ယိုမှုမရှိစေရန် ကွန်ဂရစ်ဖြင့် ဆောက်လုပ်ထားသည့် စိမ်ကန်အတွင်းသို့ သဲစာများထည့်ပါမည်။

(၂) စိမ်ကန်အတွင်းရှိ သဲစာများအား ထုံးနှင့် ရေတို့ဖြင့် သမအောင်ရောပြီးမွှေပေးပါမည်၊ ^{PH} 10 မှ 12 ထိရအောင်ဆောင်ရွက်သွားပါမည်၊ ကြာချိန်မှာ ၂၄နာရီဖြစ်ပါသည်။

(၃) ^{PH} 10 မှ 12 ကြား ငြိမ်သွားလျှင် ဆေးအပြင်းအား ဝ.၁ရာခိုင်နှုန်း(ရေဂါလံ ၁၀၀လျှင် ဆိုင်ရာနိုက် ၁ပေါင်ထည့်လျှင်) ရှိသော ဆိုင်ရာနိုက်ဖျော်ရည်ထည့်ပြီး ၇၂နာရီကြာအောင်စိမ်ထားပါမည်၊ ၎င်းကာလအတွင်း ဆေးပြင်းအားကို ၃နာရီလျှင် တစ်ကြိမ်တိုင်းတာ သွားပါမည်။ ဆေးပြင်းအားလျော့သွားလျှင် ဆိုင်ရာနိုက်ထပ်မံထည့်၍ သတ်မှတ်ဆေးပြင်းအား ရအောင်ဆောင်ရွက် သွားပါမည်။

(၄) ၇၂နာရီပြည့်ပြီးသွားပါက ရွှေများပျော်ဝင်နေသော ရွှေဆောင်ဖျော်ရည် (Pregnant Solution) အား (Activated Carbon) (အုံးသီးခွံဖြင့် ပြုလုပ်ထားပါသည်) ထည့်ထားသော Column အတွင်းဖြတ်စီးစေပါမည်၊ ၎င်းColumn မှထွက်လာသော ရွှေမပါတော့သည့် ဆိုင်ရာနိုက်ဖျော်ရည် (Barren Solution) အား စိမ်ကန်ထက် တစ်ဆင့်နိမ့်မြင့်ပြု လုပ်ထားသော ဖျော်ရည်စုကန်အတွင်း စုဆောင်းသွားပါမည်၊ ဆေးပြင်းအားတိုင်း ပါမည်၊

သတ်မှတ်ထားသော ဆေးပြင်းအား ဝ.၁ရာခိုင်နှုန်းရအောင် ဆိုင်ရာနိုက်ထည့်ပါမည်၊ ၎င်းဖျော်ရည်အား စိမ်ကန်သို့ပြန်ပို့ပါမည်၊ ဤသို့ အကြိမ်ကြိမ်ဆောင်ရွက်ခြင်းဖြင့် ၄၈နာရီ ကြာပါမည်။

(၅) ကာဗွန်ဖြင့် ရွှေဖမ်းယူခြင်းအား ၄၈နာရီထက်မနည်း ဆောင်ရွက်ပြီးနောက် ၎င်းရွှေဆောင် ကာဗွန်အားယူ၍ ခြောက်သွေ့အောင် ဆောင်ရွက်သွားပါမည်။

(၆) စိမ်ကန်အတွင်းရှိ ရွှေထုတ်ယူပြီးသော သဲစာများအား ဖျော်ရည်စစ်သည်အထိ ထားပါမည်၊ ထို့နောက် ၎င်းသဲစာများအား သဲစာ စွန့်ပစ်ကန် Tailing Pond သို့ ပို့ပါမည်။

(၇) ရွှေဖမ်းယူပြီးသော ဆိုင်ရာနိုက်ဖျော်ရည်အား ပြန်လည်အသုံးပြုရမည်ဖြစ်သောကြောင့် ဖိတ်စင်ခြင်း လျော့နည်းပျောက်ဆုံးခြင်း မရှိစေရေးအတွက် စနစ်တကျစီစဉ်သွားပါမည်။

(၈) ရွှေဖမ်းယူထားသော ကာဗွန်များ ခြောက်သွေ့သွားမည်ဆိုပါက မီးသွေးလှော်သည့် ကြိယာတွင်ထည့်၍ အပူပေးခြင်းဖြင့် ရွှေပါသောပြာများရရှိပါမည်၊ ၎င်းပြာများအား လုံထိုးခြင်းဖြင့် ရွှေကြမ်းအား ထုတ်ယူပါမည်။

(၉) ရွှေသတ္တုပါဝင်သော Ore တစ်နှစ်လျှင် တန်၅၀၀ခန့်သာ ရရှိမည်ဖြစ်၍ တစ်လလျှင် ပျမ်းမျှ တန်၄၀ခန့်သာ ရှိပါမည်၊ Cyanidation Process ဖြင့် ရွှေကြမ်းထုတ်ယူရာတွင် တစ်လလျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် တန်၄၀ခန့်သာရှိမည်ဖြစ်ပါသည်သို့အတွက် တစ်ကြိမ်လျှင် ကာဗွန် ၂ကီလို သာသုံးရပါမည်။ ၎င်းကာဗွန်အား တစ်နာရီခန့်သာ အပူပေးရန်လိုပါသည်၊ အခိုးအငွေ့ အနည်းငယ်ထွက်ပါမည်၊ ထွက်ပေါ်လာမည့် အခိုးအငွေ့သည် သာမန် မီးဖိုမှ ထမင်းဟင်းချက်သည့် အခိုးအငွေ့ ခန့်သာရှိပါမည်၊ ထို့အပြင် ကာဗွန်လှော်သော လှော်ပုံးသည် လေအားသုံးရသော ကရိယာဖြစ်သောကြောင့် အခိုးအငွေ့သည် လေထုထဲတွင်ပျံနှံ့သွားပါမည်။

ကာဗွန်လော်သောအဆင့်သည် ရွှေကြမ်းထုတ်ယူသော အရေးအကြီးဆုံးအဆင့် ဖြစ်သောကြောင့် လုံခြုံရေးအရ ကြီးကြပ်သူမန်နေဂျာနှင့် ကျွမ်းကျင်လုပ်သား ၂ဦး သာရှိပါမည်၊ စက်ရုံရှိ လုံခြုံသော သီးသန့်နေရာတွင်သာ ရွှေလော်ပါမည် ဤလုပ်ငန်းဆောင်ရွက်သူ ၃ဦးအား PPE ဝတ်စုံများ စနစ်တကျ ဝတ်ဆင်စေပါမည်၊ မသက်ဆိုင်သောသူများ လာရောက်ခွင့်မရှိပါ။ စီမံကိန်းဧရိယာသည် တောထူသောနေရာ ဖြစ်သောကြောင့် ထွက်ရှိလာသော အခိုးအငွေ့များ၏ သက်ရောက်မှုသည် လုပ်သားများထံ ရောက်ရှိရန် အခွင့်အရေးနည်းပါးပါသည်၊ ပတ်ဝန်းကျင်သို့လည်း သက်ရောက်မှုမရှိနိုင်ပါ။

(ည) Cyanidation Process ဖြင့် ရွှေကြမ်းထုတ်ယူရာမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများမှာ သဲစာများ ဖြစ်ပါသည်၊ ဆိုင်ရာနိုက်ဖျော်ရည်မှာ စွန့်ပစ်ခြင်းမပြုပဲ အကြိမ်ကြိမ် ပြန်သုံးမည်ဖြစ်သောကြောင်းလည်းကောင်း၊ ဆိုင်ရာနိုက်သည် တန်ဖိုးကြီးပစ္စည်း ဖြစ်သောလည်းကောင်း၊ လျော့နည်းဖိတ်စင်ခြင်း၊ အငွေ့ပျံခြင်းမရှိရအောင် စနစ်တကျ ထိန်းသိမ်းသွားပါမည်။

(ဋ) ရွှေထုတ်ယူပြီးနောက် စိမ်ကန်အတွင်းမှ သဲစာများအား Tailing Pond နေရာ မြေပုံညွှန်း (471743) 95° 51'43.3"E24° 50'28.9"N တွင် စနစ်တကျစုပုံသွားပါမည်။ Tailing Pond နေရာသည် အနက်၆မေပ၊ ပေ၂၀၀ပတ်လည်ရှိပြီး ၁၀ဒီဂရီစောင်းထားသော ကျင်းဖြစ်ပါသည်။ ၎င်းကျင်း၏ အောက်ခံမြေသားအား မာကျောသွားအောင် ဖိသိပ်ထားပါမည်၊ မြေကျင်းတူးရာမှထွက်လာသော မြေသားများအား မြေကျင်းပတ်လည်တွင် မြေဘောင်ပြုလုပ်ပြီး ပြင်ပမှ ရေများစီးဝင်နိုင်ခြင်းမရှိစေရန် စီစဉ်ပါမည်၊ အောက်ခံမြေသားနှင့် ဘေးဘောင်များပေါ်တွင် ပလပ်စတစ်အစများ ခင်းထားခြင်းဖြင့် ရေစိမ့်ဝင်မှုမရှိအောင် စီစဉ်ထားပါမည်။ မြေကျင်းအား တဖက်စောင်းထားသောကြောင့် ကျန်နေသော အရည်များ အနိမ့်ဆုံးနေရာတွင် သွားစုနေပါမည်၊ ၎င်းအရည်များအား စက်ရုံရှိစိမ်ကန်သို့ ပြန်ပို့ပြီး ပြန်လည်သုံးစွဲသွားပါမည်၊ စွန့်ပစ်သဲစာများအား ထုံး/ထုံးကျောက်များ ထည့်ခြင်းဖြင့် ဆိုင်ရာနိုက်ဓါတ် ပျက်ပြယ်သွားအောင် ဆောင်ရွက်သွားပါမည်။ ဤသဲစာ

များအား မိုင်းပိတ်သိမ်းချိန်တွင် တူးထားသော လှိုဏ်ခေါင်းအတွင်းပြန်လည် ထည့်သွင်း ပိတ်သိမ်းသွားပါမည်။

ထွက်ချက်မှုအရ Tailing Pond မှာအနက်၆ပေ၊ ပေ၂၀၀ပတ်လည်ရှိသောကြောင့် သဲစာ (၂၁၅၅) တန်ခန့် ဝင်ဆန့်ပါမည်၊ ယခုစွန့်ပစ်မြေသဲစာမှာ တန်၅၀၀သာရှိမည်ဖြစ်သောကြောင့်၎င်း၊ တန်၅၀၀အား စုပုံလျှင် အလျားဒဝမီတာ၊အနံဒဝမီတာ ထုဒ.၆မီတာသာ ရှိမည်ဖြစ်သောကြောင့် သဲစာများပြုကျခြင်း Tailing Pond ပြင်ပသို့ ထွက်ရှိခြင်းမရှိနိုင်ပါ။

(၄) ရွှေဖမ်းယူသည့် ကာဗွန်မှာ တစ်ကြိမ်လျှင် ၂ကီလိုဂရမ်ခန့်သာ ရှိပါမည်၊ ကာဗွန်အား အပူပေးစဉ် အခိုးအငွေ့အနည်းငယ် ထွက်ပါမည်၊ သို့သော် ကာဗွန်အပူပေးသည့် နေရာသည် စက်ရုံရှိ သီးသန့်နေရာဖြစ်ပြီး လုပ်သားတဲများနှင့် အလှမ်းကွာဝေးပါသည်၊ ၎င်းအပြင် ကာဗွန်လှော်စဉ် တာဝန်ရှိသူမှအပ လုပ်သားများ ဝင်ရောက်ခွင့်မရှိသောကြောင့်၎င်း၊ စီမံကိန်းဇရိယာသည် တောတောင်ထူထပ်သော နေရာတွင် ရှိသောကြောင့်၎င်း၊ လုပ်သားဝန်ထမ်းများအား ထိခိုက်မှုမရှိနိုင်ပါ။

<u>အသုံးပြုမည့် စက်ယန္တရား အင်အား</u>

၁၂။ အသုံးပြုမည့် စက်ယန္တရား အင်အားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	Air Compressor	(1)	Nos
(၂)	Jack Hammer	(2)	Sets
(၃)	Breaker GUN	(2)	Sets
(၄)	Pulverizer	(2)	Nos
(၅)	Two Wheel Rooler	(1)	No
(၆)	မီးပေးစက်ကြီး	(1)	No
(၇)	မီးပေးစက်ငယ်	(2)	Nos
(၈)	ရေစုပ်စက်	(2)	Nos
(၉)	လုပ်ငန်းသုံး (Truck)	(3)	Nos
(၁၀)	အုပ်ချုပ်မှုမော်တော်ယာဉ်	(1)	No
(၁၁)	မြေကော်စက်(ဘက်ဟိုး)	(1)	No

အသုံးပြုမည့်လုပ်သားအရေအတွက်

၁၃။ အသုံးပြုမည့်လုပ်သားအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲတမ်းဝန်ထမ်း	(၆)ဦး
(ခ) တစ်ဆိုင်း (၈)နာရီ အလုပ်သမား	(၁၆)ဦး (ဒေသခံ) နေ့စားအလုပ်သမား
(ဂ) လုံခြုံရေးဝန်ထမ်း	(၄)ဦး (ဒေသခံ) နေ့စားအလုပ်သမား
(ဃ) ထမင်းချက်	(၂)ဦး (ဒေသခံ) နေ့စားအလုပ်သမား
စုစုပေါင်း	(၂၈)ဦး

တစ်ရက်အလုပ်လုပ်ချိန်

၁၄။ တစ်ရက်လျှင် (၈)နာရီ (စနေ၊ တနင်္ဂနွေနှင့် တရားဝင်ရုံးပိတ်ရက်များမှအပ)

(က) ဝဂုဒဝမှ ၁၂ဒဝထိ အလုပ်ချိန်

(ခ) ၁၂ဒဝမှ ၁၃ဒဝထိ ထမင်းစားချိန်

(ဂ) ၁၃ဒဝမှ ၁၆ဒဝထိ အလုပ်ချိန်

ထုတ်လုပ်မည့်ထုတ်ကုန်နှင့်ထွက်ရှိမှု

၁၅။ ထုတ်ကုန်ထွက်ရှိမှုမှာ တစ်ရက်တစ်ဆိုင်း (ဘေးကာကျောက်+Ore) (၆)တန် ဖြစ်ပြီး တစ်နှစ်လျှင် (၂ဝဝဝ)တန်ခန့် ထွက်ရှိပါမည်။ ရွှေသတ္တုပါဝင်သော Ore မှာ တန်(၅ဝဝ)ခန့် ဖြစ်ပါသည်၊ ပျမ်းမျှ ရွှေပါဝင်နှုန်းမှာ (၅.၂)PPM ဖြစ်သောကြောင့် ရွှေကြမ်း (၂.၆ ကီလိုဂရမ်)ခန့် ထွက်ရှိနိုင်ပါသည်။

တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်

၁၆။ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Jack Hammer ထိုးရာတွင် ကျောက်မှုန့် မထွက်ရန်နှင့် လွန်သွားမပူစေရန်အတွက် လုပ်ငန်းသုံးရေ တစ်ရက်(၁၀၀)ဂါလံခန့်သာ အသုံးပြုရသဖြင့် တစ်နှစ်အတွက် လုပ်ငန်းသုံးရေ လိုအပ်ချက်မှာ (၃၆၀၀၀)ဂါလံ မှ (၄၀၀၀၀)ဂါလံ အထိသာ လိုအပ်မည်ဖြစ်ပါသည်။ သုံးစွဲမည့်ရေ အရင်းအမြစ်မှာ လှိုဏ်ဂူအတွင်း စိမ့်ထွက်နေသောရေအား စုဆောင်းပြီး လုပ်ငန်းသုံးရေအဖြစ် အသုံးပြုပါသည်၊ ၎င်းရေအား စွန့်ပစ်မည်မဟုတ်ပဲ လှိုဏ်ခေါင်းအတွင်းရှိ နိမ့်သောနေရာတွင် အနည်ထိုင်စေပြီး အကြည်ခံ၍ ရေကြည်အား Jack Hammer ထိုးရာတွင် ပြန်လည် အသုံးပြုသွားပါမည်။ ပိုလျှံသောရေအား လှိုဏ်ခေါင်းအတွင်း ရှိ နိမ့်သောနေရာတွင် ရေစုကန်ပြုလုပ်၍ စုဆောင်းထားရှိပြီး စက်ရုံ သုံးရေအဖြစ် အသုံးပြုသွားပါမည်။

၁၇။ ရွှေသတ္တု ပါဝင်သော သတ္တုကြော(QUARTZ VEIN) သို့ရောက်ရှိသည့်အခါတွင် ၎င်းကျောက်ကြောအားထုတ်၍ စက်ရုံ သို့ပို့ပြီး ရွှေကြမ်းထုတ်လုပ်သွားပါမည်၊ ရွှေထုတ်လုပ်သည့် စက်ရုံသည် နေ့စဉ်လည်ပတ်နိုင်မည်မဟုတ်ပဲ တစ်လ လျှင်တစ်ကြိမ်ခန့်သာ လည်ပတ်နိုင်မည်ဖြစ်ပါသည်၊ ရေလိုအပ်ချက်မှာ တစ်ကြိမ်လျှင် ဂါလံ (၅၀၀)ခန့်သာ လိုအပ် ပါမည်၊ စက်ရုံသုံးရေနှင့် လုပ်သားများသုံးရေတို့အတွက် လုပ်ကွက်အတွင်းရှိ စိမ့်ရေထွက်ရှိနေသော လျှိုချောက် (၂)နေရာတွင် မြေသားတမံပြုလုပ်၍ ရေစုဆောင်းသွားပါမည်၊ မြေသားတမံ ပြုလုပ်မည့် နေရာမှာ မြေပုံအညွှန်း ဧရိယာ/၁၃ (၄၅၀၀၅၃၈)95° 51'39.1"E24° 50'14.0"N နှင့် (၄၅၁၀၆၄၀)95° 51'51.30"E24° 50'15s.1"Nနေရာတို့ ဖြစ်ပါသည်၊ မြေသားတမံ အလျားမှာ ၁၀၀ပေနှင့် အမြင့် ၆ပေ ထု ၁၀ပေ ရှိပါမည်။ တမံတွင် ရေလျှံပေါက် တပ်ဆင်ထားပြီး ပိုနေသော ရေများ လျှိုချောက်အတွင်း ဆက်လက် စီးဆင်းသွားစေပါမည်။

ကြိတ်ခွဲသည်မှစ၍ ရွှေကြမ်းထုတ်ယူသည့် Shaking Table တွင် Gravity Seperation ဖြင့် ခွဲထုတ်သည်အထိ တဆက်တည်း လုပ်ကိုင်သွားရမည်ဖြစ်၍ သီးခြားမျောလောင်းခြင်း ဆောင်ရွက်ရန် မလိုအပ်ပါသောကြောင့် မျောလောင်းရာတွင် အသုံးပြုမည့် ရေသည် လုပ်ငန်းသုံးရေ ဂါလံ(၅၀၀)တွင် ပါဝင်ပြီး ဖြစ်ပါသည်။

တစ်နှစ်အတွက် လျှောင်စာဆီလိုအပ်ချက်

၁၈။ အောက်ပါစက်များအား အသုံးပြုမည်ဖြစ်၍ တစ်ရက်လျှင် ဂါလံ(၃၀)ခန့်ကုန်ကျပါမည်။တစ်နှစ်အတွက် စက်သုံးဆီ လိုအပ်ချက်မှာ ဂါလံ(၉၀၀၀)ခန့်ဖြစ်ပါသည်-

(က)	မီးစက်	(၁)လုံး
(ခ)	လေပေးစက်မောင်းအင်ဂျင်	(၁)လုံး
(ဂ)	Jack Hammer နှင့်တွဲသုံးမည့်အင်ဂျင်	(၁)လုံး
(ဃ)	လုပ်ငန်းသုံးမော်တော်ယာဉ်	(၁)စီး
(c)	မြေကော်စက် (ဘက်ဟိုး)	(၁)စီး

ၵင်းစက်သုံးဆီများအား စက်ရုံအနီးရှိ နိမ့်သောနေရာ95'51'43.1"E24'50'24.1"N တွင် ပေ(၁၀၀)ပတ်လည် မြေသြှ်၍ (၆)ပေ အမြင့်ရှိသော မြေသား ဘန်ကာပြုလုပ်၍ သိုလှောင်သိမ်းဆည်းထားပါမည်၊ မီးဘေးလုံခြုံရေး စီမံချက်ပါ အတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ

၁၉။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) လှိုဏ်ခေါင်းတူးဖော်ရာမှ ထွက်ရှိလာသော ဘေးကာကျောက် (Host Rock) များအား လှိုဏ်ခေါင်းခိုင်ခန့်စေရန်အတွက် ကျောက်ဖြည့်သွင်းခြင်းတွင်လည်းကောင်း၊ စက်ရုံအတွက် မြေသြှ်ခြင်း၊ နှင့် လမ်းခင်းခြင်းများတွင်လည်းကောင်း အသုံးပြုသွားပါမည်။ တစ်ရက်လျှင် ဘေးကာကျောက်နှင့် **ORE** ၆တန်နှုံးခန့်ဖြင့် တစ်နှစ်လျှင် တန်(၂၀၀၀)ခန့် ထွက်ပါမည်၊ ၵင်း မှ ရွှေသတ္တုပါဝင်သော **VEIN** မှာ ၂၅%မှ ၃၀%အထိခန့်သာ ဖြစ်သောကြောင့် သလင်းကြောကျောက် **VEIN** ၅၀၀တန်ခန့် နှင့် ဘေးကာကျောက် တန်၁၅၀၀ခန့် ရှိပါမည်၊ ၵင်းဘေးကာကျောက် တန်၁၅၀၀ခန့် အားလှိုဏ်ခေါင်းခိုင်ခဲ့စေရန်**PACKING** ပြုလုပ်ခြင်း၊ လမ်းခင်းခြင်း၊မြေသြှ်ခြင်း၊များတွင် သုံးစွဲမည်ဖြစ်သောကြောင့် တန်၅၀၀ခန့်သာ စွန့်ပစ်မြေစာပုံနေရာတွင် စနစ်တကျ စုပုံထားမည်ဖြစ်ပါသည်။

(ခ) ပိုလျှံနေသော ဘေးကာကျောက်များအား သတ်မှတ်ထားသောနေရာတွင် စနစ်တကျစုပုံထားပြီး မိုင်းပိတ်သိမ်းချိန်တွင် လှိုဏ်ခေါင်းအတွင်းသို့ ပြန်လည်ဖြည့်သွင်းသွားပါမည်။

(ဂ) ရွှေသတ္တုပါဝင်သော သလင်းကျောက်ကြောအား ကြိတ်ချေပြီးနောက် ဆိုင်ရာနိုက်နည်းစဉ်ဖြင့် ရွှေထုတ်ယူပြီး စွန့်ပစ်သဲစာ အား သတ်မှတ်နေရာတွင် စနစ်တကျစုပုံ ထားရှိပါမည်။ ၵင်းစွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းချိန်တွင် လှိုဏ်ခေါင်းအတွင်းသို့ ပြန်လည်ဖြည့်သွင်းသွားပါမည်။ **CIC**နည်းစဉ် အတွက် သလင်းကြော **VEIN** တန် ၅၀၀ခန့် ကြိတ်ခွဲအသုံးပြုမည်ဖြစ်သော ကြောင့် ရွှေကြမ်းထုတ်ယူပြီးနောက် ထွက်ရှိလာမည့် စွန့်ပစ်သဲစာမှာ တန်၅၀၀ခန့် ဖြစ်ပါမည်၊ သဲစာ ၃.၁တန်ခန့်မှာ ထုထည် ၁ကုဗမီတာခန့် ရှိပါမည်၊ သို့အတွက် အလျားx၁၀မီတာx အနံx၁၀မီတာxထူ ၁.၆မီတာခန့် သာရှိပါမည်၊

TAILING POND နေရာအား အနက်(၆)ပေ၊ (၂၀၀)ပေပတ်လည် ပြုပြင်ထားမည်ဖြစ်၍ ထွက်ရှိ စွန့်ပစ်သဲစာများ စုပုံရန် လုံလောက်သော ဧရိယာဖြစ်ပါသည်။

(ဃ) ပင်ရင်းရွှေသိုက်မှ ရွှေထုတ်ယူသော (Cyanidation Method) အား အသုံးပြု ရွှေထုတ်ယူခြင်းဖြစ်သောကြောင့် ရွှေထုတ်လုပ်မှုပြီးက ဆိုင်ရာနိုက်ဖျော်ဝင်နေသော ဖျော်ရည်နှင့် သဲစာများ ကျန်ရစ်ခဲ့ပါသည်၊ ချက်ကန်၏ အောက်ခြေတွင် တပ်ဆင်ထားသော ပိုက်မှ ဖျော်ရည်များအား စစ်ထုတ်ယူပြီး အရည်များစိမ့်ထွက် ယိုဖိတ်မှုမရှိစေရန် လုံခြုံခိုင်ခဲ့သော ဖျော်ရည်ကန်/ပုံးများတွင် သိုလှောင်ထားပါသည်၊ ၎င်းဖျော်ရည်အား အကြိမ်ကြိမ်ပြန်လည် အသုံးပြုပါသည်၊ စွန့်ပစ်ခြင်းမပြုပါ။ ဤသို့ အရည်အားစစ်ထုတ်ရာတွင် (၄၈)နာရီခန့် အချိန်ယူသဖြင့် သဲစာတွင် ဆိုင်ရာနိုက်ဖျော်ရည် မကျန်သလောက်ဖြစ်ပါသည်၊ ၎င်းနောက် သဲစာများအား ကွန်ဂရစ်အုတ်တိုဖြင့် ပြုလုပ်ထားသော အနည်ထိုင်ကန်သို့ ပို့ပါသည်။အနည်ထိုင်ကန်တွင်(၁)ပတ်ခန့်ထားရှိပြီး ဖျော်ရည်များကုန်သလောက် နီးနီးဖြစ်မှသာ ၎င်းသဲစာများအား(Tailing Pond) သို့ ပို့ပါသည်၊ အနည်ထိုင်ကန်တွင် ခွဲထုတ်ရရှိသော ဖျော်ရည်အားပြန်လည်အသုံးပြုပါသည်၊ သဲစာများအား(Tailing Pond) သို့ မပို့မီ မဖောက်ထုံးအား ထည့်၍ ဆိုင်ရာနိုက်ဓါတ်အား ပျက်ပြယ်အောင် ဆောင်ရွက်ပါသည်။

(င) ဆိုင်ရာနိုက်ဓါတ်သည် 28C ကျော်လွန်ပါက အငွေ့ပျံပြီး လေထဲသို့ ရောက်သွားပါသည်၊ လေထုနှင့် ထိတွေ့သည်နှင့် ဆိုင်ရာနိတ်အဖြစ် ပြောင်းလဲသွားပြီး လူနှင့် သက်ရှိသတ္တဝါများအား အန္တရာယ်မဖြစ်တော့ပါ။ သို့အတွက် (Tailing Pond) တွင် ထားရှိသော သဲစာများသည် ခြောက်သွေ့သွားပြီး ဆိုင်ရာနိတ်ဓါတ်ပျက်ပြယ် သွားပါသည်။

(စ) စီမံကိန်းတွင် **CIC** နည်းစဉ်ဖြင့် ရွှေထုတ်ယူသည့် အခါအသုံးပြုမည့် ရေပမာဏမှာ ဂါလံ (၂၀၀)ထက်မပိုနိုင်ပါ။ (Cyanidation Method) တွင်အသုံးပြုသော ဆေးပြင်း အားမှာ ၀.၀၈ရာခိုင်နှုန်း မှ ၀.၀၂ ရာခိုင်နှုန်းအကြားဖြစ်ပါသည်၊ ရွှေထုတ်ယူပြီးပါက ဆေးပြင်းအားသည် ၀.၀၂ရာခိုင်နှုန်း ထက်လျော့နည်းပါသည်၊ ၎င်းဖျော်ရည်အား အကြိမ်ကြိမ်ပြန်လည် အသုံးပြုပြီး အသုံးပြုရန် မလိုအပ်တော့ပါက မဖောက်ထုံးဖြင့် (Naturalize) ပြုလုပ်သွားပါမည်၊ အန္တရာယ်မရှိသောအဆင့် ဆိုင်ရာနိုက် ပမာဏ(၀.၀၀၂)

ရာခိုင်နှုန်းသို့ ရောက်ရှိစေသည်အထိ ဆောင်ရွက်ပါမည်၊ကျွှသို့ အန္တရာယ်မရှိသော အဆင့်သို့ ရောက်မှသာ(Tailing Pond) သို့ ပို့ပြီး မိုင်းပိတ်သိမ်းချိန်တွင် လှိုဏ်ခေါင်း အတွင်းပြန်လည် ပို့သွားပါမည်။လှိုဏ်ခေါင်းအတွင်း ပြန်ပို့မည် ပြုပြင်ပြီး ရေပမာဏမှာ ဂါလံ ၂၀၀ ထက်မပိုပါ၊

(ဆ) အသုံးပြုသော အင်ဂျင်စက်များအားလုံး အင်ဂျင်ဝိုင်၊ ဂီယာဝိုင် ပုံမှန်လဲပေးခြင်းဖြင့် မီးခိုး ထွက်ရှိမှုအား လျော့နည်းစေပါမည်။

(ဇ) စီမံကိန်းဧရိယာသည် သီးသန့်ဖြစ်ပြီး တောတောင်ထူထပ်သော နေရာတွင်ရှိပါသည်၊ အနီး ဆုံးရွာမှာ (ဂ)မိုင်ခန့် ကွာဝေးပါသည်၊ ရွာဆက်ကြပြီး လူနေကျပါးသည် စီမံကိန်းဧရိယာ သည် အရပ်သားများ လာရောက်လေ့မရှိသော နေရာဖြစ်ပါသည်၊ စီမံကိန်းကြောင့် လူမှု ပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးမည်ဖြစ်ပါသည်။

အခန်း(၅)

မြေပုံနှင့်ကားချပ်များ (Maps and Layout Plan)

၁။	လုပ်ကွက်တည်နေရာပြမြေပုံ တစ်လက်မ ၁မိုင်စကေးမြေပုံ	ပူးတွဲ- ၁
၂။	ရွှေအသေးစားလုပ်ကွက်နှင့်ဆက်စပ်တည်နေရာပြမြေပုံ	ပူးတွဲ- ၂
၃။	လုပ်ကွက်၏ ဇရိယာအကျယ်အဝန်းနှင့် ပုံသဏ္ဌာန်ပြမြေပုံ	ပူးတွဲ- ၃
၄။	လုပ်ကွက်၏တည်နေရာကို Google Map တွင် တွေ့ရပုံ	ပူးတွဲ- ၄
၅။	လုပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများအားGoogle Map တွင်တွေ့ရပုံ	ပူးတွဲ- ၅
၆။	Layout Plan	ပူးတွဲ- ၆
၇။	Mine Design	ပူးတွဲ- ၇
၈။	ရွှေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့် (FLOW SHEET)	ပူးတွဲ- ၈
၉။	လှိုဏ်ခေါင်းခိုင်ခဲ့စေရန် ကွန်ဂရစ်ဖြင့် ပြုလုပ်ထားသော Adit အဝ	ပူးတွဲ- ၉
၁၀။	မြေ၊ ရေ၊ လေ၊ ဆူညံသံ တိုင်းတာသည့် နေရာအမှတ်များပြမြေပုံ	ပူးတွဲ-၁၀
၁၁။	မြေ နမူနာယူသည့် နေရာ	ပူးတွဲ- ၁၀(က)
၁၂။	လေ နမူနာယူသည့် နေရာ	ပူးတွဲ- ၁၁
၁၃။	ရေ နမူနာယူသည့် နေရာ	ပူးတွဲ- ၁၂
၁၄။	မြေ၊ရေ၊လေ ဓါတ်ခွဲ အဖြေများ	ပူးတွဲ- ၁၃
၁၅။	သောက်သုံးရေ ထိခိုက်မှုရှိ/မရှိ စစ်ဆေးရန် ရေနမူနာယူသည့် နေရာ (၃)နေရာ	ပူးတွဲ- ၁၄
၁၆။	သောက်သုံးရေ ထိခိုက်မှုရှိ/မရှိ စစ်ဆေးရန် ရေနမူနာ ဓါတ်ခွဲအဖြေများ နှင့် နိုင်းယှဉ် ဖော်ပြချက်များ	ပူးတွဲ- ၁၅
၁၇။	ရပ်ရွာလူထုနှင့် ဆွေးနွေးပွဲ မှတ်တမ်း ဓါတ်ပုံများ	ပူးတွဲ- ၁၆
၁၈။	ပျိုးဥယာဉ်	ပူးတွဲ- ၁၇
၁၉။	ဗန်းမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထုတ်စာစောင်	ပူးတွဲ- ၁၈
၂၀။	မြို့နယ်သစ်တော ၁၈က စံကွက် (၃)ကွက်	ပူးတွဲ- ၁၉
၂၁။	သစ်တောသဘောထား	ပူးတွဲ- ၂၀
၂၂။	ကုမ္ပဏီ မှတ်ပုံတင် ၊ Form (6,26)	ပူးတွဲ- ၂၁
၂၃။	ဓါတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်	ပူးတွဲ- ၂၂
၂၄။	ရွှေအသေးစား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်လုပ်ငန်းသဘောတူစာချုပ်	ပူးတွဲ- ၂၃
၂၅။	အစီရင်ခံစာ ရေးသားသူ၏ ကိုယ်ရေးအချက်အလက်များ	ပူးတွဲ- ၂၄

အခန်း(၆)

စီမံကိန်းအဆိုပြုသူ၏ ကတိဝန်ခံချက်များ

ကတိကဝတ်များ (Committment)

၂၀။ **ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများ**

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် ထိုသက်ရောက်မှုများ လျော့နည်းစေရန် ဆောင်ရွက်မည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လျှောက်ထားသောလုပ်ငန်းခွင်မှာ ဘုရားကျောင်းကန် သာသနိကယဉ်ကျေးမှုအဆောက်အအုံများ၊ လူနေအိမ်ခြေများနှင့်ဝေးကွာသည့်နေရာတွင်ရှိပြီး လုပ်ကွက်အတွင်း ဝါးရုံပင်၊ ကိုင်းပင်၊ ချုံပင်၊ သစ်ပင်ကြီးအနည်းငယ်သာ ပေါက်ရောက်ပါသည်။ လုပ်ကွက်မှာလည်း (Primary Deposit) ပင်ရင်းသိုက်ဖြစ်သဖြင့် အပေါ်ယံမြေအား များစွာထိခိုက်ဖယ်ရှားမှုမရှိဘဲ ရာဂဏန်းအောက်အကျယ်တွင်သာ မြေအောက်တူးဖော်မှုပြုလုပ်ရန်အတွက် ရှင်းလင်းခုတ်ထွင်ရပါသည်။ လုပ်ငန်းမပိတ်သိမ်းမီနှင့် ပိတ်သိမ်းပြီးအချိန်များတွင် ပတ်ဝန်းကျင်ဂရေမြေသဘာဝနှင့် လိုက်လျောညီထွေသော၊ ရှင်သန်ဖွံ့ဖြိုးမည့်ပျိုးပင်များ၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားပါမည်။ အချို့နေရာများတွင် ပြန်လည်စိုက်ပျိုးထားပြီးဖြစ်ပါသည်။

(ခ) လုပ်ငန်းသဘောတရားအရ ယမ်းဘိလူးသုံးစွဲဖောက်ခွဲရသောလုပ်ငန်းဖြစ်သော်လည်း ယမ်းသုံးစွဲခြင်းကို ထိန်းချုပ်ကန့်သတ်ထားပါသည်။ (Breaker Gun) ကို အသုံးပြုခြင်းကို ပိုမိုလုပ်ကိုင်ကာ မဖြစ်နိုင်ဆုံးအခြေအနေရောက်မှသာ ယမ်းကို အနည်းငယ်သာအသုံးပြုသဖြင့် (ဂ) မိုင်ခန့်ဝေးသော နန်းအောကျေးရွာသို့ သက်ရောက်မှုမရှိနိုင်ပါ။

(ဂ) လှိုက်ခေါင်းတူးရာမှ ထွက်ရှိလာသော ဘေးကာကျောက်များအား လှိုက်ခေါင်းခိုင်ခန့်စေရန်အတွက် မြေဖို့သိပ်ခြင်း(Packing) ပြုလုပ်ရာတွင် ပြန်လည်အသုံးပြုပြီး ပိုနေသော ဘေးကာကျောက်များအား မြေစာရုံပုံမည့်နေရာတွင် စနစ်တကျစုပုံသွားပါမည်၊ ၎င်းကျောက်များအား သံလမ်းဖြင့် သယ်ယူမည်ဖြစ်သောကြောင့် ကျောက်မှုန့်များ ပျံ့လွင့်ခြင်းများစွာ မရှိနိုင်ပါ။ သို့အတွက် လေထုအား ထိခိုက်မှုရှိနိုင်မည်မဟုတ်ပါ။

(ဃ) ကတိကဝတ် အသေးစိတ်အား အောက်ပါအတိုင်း ဇယားဖြင့် ဖော်ပြထားပါသည်-

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ(အခန်း)	ရည်ညွှန်းချက်
ဘေးအန္တရာယ်ရှိပစ္စည်းများထားသိုခြင်းဆိုင်ရာခံဝန်ချက်	၁	ပြဒါးနှင့် ဆိုင်ရာနိုက်တို့အားလုပ်ကွက်ဇရိယာအတွင်းလုပ်သားများနှင့်လွတ်ကင်းသောနေရာ 24˚ 50'29.7"N 95˚ 51'45.5'E တွင် ၂၀'×၂၀'×၁၀' အရွယ်မြေကျင်းတူး၍ ၎င်းအတွင်းဆောက်လုပ်ထားသော၁၅'×၁၅'×၁၀' သွပ်မိုးပြင်ကာ အဆောက်အဦးတွင် စနစ်တကျထားရှိပါမည်၊	အခန်း(၄)	စာမျက်နှာ(၂၂)စာပိုဒ်၈(စ)
	၂	ယမ်းနှင့်ဆက်စပ်ပစ္စည်းများအားလုပ်ကွက်ဇရိယာအတွင်းရှိ လုပ်သားများနှင့်လွတ်ကင်းသောနေရာ 24˚ 50'29.7"N 95˚ 51'45.5'E တွင် မြေကျင်းတူး၍၎င်းအတွင်းဆောက်လုပ်ထားသော သွပ်မိုးပြင်ကာအဆောက်အဦးတွင်ထားရှိသိုလှောင်သွားပါမည်၊	အခန်း(၄)	စာမျက်နှာ(၂၂)စာပိုဒ်၈(ဆ)
	၃	စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ရာတွင် စီမံကိန်းဖော်ဆောင်မည့်ကုမ္ပဏီအနေဖြင့် နိုင်ငံတော်၏တည်ဆဲဥပဒေများ၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်လမ်းညွှန်မှုများ၊သစ်တောဦးစီးဌာန၏ဦးဆောင်မှုများအားစနစ်တကျလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။	အခန်း(၄)	စာမျက်နှာ(၂၄)စာပိုဒ်၁၀

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ(အခန်း)	ရည်ညွှန်းချက်
လှိုဏ်ခေါင်းတူးဖော်ရာမှ ထွက်ရှိလာသောဘေးကာကျောက်နှင့်ရွှေသတ္တုပါဝင်သောသလင်းကြောများအားစုပုံခြင်း၊	၄	ဘေးကာကျောက်များအားနောင်တစ်ချိန်ပိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန်အတွက် လှိုဏ်ခေါင်းအဝနှင့်မိတာ(၂၀၀)ဝေးသောနေရာမြေပုံညွှန်း (470739) 24° 50'16.0"N 95° 51' 39.4'E တွင်စနစ်တကျစုပုံသွားပါမည်။	အခန်း(၄)	စာမျက်နှာ(၂၄)စာပိုဒ် ၁၁(ဃ)
	၅	ရွှေသတ္တုပါဝင်သောသလင်းကြောအား လှိုဏ်ခေါင်းအဝ နှင့်မိတာ (၂၀၀)ဝေးသော နေရာမြေပုံညွှန်း (471740) 24° 50'18.72"N 95° 51' 42.6'E တွင် ပထမစုပုံသွားပါမည်။ ၎င်းနောက်စက်ရုံနေရာသို့သယ်ယူ၍ ၂လက်မ အရွယ်ရရှိစေရန် ကြိတ်ခွဲသွားပါမည်။	အခန်း(၄)	စာမျက်နှာ(၂၅)စာပိုဒ် ၁၁(ဇ)
	၆	ကြိတ်ခွဲပြီး (၂) လက်မအရွယ်သတ္တုရိုင်းများအား (Two wheel Roler) နှင့် (pupverizer) များဖြင့် (-150# မှ -200#) Meshရရှိအောင် အစိုကြိတ်ကြိတ်ခြင်း၊ အစိုကြိတ်ကြိတ်စဉ် -200#Mesh80% ဇကာအရွယ်အစား မျောခံထားပါသည်၊မျောပေါ်တင်ကျန်နေသောရွှေသတ္တုပါဝင်သည့်မျောစာများအား အင်ဝိုင်းလှည့်ကန်သို့ ပို့ဆောင်ခေကာ အင်ဝိုင်းလှည့်ပါသည်။အင်ဝိုင်းလှည့်၍ ရရှိလာသော မှုံ (Concentrate) များအား ပွတ်သပ်စက်(သို့) Rod Mill ဖြင့် မွေကာ ပြဒါးဖြင့် ရွှေဖမ်းယူရရှိပါသည်၊ပြဒါးဖြင့် ဖမ်းယူရရှိသောရွှေအား Retort အသုံးပြု၍ရွှေ	အခန်း(၄)	စာမျက်နှာ(၂၅၊၂၆) စာပိုဒ် ၁၁(စ၊ဆ၊ဇ)

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ (အခန်း)	ရည်ညွှန်းချက်
		နှင့် ပြဒါးအား ခွဲထုတ်ပါမည်၊ ဤသို့ Retort အသုံးပြုခြင်းအားဖြင့် ပြဒါးများ အငွေ့ပျံ၍ ပတ်ဝန်းကျင်သို့ ပျံ့လွင့်ခြင်းမရှိစေရန် ကာကွယ်ပြီးဖြစ်ပါသည်၊		
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ဆောင်ရွက်မည့်အချက်များ	၇	လှိုဏ်ခေါင်းတူးဖော်ရာမှထွက်ရှိလာသောဘေးကျောက်Host Rock များအားလှိုဏ်ခေါင်းခိုင်ခန့်စေရန်အတွက် ကျောက်ဖြည့်သွင်းခြင်း တွင်ငင်းအသုံးပြုသွားပါမည်၊ တစ်ရက်လျှင် ဘေးကာကျောက်နှင့် Ore ဒဏ်နှုန်းခန့်ဖြင့် တစ်နှစ်လျှင်တန်(၂၀၀၀)ခန့်ထွက်ပါမည်၊ငင်းမှရွှေသတ္တုပါဝင်သော VEINမှာ ၂၅ရာခိုင်နှုန်းမှ၃၀ရာခိုင်နှုန်းအထိခန့်သာ ဖြစ်သောကြောင့် သလင်းကြောကျောက် VEIN ၅၀၀တန်ခန့်နှင့် ဘေးကာကျောက်တန်၁၅၀၀ခန့်ရှိပါမည်၊ငင်းဘေးကာကျောက်တန်၁၅၀၀ခန့်အားလှိုဏ်ခေါင်းခိုင်ခံ့စေရန် Packing ပြုလုပ်ခြင်း၊လမ်းခင်းခြင်း၊ မြေညှိခြင်းများတွင်သုံးစွဲမည်ဖြစ်သောကြောင့် တန်၅၀၀ခန့်သာစွန့်ပစ်မြေစာပုံနေရာတွင် စနစ်တကျစုပုံထားမည်ဖြစ်ပါသည်။	အခန်း (၄)	စာမျက်နှာ (၃၂)စာပိုဒ် ၁၉(က)
	၈	ပိုလျှံနေသော ဘေးကာကျောက်များအားသတ်မှတ်ထားသောနေရာတွင်စနစ်တကျစုပုံထားပြီး မိုးပိတ်သိမ်းချိန်တွင် လှိုဏ်ခေါင်းအတွင်းသို့ ပြန်လည်ဖြည့်သွင်းသွားပါမည်။	အခန်း (၄)	စာမျက်နှာ (၃၂)စာပိုဒ် ၁၉(ခ)

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ(အခန်း)	ရည်ညွှန်းချက်
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ဆောင်ရွက်မည့်အချက်များ	၉	ရွှေသတ္တုပါဝင်သော သလင်းကျောက်ကြောအားကြိတ်ချေပြီးနောက် ဆိုင်ရာနိုက် နည်းစဉ်ဖြင့် ရွှေထုတ်ယူပြီး စွန့်ပစ်သဲစာ အားသတ်မှတ်နေရာတွင် စနစ်တကျစုပုံထားရှိပါမည်။ထင်းစွန့်ပစ်မြေစာ များအား မိုင်းပိတ်သိမ်းချိန်တွင် လှိုက်ဆေးအတွင်းသို့ပြန်လည်ဖြည့်သွင်း သွားပါမည်။CICနည်းစဉ်အတွက် သလင်းကြော VEINတန် ၅၀၀ခန့် ကြိတ်ခွဲ အသုံးပြုမည်ဖြစ်သော ကြောင့် ရွှေကြမ်းထုတ်ယူပြီးနောက် ထွက်ရှိလာမည့် စွန့်ပစ်သဲစာမှာ တန်၅၀၀ခန့် ဖြစ်ပါမည်၊သဲစာ ၃.၁တန်ခန့်မှာ ထုထည် ၁ကုဗမီတာခန့် ရှိပါမည်၊ သို့အတွက် အလျားဝ၀မီတာ× အနံ၁၀မီတာ ×ထု၁.၆မီတာခန့်သာရှိပါမည်၊ TAILING PONDနေရာအားအနက် (၆)ပေ (၂၀၀)ပေ ပတ်လည် ပြုပြင်ထားမည်ဖြစ်၍ ထွက်ရှိ စွန့်ပစ်သဲစာများ စုပုံရန် လုံလောက်သော ဧရိယာဖြစ်ပါသည်။	အခန်း(၄)	စာမျက်နှာ(၃၂)စာပိုဒ် ၁၉(ဂ)
	ဆ	ပင်ရင်းရွှေသိုက်မှ ရွှေထုတ်ယူသော (Cyanidation Method) အား အသုံးပြုရွှေထုတ်ယူခြင်းဖြစ်သောကြောင့် ရွှေထုတ်လုပ်မှုပြီးက ဆိုင်ရာနိုက်ပျော်ဝင်နေသော ဖျော်ရည်နှင့်	အခန်း(၄)	စာမျက်နှာ(၃၃)စာပိုဒ် ၁၉(ဃ)

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ(အခန်း)	ရည်ညွှန်းချက်
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ဆောင်ရွက်မည့်အချက်များ	ဆ	သဲစာများ ကျန်ရစ်ခဲ့ပါသည်၊ ချက်ကန်၏အောက်ခြေတွင် တပ်ဆင်ထားသော ပိုက်မှတဆင့် ရည်များအား စစ်ထုတ်ယူပြီး အရည်များစိမ့်ထွက်ယိုဖိတ်မှုမရှိစေရန် လုံခြုံခိုင်ခံ့သောဖျော်ရည်ကန်ပုံးများတွင် သိုလှောင်ထားပါသည်၊ ၎င်းဖျော်ရည်အား အကြိမ်ကြိမ်ပြန်လည်အသုံးပြုပါသည်၊ စွန့်ပစ်ခြင်းမပြုပါ၊ ဤသို့ အရည်အားစစ်ထုတ်ရာတွင် (၄၈)နာရီခန့် အချိန် ယူသဖြင့် သဲစာတွင် ဆိုင်ရာနိုက်ဖျော်ရည် မကျန်လောက်ဖြစ်ပါသည်၊ ၎င်းနောက် သဲစာများအားကွန်ဂရစ်အုတ်တို့ဖြင့် ပြုလုပ်ထားသော အနည်ထိုင်ကန်သို့ ပို့ပါသည်။ အနည်ထိုင်ကန်တွင်(၁)ပတ်ခန့်ထားရှိပြီး ဖျော်ရည်များကုန်သလောက် နီးနီးဖြစ်မှသာ ၎င်းသဲစာများအား(Tailing Pond) သို့ပို့ပါသည်၊ အနည်ထိုင်ကန်တွင် ခွဲထုတ်ရရှိသော ဖျော်ရည်အားပြန်လည်အသုံးပြုပါသည်၊ သဲစာများအား(Tailing Pond)သို့ မပို့မီ မဖောက်ထုံးအား ထည့်၍ ဆိုင်ရာနိုက်ဓါတ်အားပျက်ပြယ်အောင်ဆောင်ရွက်ပါသည်။	အခန်း(၄)	စာမျက်နှာ(၃၃)စာပိုဒ်၁၉(ဃ)

ကတိကဝတ်၏အတိုချုပ်အမည်	စဉ်	ကတိကဝတ်အားရှင်းလင်းဖော်ပြချက်	အစီရင်ခံစာပါ (အခန်း)	ရည်ညွှန်းချက်
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ဆောင်ရွက်မည့်အချက်များ	၁၂	ဆိုင်ရာနိုက်ခါတ်သည် 28C ကျော်လွန်ပါက အငွေ့ပျံပြီး လေထဲသို့ ရောက်သွားပါသည်၊ လေထုနှင့် ထိတွေ့သည်နှင့် ဆိုင်ရာနိုတ်အဖြစ် ပြောင်းလဲသွားပြီး လူနှင့် သက်ရှိသတ္တဝါများအား အန္တရာယ်မဖြစ်တော့ပါ။ သို့အတွက် (Tailing Pond) တွင် ထားရှိသော သဲစာများသည် ခြောက်သွေ့သွားပြီး ဆိုင်ရာနိုတ်ခါတ်ပျက်ပြယ် သွားပါသည်။	အခန်း (၄)	စာမျက်နှာ (၃၃)စာပိုဒ် ၁၉(ဇ)
	ဆ	စီမံကိန်းတွင် **CIC** နည်းစဉ်ဖြင့် ရွှေထုတ်ယူသည့် အခါအသုံးပြုမည့် ရေပမာဏမှာ ဂါလံ(၂၀၀)ထက် မပိုနိုင်ပါ၊(Cyanidation Method) တွင်အသုံးပြုသော ဆေးပြင်း အားမှာ ဝ.၀၈ရာခိုင်နှုန်း မှ ဝ.၀၂ ရာခိုင်နှုန်းအကြားဖြစ်ပါသည် ရွှေထုတ်ယူပြီးပါက ဆေးပြင်းအားသည် ဝ.၀၂ရာခိုင်နှုန်း ထက်လျော့နည်းပါသည် ၎င်းဖျော်ရည်အား အကြိမ်ကြိမ်ပြန်လည် အသုံးပြုပြီး အသုံးပြုရန် မလိုအပ်တော့ပါက မဖောက်ထုံးဖြင့် (Natualize) ပြုလုပ်သွားပါမည် အန္တရာယ်မရှိသောအဆင့် ဆိုင်ရာနိုက် ပမာဏ(၀.၀၀၂) ရာခိုင်နှုန်းသို့ ရောက်ရှိစေသည် အထိဆောင်ရွက်ပါမည်၊ကျဉ်သို့ အန္တရာယ်မရှိသော အဆင့်သို့ ရောက်မှသာ(Tailing Pond) သို့ ပို့ပြီး မိုင်းပိတ်သိမ်းဆိုန်တွင် လိုအပ်ခေါင်းအတွင်းပြန်လည်	အခန်း (၄)	စာမျက်နှာ (၃၃၊၃၄) စာပိုဒ် ၁၉(စ)

ကတိကဝတ် ၏အတိုချုပ် အမည်	စဉ်	ကတိကဝတ်အားရှင်းလင်း ဖော်ပြချက်	အစီရင် ခံစာပါ (အခန်း)	ရည်ညွှန်းချက်
		ပို့သွားပါမည်။လှိုက်ခေါင်းအတွင်း ပြန်ပို့မည် ပြုပြင်ပြီး ရေပမာဏမှာ ဂါလံ ၂၀၀ ထက်မပိုပါ။		
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ဆောင်ရွက်မည့် အချက်များ	ဃ	အသုံးပြုသော အင်ဂျင်စက်များအားလုံး အင်ဂျင်ထိုင်၊ ဂီယာဝိုင် ပုံမှန်လဲပေးခြင်းဖြင့် မီးခိုး ထွက်ရှိမှုအား လျော့နည်းစေပါမည်။	အခန်း (၄)	စာမျက်နှာ (၃၄)စာပိုဒ် ၁၉(ဆ)
	င	စီမံကိန်းဇရိယာသည် သီးသန့်ဖြစ်ပြီး တောတောင်ထူထပ်သော နေရာတွင်ရှိပါသည်၊ အနီး ဆုံးရွာမှာ (၇)မိုင်ခန့် ကွာဝေးပါသည်၊ ရွာဆက်ကြပြီး လူနေကျပါးသည် စီမံကိန်းဇရိယာ သည် အရပ်သားများ လာရောက်လေ့မရှိသော နေရာဖြစ်ပါသည်၊ စီမံကိန်းကြောင့် လူမှု ပတ်ဝန်း ကျင် ထိခိုက်မှုနည်းပါးမည်ဖြစ်ပါသည်။	အခန်း (၄)	စာမျက်နှာ (၃၄)စာပိုဒ် ၁၉(ဇ)
ဥပဒေမူဘောင်	၁၆	-အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅) -ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(၂၀၁၂)/ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၄) -ဥပဒေပုဒ်မ(၇)၊ပုဒ်မ(၁၀)၊ပုဒ်မ(၁၄)၊ပုဒ်မ(၁၅)၊ ပုဒ်မ(၂၀)၊ပုဒ်မ(၂၂)၊ပုဒ်မ(၂၈)၊ပုဒ်မ(၃၁)၊ပုဒ်မ(၃၁) -နည်းဥပဒေ ပုဒ်မ(၃၀)၊ ပုဒ်မ(၅၄)၊ ပုဒ်မ(၅၅)၊ ပုဒ်မ(၆၇)၊ပုဒ်မ(၆၈)၊ -ပတ်ဝန်းကျင်ထိခိုက်မှု စမ်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၅)	အခန်း (၇)	စာမျက်နှာ (၄၉)စာပိုဒ် ၂၃

ကတိကဝတ် ၏အတိုချုပ် အမည်	စဉ်	ကတိကဝတ်အားရှင်းလင်း ဖော်ပြချက်	အစီရင် ခံစာပါ (အခန်း)	ရည်ညွှန်းချက်
		-ပုဒ်မ(၄)၊ပုဒ်မ(၅)၊ပုဒ်မ(၇)၊ပုဒ်မ(၈)၊ပုဒ်မ(၁၃-က) ပုဒ်မ(၂၃-က)၊ ပုဒ်မ(၂၄)၊ပုဒ်မ (၂၅)၊ပုဒ်မ(၃၂) ပုဒ်မ(၃၄)၊ ပုဒ်မ(၄၅) ၊ပုဒ်မ(၄၈)၊ ပုဒ်မ(၅၀) ပုဒ်မ(၅၃)၊ ပုဒ်မ(၆၀)၊ ပုဒ်မ(၆၁)၊ ပုဒ်မ(၁၀၆) ပုဒ်မ(၁၀၇)၊ ပုဒ်မ(၁၀၉)၊ ပုဒ်မ(၁၂၆-က)၊		
ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်လူမှုရေးဆိုင်ရာစံ ချိန်စံညွှန်း	၁၇	-အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး ထုတ်လွှတ်မှုလမ်းညွှန်ချက်များအတိုင်း စွန့် ထုတ်အရည်အဆင့် သတ်မှတ်ချက်များ လေ ထုအရည်အသွေး၊ဆူညံသံ လှုပ်ရှားဆိုင်ရာလိုက် နာဆောင်ရွက်ရမည့် အချက်များ နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များ နိုင်ငံ တကာမူဝါဒများအား လိုက်နာဆောင်ရွက်သွား ပါမည်။	အခန်း (၈)	စာမျက်နှာ (၅၁မှ၅၄) စာပိုဒ်-(၂၄)
ထိခိုက်မှုများနှင့်လျော့ပါး စေရေးအစီအစဉ်	၁၈	ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများမှာအောက်ပါအ တိုင်းဖြစ်ပါသည်- -ဆူညံသံနှင့် တုန်ခါမှုများ -မြေပေါ်ရေအရည်အသွေးပေါ် ထိခိုက်နိုင်မှု -မြေအောက်ရေအရည်အသွေးပေါ်ထိခိုက်နိုင်မှု -လေထုအရည်အသွေးထိခိုက်နိုင်ခြင်း -စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း -ဂေဟစနစ်ထိခိုက်နိုင်မှု -လှုပ်ရှားပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများ	အခန်း (၁၀)	စာမျက်နှာ (၆၀မှ၈၀) စာပိုဒ်-(၂၆မှ ၃၃ထိ)

ကတိကဝတ် ၏အတိုချုပ် အမည်	စဉ်	ကတိကဝတ်အားရှင်းလင်း ဖော်ပြချက်	အစီရင် ခံစာပါ (အခန်း)	ရည်ညွှန်းချက်
		_ဖော်ပြပါထိခိုက်နိုင်မှုများအားလျော့ပါးစေရေးအ တွက်စနစ်တကျ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။		
စောင့်ကြပ်ကြည့်ရှုခြင်း ရှင်းလင်းချက်	၁၉	_ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင် ရွက်နိုင်ရန်စောင့်ကြပ်ကြည့်ရှုခြင်းအဖွဲ့ဖွဲ့စည်းပြီး စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ဇယားပါအတိုင်း စနစ်တကျဆောင်ရွက်သွားပါမည်။	အခန်း (၁၃)	စာမျက်နှာ (၁၀၀မှ၁၀၅) စာပိုဒ်–(၄၉) စာပိုဒ်ခွဲ– (ကမှဇအထိ)
ဒေသခံပြည်သူများ၏လူ မှုစီးပွားဆိုင်ရာဖွံ့ဖြိုးရေးလုပ် ငန်းများCSRဆောင်ရွက် ခြင်း၊	၂၀	_CSRလုပ်ငန်းအတွက်ရံပုံငွေကျပ်သိန်း၂၅၀လျာ ထားပြီးအကောင်အထည်ဖော်မည့်ဖွဲ့စည်းကာ သတ္တုတွင်းပိတ်သိမ်းပြီးနောက်၅နှစ်အထိဆောင် ရွက်သွားပါမည်။	အခန်း (၁၄)	စာမျက်နှာ (၁၀၇၊၁၀၈) စာပိုဒ်–(၅၂)
မိုင်းပိတ်သိမ်းခြင်း	၂၁	မိုင်းပိတ်သိမ်းခြင်းအား သတ္တုတွင်းနည်းဥပဒေ ၂၀၁၈၊ နည်းဥပဒေ(၁၈၆–ဃ)နှင့် (၁၈၆–ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် အညီလိုက်နာဆောင်ရွက် သွားပါမည်။	အခန်း (၁၅)	စာမျက်နှာ (၁၀၈မှ၁၁၄) စာပိုဒ်– (၅၃မှ၅၈ထိ)

(ဂ) ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေး ကုမ္ပဏီလိမိတက်သည် ရွှေသတ္တုအသေးစားတူးဖော်ထုတ်လုပ်မှုအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် တူးဖော်လုပ်ကိုင်ဆောင်ရွက်သွားပါမည် ဖြစ်ပါသည်။ စိမံကိန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံတကာစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်သွားပါမည်။

(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနချမှတ်ထားသော 'မူ' လုပ်ငန်း အာမခံငွေသား သတ်မှတ်ချက်အတိုင်း ပေးသွင်းသွားပါမည်၊
ရွှေလက်ဝဲသုန္ဒရ ကုမ္ပဏီလိမိတက် အနေဖြင့် သတ္တုတူးဖော်ပြီးစီး၍သတ္တုတွင်းလုပ်ငန်းပိတ်သိမ်းချိန်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ရှိပါက ထိခိုက်မှုများအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် လျော်ကြေးငွေအားပေးသွင်း မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဆ) အထက်အပိုဒ်(၂၀)ပါ ကတိကဝတ်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(၂၀၁၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ(၂၀၁၄)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ(၂၀၁၅)တို့နှင့်အညီ တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

စိမံကိန်းအဆိုပြုသူ၏ လက်မှတ်

(အောင်ထူး)
အုပ်ချုပ်မှုဒါရိုက်တာ
ရွှေလက်ဝဲသုန္ဒရကုမ္ပဏီလိမိတက်

အစီရင်ခံစာပြုစုသူ၏ ကတိဝန်ခံချက်နှင့် အစီရင်ခံစာတင်ပြသူ၏ကတိဝန်ခံချက်တို့အား ပူးတွဲတင်ပြထားပါသည်။

အစီရင်ခံစာပြုစုသူ၏ ကတိဝန်ခံချက်

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ဒီဇင်ဘာလ(၂၄)ရက်

ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ဗန်းမောက်မြို့နယ် နန့်မားကျေးရွာအုပ်စု၊ မြေဧရိယာ(၁၈.၆)ဧကစီ ကျယ်ဝန်းသော **(SBM-329)** နှင့် **(SBM-330)** လုပ်ကွက်၌ ရွှေသတ္တု အသေးစားထုတ်လုပ်ခြင်း ဒုတိယအကြိမ် သက်တမ်းတိုးရန် ခွင့်ပြုမိန့် လျှောက်ထားခဲ့ပါသည်။

အဆိုပါ အသေးစား ဒုတိယအကြိမ် သက်တမ်းတိုးလျှောက်ထားသည့် လုပ်ကွက်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်အလက်များသည် လုပ်ကွက်အတွင်း လက်တွေ့ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ထားခြင်း မှန်ကန်ပါသည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (ဂ.၁၁.၂၀၁၆)ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၉(ဂျ၉/၂၀၁၇)ဖြင့် ထုတ်ပြန်ထားသော သတ္တုကုမ္ပဏီဆိုင်ရာ စီမံကိန်းများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ အချက်အလက်များအတိုင်း ရေးသားဖော်ပြပါကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)အပိုဒ် ၆၁(ဖ)ပါအတိုင်း လိုက်နာပြုစုထားပါကြောင်း ဝန်ခံကတိပြုပါသည်။

ဘူမိဗေဒပညာရှင်အမည် - ဦးကျော်ဝင်း
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် - ၆/မအရ (နိုင်) ဝ၄၅၉၉၅
ရာထူး - ဘူမိဗေဒအရာရှိ (ဒု) (ငြိမ်း)
နေရပ်လိပ်စာ - ၃၀၅/၃၊ အောင်ဇေယျအိမ်ရာ၊ (၂၆)ရပ်ကွက်၊ တ/ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်းနံပါတ် - ၀၉ ၄၂၅၀၃၃၃၃၇

အစီရင်ခံစာတင်ပြသူ၏ ကတိဝန်ခံချက်

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၁၄)ရက်

ရွှေလက်ဝဲသုန္ဒရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ဗန်းမောက်မြို့နယ် နန့်မားကျေးရွာအုပ်စု၊ မြေဇရိယာ(၁၈.၆)ဧကစီ ကျယ်ဝန်းသော **(SBM-329)** နှင့် **(SBM-330)** လုပ်ကွက်၌ ရွှေသတ္တု အသေးစားထုတ်လုပ်ခြင်း ဒုတိယအကြိမ် သက်တမ်းတိုးရန် ခွင့်ပြုပြိမန့် လျှောက်ထားခဲ့ပါသည်။

အဆိုပါ အသေးစား ဒုတိယအကြိမ် သက်တမ်းတိုးလျှောက်ထားသည့် လုပ်ကွက်အတွက်ရေး ဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါရှိသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် ဆောင် ရွက်မည့်အစီအစဉ်များသည် တိကျခိုင်မာပြည့်စုံကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကိုပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာ၍ ရေးဆွဲထားပါကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ကတိကဝတ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်များနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးနည်းလမ်းနှင့် လုပ်ငန်း စဉ်များကို တိကျစွာလိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

(အောင်ထူး)

အုပ်ချုပ်မှုဒါရိုက်တာ

ရွှေလက်ဝဲသုန္ဒရကုမ္ပဏီလီမိတက်

အခန်း(၇)

မူဝါဒဥပဒေနှင့်မူဘောင်များ (Policies and Legislation)

၂၁။ **ကုမ္ပဏီ၏စီမံကိန်းဆိုင်ရာမူဝါဒများ**

ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများ၊ ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) စီမံကိန်းကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန်၊

(ခ) ထိခိုက်မှုများပြားမလာစေရန်နှင့် ဖြစ်ပေါ်လာပါကလည်း အနည်းဆုံးထိခိုက်မှုဖြစ်စေရေး ဆောင်ရွက်ရန်၊

(ဂ) သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးအတွက် ဆောင်ရွက်ရန်နှင့် ပြုန်းတီးမှုရှိနိုင်ပါက ဂေဟစနစ်မပျက်စေရန်နှင့် စိမ်းလန်းစိုပြေရေးအတွက် အစားထိုးစိုက်ပျိုးရန်၊

(ဃ) စီမံကိန်းနှင့် ဆက်စပ်နယ်မြေဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) စီမံကိန်းဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ လူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးရန်၊

(စ) ကျရောက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရန်၊

(ဆ) ဆိုးကျိုး သက်ရောက်မှု ထိခိုက်ခံစားရသော ဒေသခံများနှင့် ပြင်ပမှ ကန့်ကွက်မှုများ အပေါ် တုံ့ပြန်ဖြေရှင်းရန်အတွက်သင့်တော်သော အစီအမံများ စီမံဆောင်ရွက်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စာချုပ်ပါအာအချက်အလက်များအား လိုက်နာဆောင်ရွက်ရန်။

ဥပဒေ၊ နည်းဥပဒေများ (Laws & Rules)

၂၂။ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

(၄) သစ်တောဥပဒေ (၁၉၉၂)

(၅) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ

(၆) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)

(၇) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၃)

(၈) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

(၉) ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂)

(၁၀) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

(၁၁) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)

(၁၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅)

(၁၃) သတ္တုတွင်းဥပဒေနှင့်နည်းဥပဒေများ

(၁၄) စာချုပ်ပါလိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ

(၁၅) သစ်တောဥပဒေ (၂၀၁၈)

(၁၆) မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)

(၁၇) သစ်တောနည်းဥပဒေ (၁၉၉၅)

(၁၈) ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈)

(၁၉) မြေအောက်ရေအက်ဥပဒေ (၁၉၃၀)

(၂၀) ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

(၂၁) The Explosives Substakes Act (1908)

(၂၂) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

(၂၃) The Emergency Provision Act (1950)

(အထက်ပါဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။)

အခန်း(၈)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

၂၃။ စီမံကိန်း၏ ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(က) **စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluents Levels)**

ကုမ္ပဏီမှ သတ္တုတွင်းနယ်မြေမှ ပြင်ပသို့စီးထွက်မည့်ရေများ၏ အရည်အသွေးအား ထိန်းသိမ်းမည့်စံချိန်စံညွှန်းများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည်-

Param	**Unit**	**Guideline Value**
Arsenic	mg/1	0.1
Cadmium	mg/1	0.05
Chemical oxygen demand	mg/1	150
Chromium(hexavalent)	mg/1	0.1
Copper	mg/1	0.3
Cyanide	mg/1	1
Cyanide (free)	mg/1	0.1
Cyanide (weak acid dissociable)	mg/1	0.5
Iron(total)	mg/1	2
Lead	mg/1	0.2
Mercury	mg/1	0.002
Nickel	mg/1	0.5
pH	S.U.[a]	6-9
Temperature	^{o}C	<3 degree defferential
Total suspended solids	mg/1	50
Zinc	mg/1	0.5

(ခ) **ပတ်ဝန်းကျင်လေထုအရည်အသွေး (Ambient Air Quality Standards)**

သတ္တုတူးဖော်ခြင်းအဆင့်တွင် ယမ်းခဲခြင်း၊ သတ္တုရိုင်းများသယ်ယူခြင်း၊ စုပုံခြင်း၊ ကြိတ်ခဲခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမှ လေထုညစ်ညမ်းစေနိုင်သော ဓာတ်ငွေ့များထွက်ရှိခြင်း၊ ဖုန်မှုန့်များပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုမရှိစေရေးအတွက် အောက်ပါပတ်ဝန်းကျင်လေထုအရည်အသွေးများနှင့်အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်ပါမည်။

ထုတ်လွှတ်အခိုးအငွေ့ (Air Emissions)

၂၄။ အခိုးအငွေ့ထုတ်လွှတ်မှု များပြားပြီး ထိတွေ့ဝန်းကျင်၏ လေထုအရည်အငွေးပေါ်တွင် သိသာထင်ရှားသောအကျိုးသက်ရောက်ရန် အလားအလာရှိသည့် လုပ်ငန်းစီမံကိန်းများအနေဖြင့်-

(က) လုပ်ငန်းစီမံကိန်းများမှ ထုတ်လွှတ် အခိုးအငွေ့သိပ်သည်း ပါဝင်မှုပမာဏသည် ချမှတ်ထားသည့် အမျိုးသား ထိတွေ့ဝန်းကျင် အရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများသို့မဟုတ် ၎င်းအမျိုးသား စံချိန်စံညွှန်းတို့ မရှိခဲ့လျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အောက်ဖော်ပြပါ တည်ဆဲလေထုအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များ သတ်မှတ်ထားသည့် သိပ်သည်းပါဝင်မှု ပမာဏအဆင့်သို့ ရောက်ရှိခြင်း သို့မဟုတ် ကျော်လွန်ခြင်း မရှိစေရ၊

(ခ) တူညီသော လေထုဝန်းကျင်(Air Shed) အတွင်းအနာဂတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန် အလို့ငှာ စီမံကိန်းလုပ်ငန်းများမှ ထုတ်လွှတ်အခိုးအငွေ့ကြောင့် ဖြစ်ပေါ်လာသောညစ်ညမ်းမှုသည် ထိတွေ့ဝန်းကျင်လေထုအရည်အသွေး လမ်းညွှန်ချက်များ သို့မဟုတ် စံချိန်စံညွှန်းများ၏ သိသာသော အစိတ်အပိုင်းတစ်ခု မဖြစ်စေရ(ဆိုလိုသည်မှာ စံချိန်စံညွှန်း၏ ၂၅ ရာခိုင်နှုန်းအထက် ကျော်လွန်ခြင်းမရှိစေရ)။

အခိုးအငွေ့ထုတ်လွှတ်မှုကို လုပ်ငန်းအလိုက် အလေ့အကျင့်ကောင်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကို လုပ်ငန်းစီမံကိန်းအားလုံးက လိုက်နာကျင့်သုံးရမည်။

အောက်ပါဇယားတွင် ဖော်ပြမထားသော လေထုညစ်ညမ်းမှု ဖြစ်စေသည့်အရာများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဆိုင်ရာ လေထုအရည်အသွေးလမ်းညွှန်မှု[၂] ကို ညွှန်းဆိုအသုံးပြုရမည်-

Parameter	Averaging Period	Guideline Value ug/m^3
Nitiogen dioxide	1- year	40
	1- hour	200
Ozone	8-hour daily maximum	100
Particulate matter PM_{10}[a]	1-year	20
	24-hour	50
Particulate matter $PM_{2.5}$[b]	1-year	10
	24-hour	25
Sulfur dioxide	24-Hour	20
	10-minute	500

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

(ဂ) **ဆူညံသံ (Noise)**

သတ္တုတူးဖော်မှုလုပ်ငန်းများတွင် အသုံးပြုသည့် စက်ယန္တရားများလည်ပတ်မှုကြောင့် ရုံးခန်းများ၊ ဝန်ထမ်းနေအိမ်များအတွင်း ဆူညံသံများအားထိန်းသိမ်းရာတွင် အသုံးပြုမည့် စံချိန်စံညွှန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁.၃ **<u>ဆူညံသံ</u> (Noise)**

လုပ်ငန်းစီမံကိန်းအားလုံးသည် လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း ထွက်ပေါ်သည့်ဆူညံသက်ရောက်မှုသည် အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံသံအဆင့်(NoiseLevel)လမ်းညွှန်သတ်မှတ်ချက်ထက်ကျော်လွန်သည်ဟု တိုင်းတာသိရှိလျှင် သို့မဟုတ် ကျော်လွန်မည်ကို ခန့်မှန်းနိုင်လျှင် ဆူညံသံတားဆီး ကာကွယ်ခြင်းနှင့် လျော့ချခြင်း ပြုလုပ်ရမည်၊ ဆူညံသံသက်ရောက်မှုသည် အောက်ဖော်ပြပါ ဆူညံအဆင့်သတ်မှတ်ချက်ထက်များအား ကျော်လွန်ခြင်း သို့မဟုတ် စီမံကိန်းလုပ်ငန်း၏ အပြင်နေရာ တွင်ရှိသော အနီးဆုံးလက်ခံရရှိမည်

နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက်ကျော်လွန်စေခြင်း မရှိစေရ-

Receptor	one Hour LAeq (dBA)a	
	Daytime 07:00-22:00 (10:00-22:00 for Public holidays)	Nighttime 22:00-07:00 (22:00- 10:00 for Public holidays)
Residential, institutional, educational	55	45
Industrial, Commercial	70	70

[a] Equivalent continuous sound level in decibels

(ဃ) **လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်မည့်အချက်များ**

အထက်ဖော်ပြပါ စံချိန်စံညွှန်းများအပြင် ကုမ္ပဏီမှဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

အခန်း(၉)

လက်ရှိပတ်ဝန်းကျင်အခြေအနေ

၂၅။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) **ဆူညံသံနှင့် တုန်ခါမှု။** ။ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ရပ်နားထားသော်လည်း ကနဦး အခြေအနေအား သိရှိရန် တိုင်းတာခြင်း ပြုလုပ်ခဲ့ပါသည်။ Breaker gun ကို လှိုဏ်ဂေါင်းအတွင်း၌သာ သုံးမည်ဖြစ်၍ အသံသည် ပြင်ပသို့ ထွက်မည်မဟုတ်ပါ။ လှိုဏ်ဂေါင်းအတွင်းယမ်းအသုံးပြု ဖောက်ခွဲခြင်းအား တစ်နေ့လျှင် (၃)ကြိမ် တစ်ကြိမ်လျှင် (၂)ကီလိုဂရမ် ကိုသာသုံးစွဲမည်ဖြစ်၍ တုန်ခါမှု အနည်းငယ်သာ ရှိပါမည်။ ထို့ကြောင့် ဆူညံသံနှင့် တုန်ခါမှုမှာ သတ်မှတ်စံချိန်စံညွှန်းများအတွင်းသာ ရှိမည်ဖြစ်ပါသည်။ အသံတိုင်းတာသောနေရာမှာ မြေပုံညွှန်း (၄၇၂၇၃၇) 95° 51'44.0"E24° 50'12.2"N ဖြစ်ပါသည်။ ဤနေရာသည် လှိုဏ်ခေါင်းဝအနီးတွင် ဖြစ်ပါသည်၊ ယခုနေရာအား သတ်မှတ်ရခြင်းမှာ လှိုဏ်ခေါင်းအတွင်း**JACK HAMMER(Breaker Gun)** သုံးစွဲပြီး ကျောက်သားအား အပေါက်ဖောက် ခြင်း ယမ်းအသုံးပြု၍ ဖောက်ခွဲခြင်းများကြောင့် ၎င်းကိရိယာများ၏သက်ရောက်မှုကြောင့် တုန်ခါမှု၊ မည်မျှ ရှိသည်ကို သိရှိနိုင်ရန်၎င်း၊ ၎င်းအနီးတွင် ကျောက်သားများ သယ်ယူသည့်အခါတွင်၎င်း၊ မီးစက်၊လေပေးစက်များ အသုံးပြုသည့်အခါတွင် ၎င်း၊ တုန်ခါမှုကို သိရှိနိုင်ရန် အတွက် ဤနေရာအား သတ်မှတ်ရခြင်း ဖြစ်ပါသည်။

(ခ) **ဖုန်မှုန့်ပြန့်လွင့်မှု/လေအရည်အသွေး** ။ ။ ယခုအချိန်တွင် ရွှေသတ္တုပါဝင်သော သလင်းကျောက်ကျော တို့ရောက်ရှိခြင်း မရှိသေးသည့်အတွက် သလင်းကျော Ore အား ကြိတ်ခွဲခြင်းမရှိသေးပါ၊ စီမံကိန်းလျာထားချက်အရ တစ်နေ့လျှင် ဘေးကာကျောက်အပါအဝင် (၆)တန် ထုတ်လုပ်မည်ဖြစ်သောလည်း ကြိတ်ခွဲရမည့် ရွှေသတ္တုပါဝင်သော သလင်းကျောမှာ (၂)တန်ခန့်သာ ထွက်ရှိမည်ဖြစ်ပါသည်။ ၎င်းသလင်းကျောအား 1/2" အရွယ်ရအောင် ပထမကြိတ်ခွဲပါမည်၊၎င်းနောက် အမှုန့်ရအောင် ဒုတိယအကြိမ်ကြိတ်ခွဲပါမည်၊ ကြိတ်ခွဲရာ ရေဖြန်းပြီး အစိုကြိတ်ခွဲမည် ဖြစ်၍ ဖုန်မှုန့် အနည်းငယ်သာထွက်ပါမည်။ လက်ရှိတွင် လုပ်ငန်းများရပ်ဆိုင်းထားသော်လည်း လေအရည်အသွေးအား တိုင်းတာ စစ်ဆေးခဲ့ပါသည်၊ တိုင်းတာစစ်ဆေးချက်အား (ပူးတွဲ-၁၃)ဖြင့် တင်ပြထားပါသည်။ကြိတ်ခွဲချိန်ရောက်သည့်အခါ လေအရည်အသွေးအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားပါမည်။

(၈) **ရေအရည်အသွေး**

(၁) လုပ်ငန်းသုံးရေအား လုပ်ကွက် လှိုဏ်ဂေါင်းအတွင်းမှ စိမ့်ထွက်သော ရေကိုသာ စုဆောင်းပြီး အသုံးပြုပါမည်။ သုံးရေနှင့် စက်ရုံသုံးရေအား လုပ်ကွက်အတွင်းရှိ စိမ့်ထွက်နေသော(၂)နေရာတွင် မြေသားရေစုကန်ပြုလုပ်ပြီး သုံးပါသည်၊ လုပ်ငန်းသုံးရေနှင့် သုံးရေတို့အား နမူနာရယူပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ သတ်မှတ်စံချိန်စံညွှန်းအတွင်းရှိပါသည်။ရေနမူနာ ကောက်ယူသည့်နေရာ၏ မြေပုံညွှန်းမှာ(၄၇၁၇၄၀) 95˚ 51'51.30"E 24˚ 50'15.1"N ဖြစ်ပါသည်၊ ဓာတ်ခွဲအဖြေနှင့် သတ်မှတ်စံချိန်စံညွှန်းအား နှိုင်းယှဉ်၍ ပူးတွဲဖော်ပြထား ပါသည်။ လုပ်ကွက် ဝန်းကျင်တွင် ဒေသခံရွာသားများ သောက်သုံးရေအဖြစ် အသုံးပြုသော သဘာဝစိမ့်စမ်း၊ချောင်း၊လျှို ၊ ရေတွင်း၊ ရေကန်များမရှိပါ။ (ဓာတ်ခွဲအဖြေ ပူးတွဲ- ၁၃)

(၂) လုပ်ငန်းသုံးရေမှ ရေအရည်အသွေးတိုင်းတာထားသည့် အဖြေအရ Cyanideပမာဏသည် နှိုင်းယှဉ်ဖော်ပြထားသော Guide Line တွင် ပါရှိသော ပမာဏထက် များပြားနေရခြင်းမှာ အဆိုပြုစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် မဟုတ်ပါ၊ စီမံကိန်းလုပ်ငန်းသည် လှိုဏ်ခါင်းတူးဖော်၍ ရွှေသတ္တုပါဝင်သော သလင်းကျောက်ကြော Vein သို့ရောက်ရှိရုံသာရှိပါသေးသည်၊ ၎င်းသလင်းကျောက်ကြော Vein အားထုတ်ယူခြင်း မပြုရသေးပါ၊ ရွှေကြမ်း ထုတ်လုပ်ရန် စက်ရုံ မတည်ဆောက်ရသေးပါ၊ ရွှေကြမ်းထုတ်လုပ်မည့် Process အား လုံးဝ မလုပ်ဆောင်ရသေးပါ။ ရေအရည်အသွေးတိုင်းတာသည့် Result တွင် Cyanide ပမာဏသည် Guideline ထက်များနေခြင်းမှာ စီမံကိန်းလုပ်ငန်းကြောင့် မဟုတ်ပါ၊ သို့သော် စီမံကိန်းဧရိယာသည် ယခင်က ဒေသခံရွာသားများ လက်လုပ်လက်စား၅နှစ်ခန့် လုပ်ကိုင်ခဲ့ပြီး ရွှေထုတ်ရန်နည်း ပညာမတတ်၍ စွန့်ခွာထားသောနေရာများဖြစ်၍ Cyanide များနေသည်ဟု ယူဆရပါသည်၊ ပြန်လည်ကုစားမည့် အစီအစဉ်မှာ လုပ်ငန်းသုံး ရေကန်အတွင်းသို့ မဖောက်ထုံးများ ထည့်ပြီး CN ပါဝင်မှု လျော့ချ သွားပါမည်၊ ၎င်းနောက် လက်ရှိကန်နှင့်ကပ်၍ ကန်အသစ်တူးဖော်ပါမည်၊ ကန်အသစ်တူးဖော်ရာမှ ထွက်လာသောမြေသားများဖြင့် ကန်အဟောင်းမြေဖို့သွားပါမည်၊

(၃) အထက်အပိုဒ်(၂)ပါအတိုင်း ရေကန်အဟောင်းအား ထုံး၊ ထုံးကျောက်များ ထည့်၍ ဆိုင်ရာနိုက် ပါဝင်မှု လျော့ချခြင်း ဆောင်ရွက်ပြီးနောက် ၎င်းကန်နှင့် ကပ်လျက် ကန်သစ် တူးဖော်၍ ထွက်လာသော မြေသားများဖြင့် ကန်အဟောင်းအား စနစ်တကျ မြေဖို့ခဲ့ပါသည်။ ကန်ဟောင်းနှင့် ကန်သစ်မှာ ကပ်လျက် တူးဖော်ခြင်း ဖြစ်သောကြောင့် မြေပုံညွှန်း ကွာခြားခြင်းမရှိပါ၊ လတ္တီတွဒ်တွင် ၀. ၁စက္ကန့် ကွာခြားပါက ၂၃ကိုက်

ဝန်းကျင် နှင့် လောင်ကျီတွဒ်တွင် ဝ. ၁စက္ကန့် ကွာခြားပါက ၁၇ကိုက်ဝန်းကျင်သာ အပြောင်းအလဲ ရှိသောကြောင့် ကန်ဟောင်းနှင့် ကန်သစ်နေရာ မြေပုံညွှန်း ကွဲလွဲမှု မရှိပါ။

(၄) သုံးရေကန်အသစ်မှ ရေနမူနာအား ရယူပြီး (၂၀. ၃. ၂၀၂၀)နေ့ ခါတ်ခွဲခန်းစမ်းသပ်ချက် အရ ဆိုင်ရာနိုက်ပါဝင်မှုသည် စံသတ်မှတ်ချက် အတွင်း ရှိပြီး ပြဒါးပါဝင်မှု မတွေ့ရှိရပါ။ တည်နေရာ မြေပုံညွှန်းမှာ 95˚ 51'51.30"E 24˚ 50'15.10"N ဖြစ်ပါသည်။ ပူးတွဲ (၁၃)

(၅) သုံးရေကန်မှ ရေအား စက်ရုံသုံးရေနှင့် လျော်ဖွတ်ရန်အတွက်သာ သုံးပါ မည်၊ ချက်ပြုတ်ရန်နှင့် သောက်ရေအတွက် ရေသန့်ကိုသာ အသုံးပြုသွားမည်ဖြစ် ပါသည်။

(ဃ) **မြေထုအခြေအနေ**

(၁) (Primary Deposit) ဖြစ်သည့်အတွက် အပေါ်ယံမြေဖယ်ရှားသော လုပ်ငန်း မရှိခြင်း၊ (compact Rock) မာကျောသော ကျောက်လွှာ များအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးခြင်းများ မဖြစ်ပေါ် ပါ။ လက်ရှိမြေထု အခြေအနေသိရှိနိုင်ရန်အတွက် မြေနမူနာယူ၍ ခါတ်ခွဲ စမ်းသပ်ခဲ့ပါသည်။ (မြေထုအရည်အသွေးအား ပူးတွဲ- ၁၃)

(၂) မြေအရည်အသွေးအား (၂၀. ၃. ၂၀၂၀)နေ့တွင် နမူနာရယူပြီး Mercury ပါဝင်မှု စမ်းသပ်ရာတွင် **ပြဒါး (Hg)** မတွေ့ရပါ။ (ပူးတွဲ-၁၃)

(င) **လေအရည်အသွေး၊ ရေအရည်အသွေး၊ မြေအရည်အသွေး**၊ တိုင်းတာသည့် နေရာများ၏ **တည်နေရာများနှင့် တိုင်းတာရသည့် အကြောင်းအရင်းမှာ-**

(၁) လေအရည်အသွေးတိုင်းတာသည့်နေရာမှာ95˚ 51'54.0"E24˚ 50'10.7"N ဖြစ်ပါသည်- မြေအောက်လှိုဏ်ခေါင်း အထွက်လမ်းနှင့် လုပ်ငန်းသုံးကားလမ်းတို့ ဆုံရာဖြစ်သောကြောင့် တိုင်းတာရခြင်းဖြစ်ပါသည်။

(၂) ရေအရည်အသွေးတိုင်းတာသည့်နေရာမှာ 95˚ 51'51.30"E24˚ 50'15.1"N တို့ဖြစ်ပါသည်- လုပ်ငန်းသုံးရေကန်ဖြစ်သောကြောင့် တိုင်းတာရခြင်းဖြစ်ပါသည်။

(၃) မြေအရည်အသွေးတိုင်းသည့်နေရာမှာ95˚ 51'51.1"E24˚ 50'11.2"N တို့ဖြစ်ပါ သည်- ယာဉ်သွားလာသော လမ်းနှင့် လူသွားလမ်းဆုံသောနေရာ ဖြစ်သောကြောင့် တိုင်းတာရခြင်းဖြစ်ပါသည်။ လုပ်ကွက်ဧရိယာသည် ညီညာသော မြေပြင်မဟုတ်ပါ၊

တောထူထပ်ပြီး သီးခြား တောင်ကုန်းငယ်များဖြင့် ဖွဲ့စည်းထားသည်ဖြစ်သောကြောင့် လူသွားလမ်းနှင့် ကားလမ်းအား ဖောက်လုပ်ထားသည့်အတိုင်းသာ သွားလာနိုင်ပါသည်၊ မော်တော်ယာဉ်အား အမြဲတမ်း သုံးနေမည်မဟုတ်ပဲ လိုအပ်အချိန်တွင်သာ သုံးပါမည်၊ ပျမ်းမျှတစ်နေ့ ခုကြိမ်ထက်မပိုနိုင်ပါ၊ အဆိုပြု လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် လက်ရှိပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိနိုင်ပါ၊ စောင့်ကြပ်ကြည့်ရှုရာတွင် လုံလောက်မှုရှိနိုင်ပါသည်။

(စ) ဂေဟစနစ်

(၁) လုပ်ကွက်နှင့်ဆက်စပ်ဧရိယာအတွင်း ရှားပါး တိရစ္ဆာန်မျိုးစိတ်များ မရှိပါ၊ ဘေးမဲ့တောများမရှိပါ၊ လုပ်ကွက်ဝန်းကျင် တောတောင်များတွင်၊ မျောက်၊ ခွေးအ၊ တောကြက်၊ မြွေ၊ တောကြောင်၊ တောင်ဆိတ်၊ ချေ၊ ယုန်များနှင့် ပုံမှန်တွေ့နေကျဖြစ်သော ဌက် တိရစ္ဆာန်များရှိပါသည်၊ သို့သော် လုပ်ကွက်ဧရိယာသည် ယခင်ကဒေသခံများ၊ လက်လုပ်လက်စားလုပ်ခဲ့ကြ၍ ၎င်း၊ ဒေသခံမုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့်၎င်း ပေါများစွာမရှိတော့ပါ၊ ယခုအခါ ကျေးရွာလူကြီးများ၏ အကူအညီဖြင့် ဒေသခံမုဆိုးများအား လုပ်ကွက်နှင့် အနီးဝန်းကျင်တွင် တောလိုက်ခြင်းမပြုရန် စည်းရုံးထားပြီးဖြစ်ပါသည်၊ **(ဗန်းမောက်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်းမှကူးယူဖော်ပြသည်)** ပူးတွဲ (၁၈)

(၂) ရွှေလုပ်ကွက် ဧရိယာနှင့် ပတ်ဝန်းကျင်သည် အမြဲစိမ်းသစ်တောဖြစ်ပြီး သဘာဝပေါက်ပင်များမှာ ကညင်၊ ထောက်ကြံ့၊ စကားစိမ်း၊ မျောက်ဦ၊ ကြို့၊ နဘဲ၊ ကျွန်း၊ သဒီ၊ ဇင်ပြွန်း၊ဘန်ဘွေး၊နကျယ်၊အုံတုံ၊ထောက်ရှာ၊ သစ်ဖွဲ၊ သပြေ၊ အောက်ချင်းဇာနည်၊ တောင်သရက်၊ လောက်ယား၊ ဖန်းခါး၊ မျောက်ချော၊ သစ်စိမ့်၊ ပျဉ်းမဝါးပိုးမျက်စံကျယ်၊ တင်းဝါး၊ သိုက်ဝါး၊ စသည်များ ပေါက်ရောက်ပါသည်။ ခွေးပုတ်များရှိ ပါသည်။ အထူးသဖြင့် ဝါးပင်များ ပေါက်ရောက်ပါသည်။(ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာန၏ ထောက်ခံချက်အတွက် ပြုလုပ်ခဲ့သော လုပ်ကွက်အတွင်း တစ်ဧကစီ ရှိသော စံကွက်(၃)ကွက် အတွင်း စစ်တမ်းကောက် ယူချက် Data များမှ ကူးယူဖော်ပြသည်) စစ်တမ်းကောက်ယူချက်မှတ်တမ်း ပူးတွဲဖော်ပြထားပါသည်။ ပူးတွဲ (၁၉)

(ဆ) **လူမှုပတ်ဝန်းကျင်အခြေအနေ**

လုပ်ကွက်နှင့်အနီးဆုံးကျေးရွာမှာ တောင်ဘက်(ဂ)မိုင်အကွာတွင်နန့်အော့ရွာကျေးရွာရှိပါသည်၊ ရှမ်းနီလူမျိုးများ နေထိုင်ကြ ပါသည်။ ကျေးရွာသူရွာသားများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ အဓိက လုပ်ငန်းမှာ လယ်ယာလုပ်ကိုင်ခြင်းဖြစ်ပါသည်။ လယ်ယာနားချိန်တွင် ခွင့်ပြုမိန့်ရ ရွှေသတ္တု ကုမ္ပဏီများတွင် လုပ်သား၊ ဝန်ထမ်းများအဖြစ်လည်းကောင်း၊ မိရိုးဖလာ လက်လုပ် လက်စားရွှေလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မွေးမြူရေးအား သီးခြားလုပ်ကိုင်ခြင်း မရှိဘဲ အိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားကြပါသည်။ အိမ်ထွက်သီးနှံသားငါးများအား ရွှေလုပ်ငန်းခွင်များတွင် ရောင်းချခြင်းဖြင့် အပိုဝင်ငွေ ရရှိလေ့ရှိပါသည်။

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပမ်းဆက်သွယ်ရေးတို့တွင်လည်း စီမံကိန်းများမှ ကူညီဆောင်ရွက်ပေးမှုကြောင့် များစွာတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) နန့်အောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လွန်ခဲ့သည့် (၁၀)နှစ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။ မတော်တဆမှု ဖြစ်ပေါ်သော ဖြစ်စဉ်မှာ ဆိုင်ကယ်တိုက်ခြင်း၊ မှောက်ခြင်း၊ကြောင့် ဒဏ်ရာရသေဆုံးသည်များသာ ရှိပါသည်။ ကျေးရွာများအဖြစ်များသော ရောဂါမှာ ငှက်ဖျားရောဂါဖြစ်ပါသည်၊ မိုးဦးရာသီတွင် ဝမ်းလျော၊ဝမ်းပျက်ခြင်းများ ဖြစ်တတ်ပါသည်၊ ကုမ္ပဏီမှ နန့်အောကျေးရွာတွင် ဖွင့်လှစ်ပေးသော ဆေးခန်းတွင် အရေးပေါ်ဆေးကုသခြင်းများ ရှိပါသည်။ ဒေသခံများသည် ရှေးရိုးစွဲအယူရှိ၍ အယူသည်းကြပါသည်၊ ခေတ်မှီ ဆေးဝါးကုသခြင်းအား အယုံအကြည်မရှိကြပါ၊ ရောဂါဖြစ်ပွားလာပါက မိရိုးဖလာထုံးစံအတိုင်း နတ်မေးခြင်း၊ ခေါ်စာပစ်ခြင်း၊ မိရိုးဖလာဆေးမြီးတိုများဖြင့် ကုသခြင်းများ ပြုလုပ်လေ့ ရှိပါသည်။ရပ်ရွာရှိရမ်းကုဆရာများဖြင့် ကုသခြင်းများ ပြုလုပ်လေ့ရှိပါသည်၊ ကလေးသူငယ်များအား ကာကွယ်ဆေး ထိုးမည်ဆိုပါက ရှောင်တိမ်းပုန်းနေလေ့ရှိပါသည်၊ စီမံကိန်းမှ ဖွင့်လှစ်ထားသော ဆေးခန်းတွင် ဆေးကုသရန်အတွက် စည်းရုံးနေရသောအခြေအနေ ဖြစ်ပါသည်။

အခန်း(၁၀)

ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ် (Impact and Mitization Measure)

၂၆။ **အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) **ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ**

- ဆူညံသံနှင့် တုန်ခါမှုများ
- မြေပေါ်ရေအရည်အသွေးပေါ် ထိခိုက်နိုင်မှု
- မြေအောက်ရေအရည်အသွေးပေါ် ထိခိုက်နိုင်မှု
- လေထုအရည်အသွေး ထိခိုက်နိုင်ခြင်း
- စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း
- ဂေဟစနစ်ထိခိုက်နိုင်မှု
- လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

(ခ) **ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မှုအစီအစဉ်များ**

(၁) **ဆူညံသံနှင့်တုန်ခါမှုများ**

- ယမ်းသုံးစွဲခြင်းအား နည်းပါးစွာအသုံးပြုပြီး (Breaker Gun) အသုံးပြုခြင်းအား ပိုမိုသုံးစွဲ၍ တူးဖော်ခြင်းပြုသဖြင့် လုပ်ကွက်ပြင်ပမှ တုန်ခါခြင်း၊ ဆူညံခြင်းတို့ကို မကြားရသဖြင့် အနီးဝန်းကျင်သို့ ထိခိုက်မှုမရှိပါ။ ညအချိန် လုပ်ငန်းရပ်နားထား၍ မည်သည့်ဆူညံသံမျှ ကြားရမည်မဟုတ်ပါ။ ယမ်းအသုံးပြု ဖောက်ခွဲခြင်းအား လှိုဏ်ဂေါင်းအတွင်း ပြုလုပ်ပြီး တစ်နေ့လျှင်(၃)ကြိမ် တစ်ကြိမ်လျှင်(၂)ကီလိုဂရမ် ခန့်သာ အသုံးပြုမည်ဖြစ်သဖြင့် ပတ်ဝန်းကျင်သို့ သက်ရောက်မှု အနည်းငယ်သာ ရှိပါမည်။ ယမ်းထားသိုရန်အတွက် လုပ်သားများနှင့်ကင်းလွတ်သည့် လုပ်ကွက်၏ 95° 51'44.7"E24°50'29.7"N နေရာတွင် (၂၀'×၂၀'×၁၀')အရွယ်ရှိ မြေကျင်းအတွင်း (၁၅'×၁၅'×၁၀') အရွယ် သွပ်မိုးပျဉ်ကာ အဆောက်အဦးအတွင်း ထားရှိပါမည်။ တစ်ကြိမ် သိုလှောင်လျှင် ယမ်း(၁)တန်သာ သိုလှောင်ထားပါမည်။ ယမ်းတိုက် လုံခြုံရေး အတွက် သီးခြားအစောင့်ထားရှိသွားပါမည်။

- လုပ်ငန်းသုံးစက်ပစ္စည်းများအား စက်ဆီ/ချောဆီများ ပုံမှန်စစ်ဆေး၍ အသစ်လဲလှယ်ခြင်း/ ဖြည့်ခြင်းများ ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းသုံးစက်များ၏ စက်ရုံမှ ထုတ်လုပ်သည့် အိတ်ဇော့များ အသံထိမ်းကိရိယာများအား ပုံမှန်စစ်ဆေးခြင်း လဲလှယ်ခြင်း များဆောင်ရွက်ပြီး ပုံမှန်ထက်ပို၍ အသံမထွက်စေရန် ဆောင်ရွက်သွားပါမည်။

(၂) **မြေပေါ်ရေအရည်အသွေးပေါ်ထိခိုက်နိုင်မှု**

- လုပ်ငန်းသုံးရေကို လုပ်ငန်းခွင်လှိုဏ်ဂူအတွင်းမှ စိမ့်ထွက်လာသောရေကိုသာ အသုံးပြုပါသည်။ လှိုဏ်ဂူအတွင်း နိမ့်သောနေရာတွင် စိမ့်ထွက်ရေများစုစည်းပြီး ၎င်းကို အနည်ထိုင်စေပါသည်။ တစ်နေ့လျှင် ရေဂါလံ (၁၀၀)ခန့်သာ ထွက်ရှိပါသည်။ ညပိုင်း လုပ်ငန်းရပ်နားထားချိန်ကို လှိုဏ်ဂူအတွင်း နိမ့်သောနေရာတွင် စိမ့်ထွက်ရေများ စုစည်းအနည်ထိုင်ပါသည်။ လုပ်ငန်းပြန်စချိန်တွင် ရေကြည်အား အသုံးပြုပါသည်။ လုပ်ငန်းသဘာဝအရ အနည်ထိုင်ကန်သီးခြားလုပ်ဆောင်ရန် မလိုပါ။ စက်ရုံသုံးရေနှင့် လုပ်သားများသုံးရေတို့အတွက် လုပ်ကွက်အတွင်းရှိ စိမ့်ရေထွက်ရှိနေသော လျှို့ချောက်အတွင်း နေရာ(၂)နေရာတွင် မြေသားတမံပြုလုပ်၍ ရေကိုစုဆောင်းပြီး အသုံးပြုပါသည်၊ ရေကန်မှ ပို လျှံသောရေများ ရေလျှံပေါက်မှတစ်ဆင့် လျှို့ချောက်အတွင်း ဆက်လက်စီးဆင်းစေပါသည်၊ လုပ်ကွက်နှင့် အနီးဆုံး ကျေးရွာမှာ (၇)မိုင်ကွာဝေးသဖြင့် ဒေသခံများ အသုံးပြုသော လူအများသုံးရေနှင့် ရောနှောခြင်းမရှိခြင်း၊ ဝေးကွာစွာရှိနေခြင်း တို့ကြောင့် သောက်သုံးရေအား ထိခိုက်စေမည်မဟုတ်ပါ။သောက်သုံးရေအားနမူနာယူ၍ ဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။

- အဆိုပြုစီမံကိန်း ဇရိယာသည် မြေမျက်နှာပြင် ညီညွတ်မှုမရှိပဲ သီးခြားတောင်ကုန်းငယ်များ၊ လျှိုချောက်များဖြင့် ဖွဲ့စည်းထားပါသည်၊ လုပ်ကွက်ဇရိယာအတွင်း ရှာသွန်းသော မိုးရေများ စက်ရုံသုံးရေများ လုပ်သားများအသုံးပြုသော ရေများသည် လျှိုများမှ တစ်ဆင့်စီးဆင်းပြီး နန့်အော့ချောင်းအတွင်းသို့ ဝင်ရောက်ရောနှောသွားနိုင်ပါသည်၊ **ဤကဲ့သို့ မြေပေါ်ရေအား ထိခိုက်မှုလျော့ပါးစေရေးအတွက် လုပ်ဆောင်မည့် လျော့ချမှုအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) ဝန်ထမ်း နေအိမ်တဲများ မီးဖိုတဲ၊ စားရိပ်သာ ပါဝင်သော ဇရိယာအား ပတ်လည်တွင် ရေနုတ်မြောင်းတူးပြီး၊ မြေဘောင်ပြုလုပ်ခြင်းဖြင့် ပြင်ပမှ မိုးရေများ စီးဝင်ခြင်း မရှိအောင် ဆောင်ရွက်ပါမည်။

(ခ) ဝန်ထမ်းတဲများ ဇရိယာအတွင်း ရှာသွန်းသော မိုးရေများ၊ သုံးရေ၊ ချိုးရေများအား ရေစုကန်တွင် စုဆောင်း၍ ပြုပြင်ပြီးမှ ပြင်ပသို့ စွန့်ပစ်ပါမည်။

(ဂ) စက်ရုံပတ်လည်တွင် ရေနုတ်မြောင်းတူး၍ မြေဘောင်ပြုလုပ်ခြင်းဖြင့် ပြင်ပမှ မိုးရေများ စက်ရုံဇရိယာအတွင်း မဝင်ရောက်ရေး ဆောင်ရွက်ပါမည်။

(ဃ) စက်ရုံသုံးရေများအား ရေစုကန်ပြုလုပ် စုဆောင်းပြီး သန့်စင်အောင် ပြုလုပ်ပြီးမှ ပြန်လည် အသုံးပြုခြင်း ပြင်ပသို့ စွန့်ပစ်ခြင်းများ ဆောင်ရွက်သွားပါမည်။

ရေသန့်စင်မှုပြုလုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) စွန့်ပစ်ရေများအား အနည်ထိုင်ကန် Setting Pond တွင် အနည်ထိုင်စေပါမည်။

(၂) စက်ရုံဇရိယာအတွင်း ပေ(၁၀၀)ပတ်လည်ခန့် နေရာတွင် မြေမျက်နှာပြင်အား ရေအိုင်သဖွယ်ပြုပြင်ပြီးနောက် ရေအိုင်များတွင်ပေါက်ရောက်လေ့ရှိသော ဒေသမြက်ရိုင်းများ (ကိုင်းပင်၊ ဗေဒါပင်) စိုက်ပြီး Wet Land Pond ပြုလုပ်ပါမည်။

(၃) Setting Pond တွင်အနည်ထိုင်စေပြီးသော ရေအား Wet Land Pond သို့ ပို့ပြီး Passive Treatment ပြုလုပ်ခါ စက်ရုံသုံးရေ Recycle Process Water အဖြစ် ပြန်လည်အသုံးပြုသွားပါမည်။

(၄) စီမံကိန်းဇရိယာမှ စိမ့်ထွက်လာသော လျှိုနှင့် နန့်အော့ချောင်းဆုံတို့တွင် ရေနမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ပြီး ရေအရည်အသွေးအား စမ်းသပ်သွားပါမည်။ သတ်မှတ်ရေအရည်အသွေး မမှီပါက ပြုပြင်ဆောင်ရွက်သွားပါမည်။

(၃) **မြေအောက်ရေအရည်အသွေးပေါ် ထိခိုက်နိုင်မှု**

- လုပ်ငန်းသုံးရေအား သဘာဝစိမ့်စမ်းရေကို အသုံးမပြုခြင်း၊ ချောင်းရေကို အသုံးမပြုခြင်း၊ လုပ်ကွက် လိုဏ်ဂူအတွင်းမှစိမ့်ရေကိုသာ အသုံးပြုသဖြင့် မြေအောက်ရေအား ထိခိုက်မှုမရှိပါ။ စက်ရုံသုံးရေနှင့် လုပ်သားသုံးရေအား သဘာဝစိမ့်ထွက်ရေကို မြေသားတမံဖြင့်စုစည်း၍အသုံးပြုခြင်းဖြစ်ပါသည်၊ သီးခြားရေတွင်းတူးဖော်၍သုံးစွဲခြင်းမဟုတ်ပါ။သို့အတွက်မြေအောက်ရေအား ထိခိုက်မှုမရှိပါ။

- လှိုဏ်ခေါင်းတူးရာတွင် စိမ့်ရေများ ထွက်ရှိလာပါမည် ၎င်းစိမ့်ရေများအား စုစည်း၍ လှိုဏ်ခေါင်းတူးဖော်ရာတွင် အသုံးပြုသွားပါမည်။

- စီမံကိန်းဧရိယာအတွင်း စိမ့်ရေထွက်ရှိနေသော နေရာ၂ခုတွင် မြေသားကန်ပြုလုပ်၍ သုံးရေနှင့် စက်ရုံသုံးရေအဖြစ် အသုံးပြုသွားပါမည်၊ **မြေအောက်ရေများ ထိခိုက်မှု လျော့ပါးရေး လျော့ချမှု အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) လျှိုအတွင်း ထွက်ရှိနေသော စိမ့်ရေမှာ သဘာဝအတိုင်း ထွက်ရှိနေသော မြေအောက်ရေ ဖြစ်ပြီး ၎င်းတွင် မြေသားကန်ပြုလုပ်ပြီး ရေစုဆောင်းပါမည်၊ ပိုလျှံသောရေများ ရေလျှံပေါက်မှ သဘာဝအတိုင်း စီးထွက်သွားစေပါမည်၊ ၎င်းမြေသားကန်ပတ်လည်အား ခြံဝင်းခတ်ထားပြီး လူနှင့် သက်ရှိသတ္တဝါများ မဝင်နိုင်ရေး စီစဉ်သွားပါမည်။ စက်ရုံ သုံးရေနှင့် လုပ်သားသုံးရေတို့အတွက် ရေစုကန်မှ ရေအား ပိုက်လိုင်းဖြင့် ပေးပို့သွားပါမည်၊ ရေစုကန်အနီးတွင် ရေချိုးခြင်း၊ ချက်ပြုတ်ခြင်းများမပြုလုပ်ပါ၊ ပိုက်လိုင်းမှ ရေယိုခြင်း မရှိအောင် ဆောင်ရွက်သွားပါမည်။

(ခ) လှိုဏ်ခေါင်းတူးရာမှ ထွက်ရှိလာသော ရေအား လှိုဏ်ခေါင်းအတွင်း နိမ့်သောနေရာတွင် စုဆောင်း၍ လုပ်ငန်းတွင် ပြန်လည်သုံးစွဲသွားပါမည်၊ ၎င်းရေအား လှိုဏ်ခေါင်းပြင်ပသို့ ထွက်ရှိခြင်း မရှိရအောင် စီစဉ်သွားပါမည်။

(ဂ) ပြင်ပမှ မိုးရေများ လှိုဏ်ခေါင်းအတွင်း မဝင်နိုင်အောင် စီစဉ်သွားပါမည်။

(၄) လေထုအရည်အသွေးထိခိုက်နိုင်ခြင်း

- စီမံကိန်းလုပ်ငန်းတွင် **(CYANIDATION METHOD)** အား အသုံးပြု၍ ရွှေကြမ်းထုတ်ယူရမည် ဖြစ်သောကြောင့် **CYANIDE (NaCn)** အား ရေနှင့်ဖျော်၍ ဖျော်ရည်အဖြစ် အသုံးပြုရပါမည်၊ ဆိုင်ရာနိုက် ဖျော်ရည်တွင် ပျော်ဝင်နေသော ဆိုင်ရာနိုက်သည် ပတ်ဝန်းကျင် အပူချိန် ၂၈ စင်တီဂရိတ် ကျော်လွန်သည်နှင့် အငွေ့ပျံပြီး လေထဲရောက်သွားပါမည်၊ ၎င်းအငွေ့သည် လေနှင့် ထိသည်နှင့် ဆိုင်ရာနိတ် အဖြစ် ဓါတ်ပြောင်း သွားပြီး လူနှင့် သက်ရှိသတ္တဝါများအား အန္တရာယ် မဖြစ်စေပါ၊ **(CYANIDATION METHOD)** တွင် အသုံးပြုရသော ဆိုင်ရာနိုက် ဆေးပြင်းအားမှာ ၀. ၀၈%မှ၀. ၀၂% အတွင်းဖြစ်ပါသည်။ ရေဂါလံ ၁၀၀လျှင် ဆိုင်ရာနိုက် ၁ပေါင် ပျော်ဝင်ပါက ဆေးပြင်းအားမှာ ၀. ၁% ဖြစ်ပါသည်၊ ဤလုပ်ငန်းစဉ်တွင် အသုံးပြုမည့် ဖျော်ရည် ပမာဏမှာ ၁၀၀ဂါလံ ဝန်းကျင်သာ ဖြစ်ပါသည်၊ ရွှေထုတ်ယူပြီးပါက ဖျော်ရည်၏ ဆေးပြင်းအားမှာ ၀. ၀၂% ထက်လျော့နည်းပါမည်၊ သို့အတွက် ဆိုင်ရာနိုက်အသုံးပြုခြင်းကြောင့် လေထုအရည်အသွေးပေါ် ထိခိုက်မှု မရှိနိုင်ပါ၊ ၎င်းအပြင် ဆိုင်ရာနိုက်သည် စျေးကြီးသော ဓါတုပစ္စည်းဖြစ်ပြီး ဆိုင်ရာနိုက်ဆုံးရှုံးမှုသည် လုပ်ငန်း၏အရှုံးဖက်သို့သာ ဦးတည်မည်ဖြစ်၍ ဆိုင်ရာနိုက် ဖျော်ရည်မှ အငွေ့ပျံမှုမရှိစေရန် ဆိုင်ရာနိုက်ဖျော်ရည်အား အမိုးအကာ အောက်တွင်လုံခြုံစွာရှိစေရန် စီမံထားရမည်ဖြစ်ပါသည်။
- ဆိုင်ရာနိုက်နည်းစဉ်ဖြင့် ရွှေကြမ်းထုတ်ယူရာတွင် တလလျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် Ore တန်(၄၀)ခန့်သာ သုံးရပါမည်။တစ်ကြိမ်လျှင် ကာဗွန် (၂)ကီလိုစရမ်းသာ သုံးပြီး ကာဗွန်အား အပူပေးရာတွင် တစ်နာရီခန့်ကြာပါမည်။ ကာဗွန်လျော့သော လျော့ပုံးမှာ လေအားသုံးရသဖြင့် ထွက်လာသောအခိုးအငွေ့သည် လေထုထဲသို့ ပျံနှံ့သွားပါမည်။ ထွက်ရှိမည့် မီးခိုးပမာဏမှာ သာမာန်ထမင်းဟင်းချက်သလောက်သာ ထွက်ရှိမည်ဖြစ်၍ သီးခြားဆောင်ရွက်ရန် မလိုအပ်ပါ။
- **အင်ဂျင်စက်များအား အင်ဂျင်ဝိုင်၊ ဂီယာဝိုင် ပုံမှန်လဲပေးခြင်းဖြင့် အခိုးအငွေ့ထွက်ရှိမှုအား လျော့ကျစေပါမည်။** လုပ်ငန်းရပ်ဆိုင်းထားသော်လည်း လေအရည်အသွေး (Ambient Air Quality) အား တိုင်းတာစမ်းသပ်စစ်ဆေးရာတွင် NAAQS သတ်မှတ်ချက်အတွင်းသာ ရှိကြောင်း တွေ့ရှိရပါသည်။ ရှေ့သတ္တုပါသောသလင်းကျောက်များကြိတ်ခွဲချိန်တွင် အစိုကြိတ် ကြိတ်ခွဲမည်ဖြစ်သောကြောင့် ဖုန်မှုန့်ထွက်ရှိမှုနည်းပါးပါသည်၊ ပတ်ဝန်းကျင်သည် အမြဲစိမ်းတော ဖြစ်သောကြောင့် ဖုန်မှုန့်များ

ပို့လွှင့်နိုင်မှုကို ကာကွယ်ပြီး ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကျေးရွာနှင့် ဝေးကွာသောကြောင့် ကျေးရွာများသို့ ဖုန်မှုန့်များ ရောက်ရှိနိုင်ခြင်းမရှိနိုင်ပါ။ လုပ်ငန်းပြန်လည်စတင်သည့်အခါ (၆)လတစ်ကြိမ် လေအရည်အသွေးအားစစ်ဆေးတိုင်းတာ သွားပါမည်။

(၅) စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း

- လှိုဏ်ခေါင်းတူးဖော်ရာမှ ထွက်ရှိလာသော ဘေးကာကျောက်များအား မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန်အတွက် လှိုဏ်ခေါင်းအဝနှင့် မိတာ (၂၀၀)ဝေးသောနေရာ မြေပုံညွှန်း (၄၇၀၇၃၉)95'51'39.4"E24'50'16.0"N တွင်စုပုံထားပါသည်။ လှိုဏ်ခေါင်းစနစ်ဖြစ်သောကြောင့်လည်းကောင်း၊ လှိုဏ်ခေါင်းခိုင်ခံ့စေရန်အတွက် မြေဖြည့်ပိတ်ခြင်း(Packing) တို့တွင် အသုံးပြုခဲ့သောကြောင့် ဘေးကာကျောက်များ ထုထည်များပြားစွာ ထွက်ရှိလာမည်မဟုတ်ပါ၊ စုပုံစဉ်ကာလကပင် ပြိုကျနိုင်မှုမရှိအောင် အောက်ခြေပတ်လည်အား ကျောက်ကြီးများအားစီ၍ ကာပါမည်၊ ၎င်းနောက် ကျောက်အသေးများအား ၄၅ဒီဂရီစောင်း၍ စုပုံသွားပါမည်၊ ကျစ်လစ်မှုရအောင် ဘတ်ဟိုးယာဉ် ဖြင့် ဖိသိပ် သွားပါမည်။

- တစ်နှစ်လျှင် ဘေးကာကျောက်နှင့် Ore တန်(၂၀၀၀)ခန့်သာ ထုတ်လုပ်ရန် လျာထားပါသည်၊ ရွှေသတ္တုပါဝင်သော Ore မှာ တန်(၅၀၀)ခန့် ရှိပါမည်၊ လှိုဏ်ခေါင်းတူးစဉ် ခိုင်ခံ့မှုရှိစေရန် ဟာနေသော နေရာများကို Packing လုပ်ရာတွင် တန်(၁၀၀၀)ခန့် သုံးရမည်ဖြစ်၍ စုပုံရန် ဘေးကာကျောက် တန်(၅၀၀)ခန့်သာ ရှိပါမည်၊ **၎င်းတန်(၅၀၀)အတွက် ၁၀မီတာ ပတ်လည်ထူ (၁.၆)မီတာရှိသော ကျောက်ပုံအား ၄၅ဒီဂရီစောင်း၍ ပုံသွားမည်ဖြစ်သော ကြောင့် ပြိုကျမှုမရှိနိုင်ပါ။**

- ရွှေသတ္တုပါဝင်သော သလင်းကျောက်ကျောအား ကြိတ်ခွဲ၍ (Cyanidation Method) ဖြင့် ရွှေထုတ်လုပ်ပြီးနောက် ထွက်ရှိလာမည့် စွန့်ပစ်သဲစာများအား (Tailing Pond) တွင်စုပုံထားရှိသွားပါမည်။ စုပုံမည့် နေရာအကျယ်အဝန်းမှာ ပေ(၂၀၀)ပတ်လည် အနက်(၆)ပေ မြေကျင်း တူး၍ ခိုင်ခံ့မှုရှိစေရန် မြေဘောင် ပြုလုပ်ထားပါမည်၊ မြေဘောင် ပြုလုပ်ထားခြင်းကြောင့် ပြင်ပမှ ရေများ (Tailing Pond) အတွင်းသို့ စီးဝင်မှုမရှိစေရန် ကာကွယ်ပြီး ဖြစ်ပါသည်၊ အောက်ခံနှင့် ဘေးဘောင်တို့အား မာကျောကျစ်လစ်မှု ရှိအောင်

အထပ်ထပ်ကြိတ်၍ (Conpact) ဖြစ်အောင် စီစဉ်ပါမည်။ ၎င်းအပေါ် မှ ပလက်စတစ်များ ခင်းထားပါမည်။ အောက်ခံမြေသားအား ၁၀ဒီဂရီခန့်စောင်း ထားမည်ဖြစ်သောကြောင့် အနိမ့်ဆုံး နေရာတွင် အရည်များ စုစည်းစေပါမည်၊၎င်း ဆိုင်ရာနိုက်ပျော်ဝင်နေသော အရည်များအား စက်ရုံသို့ပို့ပြီးပြန်လည်သုံးစွဲ သွားပါမည်၊ စွန့်ပစ်ထားသောမြေစာများ စုပုံစဉ်ကပင် မဖောက်ထုံး/ထုံးကျောက်ထည့်၍ ဆိုင်ရာနိုက်ပါဝင်မှု ရာခိုင်နှုန်းလျော့ချ သွားပါမည်၊ ဤမြေစာများအား ပိုင်းပိတ်သိမ်းဆိုန်တွင် လှိုဏ်ခေါင်းအတွင်းသို့ ပြန်လည်ထည့်သွင်းသွားပါမည်၊

ရွှေသတ္တုပါဝင်သော သလင်းကျောက်အား အစိုကြိတ် ကြိတ်စဉ်က မျှောခံထားခဲ့ပြီး မျှောပေါ်တင်ကျန်နေသော သဲစာများအား ကွန်ဂရက်ဖြင့် ပြုလုပ်ထားသော အင်ဝိုင်းလှည့်ကန်သို့ပို့ပြီး အင်ဝိုင်း၌ ရွှေပါသော သဲစာများအား ခွဲထုတ်ပါမည် **အင်ဝိုင်းလှည့်ကန်တွင် အင်ဝိုင်းဝိုင်းသောလုပ်ငန်းစဉ်တွင် ပြဒါးမပါဝင်ပါ၊** အင်ဝိုင်းပေါ်တွင် တင်ကျန်နေသော ရွှေမှုန်များ ပါသည့်သဲစာ(Concentrate) များအား ပွတ်သပ်စက် (သို့) (Rod mail) ဖြင့် မွှေကာပြဒါး ဖြင့်ရွှေဖမ်းယူပါမည်၊ ရွှေအား ပြဒါးဖြင့် ဖမ်းယူပြီးနောက်သဲစာများအား (Cyanidation Method)ဖြင့် ရွှေထုတ် ယူရာတွင် အသုံးပြု ခဲ့သောကြောင့် ၎င်းမြေစာများသည် သီးခြားစုပုံရန် မလိုပါ။

ပြဒါးဖြင့် ဖမ်းထားသောရွှေအား(Retort)ဖြင့် ပြဒါးအား ခွဲထုတ်ပြီး ပြန်လည် အသုံးပြုသောကြောင့် ပြဒါးသည် စွန့်ပစ်ပစ္စည်းအဖြစ်သို့ မရောက်ရှိပါ။

(Cyanidation Method) တွင် အသုံးပြုသော ဆိုင်ရာနိုက်ဖျော်ရည်၏ ပျင်းအား မှာ ၀.၀၂ရာခိုင်နှုန်းမှ ၀.၁ရာခိုင်နှုန်းအတွင်းသာရှိပါမည်၊ ရေ၇ါလံ (၁၀၀)တွင် ဆိုင်ရာနိုက်(၁)ပေါင် ထည့်ပါက ဆေးပြင်းအား (၀.၁)ရာခိုင်နှုန်း ဖြစ်သောကြောင့် ဆိုင်ရာနိုက်ပမာဏများစွာအသုံးပြုရခြင်းမရှိသည့်အပြင် အကြိမ် ကြိမ်ပြန်လည်အသုံးပြုမည်ဖြစ်သောကြောင့် ဆိုင်ရာနိုက်ဖျော်ရည်အား စွန့်ပစ် ပစ္စည်းအဖြစ် စွန့်ပစ်မည် မဟုတ်ပါ။

(၆) ဂေဟစနစ်ထိခိုက်နိုင်မှု

အပေါ်ယံမြေဖယ်ရှားမှု အလွန်နည်းပါးခြင်း၊ လုပ်ကွက်ဧရိယာ(၃၇.၂)ဧကတွင် (၁၀)ဧကခန့်တွင်သာ ရွှေသတ္တုထုတ်လုပ်သော လုပ်ငန်းအား လုပ်ကိုင်မည်ဖြစ်ပါသည်။ ကျန်နေရာများတွင် မည်သည့်ဝါးပင်သစ်ပင်ကိုမျှ မခုတ်ဘဲသဘာဝအတိုင်းထားရှိခြင်းတို့ ကြောင့် ဂေဟစနစ်ထိခိုက်မှုမရှိပါ။ သစ်ပင်ကျဲပါးသည့်နေရာများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များနှင့် ကျွန်းပင်များအား အစားထိုးစိုက်ပျိုးပြီး စိမ်းလန်းစိုပြေရေး၊ ကျေးငှက်သာရာကာ များနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားပါမည်။ လုပ်သားများအနေဖြင့် တောရိုင်းတိရစ္ဆာန်များအား ပစ်ခတ်ဖမ်းစီးခြင်းမပြုရန် နှင့် သစ်ပင်များမခုတ်ရန် တင်းကြပ်စွာတားမြစ်သွားပါမည်။ ဒေသခံမုဆိုးများအားလည်း လုပ်ကွက်အတွင်းနှင့်ပတ်ဝန်းကျင်တွင် သားကောင်များ ပစ်ခတ်ဖမ်းဆီးခြင်းမပြုရန် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မေတ္တာရပ်ခံတားမြစ် ထားပါသည်။

(၇) လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှု

စိမ်ကိန်းဧရိယာနှင့် အနီးဆုံးရွာမှာ တောင်ဖက်ရှိ (၇)မိုင်ခန့် ကွာဝေးသော နန့်အော့ရွာတစ်ရွာတည်း သာရှိပါသည်၊ စိမ်ကိန်းဧရိယာသည် အမြဲစိမ်းသစ်တော ဧရိယာဖြစ်ပြီး ရွာနှင့် စိမ်ကိန်းကြားတွင် တောင်ကုန်း များ သစ်တောများခံနေပါသည်၊ ရွာသူရွာသားများသည် စိမ်ကိန်းဧရိယာသို့ လာလေ့မရှိပါ၊ နန့်အော့ရွာ၏ အရှေ့ဖက်(၃)မိုင်ခန့်တွင် နန့်ခင်ရွာရှိပါသည်ငင်းရွာနှင့် စိမ်ကိန်းဧရိယာကြားတွင် ကုက္ကိုတောင်ကြောရှိနေပြီး ရွာနှင့်ဆက်စပ်မှုမရှိပါ၊ လူသွားလမ်းပင်မရှိပါ၊ နယ်မြေခံ မုဆိုးများသာ သွားလာမှုရှိပါသည်။ စိမ်ကိန်းဧရိယာ၏ မြောက်ဖက်၊ အနောက်မြောက်နှင့် အနောက်ဖက်တို့တွင် နန့်အော့ချောင်းသည် ကွေ့ပတ်စီးဆင်း နေပြီး ချောင်းနှင့် လုပ်ကွက်သည် (၁)မိုင် ခန့်ဝေးပါသည်၊ လုပ်ကွက်အတွင်းရှိ လျှိုဦးတိုသည် နန့်အော့ချောင်း နှင့် ဆက်စပ်မှုရှိပါသည်။ မိုးရွာသည့်အခါ လုပ်ကွက်အတွင်းမှ ရေများ နန့်အော့ချောင်း အတွင်းသို့ ရောက်ရှိပါသည်၊ သို့အတွက် စိမ်ကိန်းမှ အသုံးပြုသော စွန့်ပစ်ရေများသည် မြေကြီးထဲသို့ စိမ့်ဝင်၍သော်လည်းကောင်း၊ ကျော်ဖြတ်၍လည်းကောင်း၊ ချောင်းအတွင်းသို့ရောက်နိုင်ပါသည်၊ သို့အတွက် လုပ်ငန်းသုံးရေများ မြေအောက်သို့

စိမ့်ဝင်မှုမရှိရေး၊ **မိုးရွာသည့်အခါ မိုးရေများ စက်ရုံသို့ ဝင်ရောက်မှုမရှိရေး စီစဉ် မည့်အစီအစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-**

(က) ဆိုင်ယာနိုက်အသုံးပြု၍ ရွှေထုတ်ယူရာ၌ စိမ်ကန်အားအသုံးပြုပါမည်၊ စိမ်ကန်အား ကွန်ဂရစ်ဖြင့် အခိုင်အမာဆောက်လုပ်ပြီး ၎င်းအပေါ်တွင် ပလပ်စတစ် မိုးကာစ ထပ်မံခင်းထား ပါမည်၊

(ခ) ဆိုင်ယာနိုက်အသုံးပြုပြီးနောက် စွန့်ထုတ်ရေနှင့် သဲစာတို့အား အနည်ထိုင်ကန်သို့ ပေးပို့ပါမည်၊ ၎င်းအနည်ထိုင်ကန် အောက်ခြေနှင့် ဘေးကာများအား ကွန်ဂရစ်ဖြင့် တည်ဆောက်ထားပြီး မိုးကာစပါ ထပ်မံခင်းထားပါမည်။

(ဂ) အနည်ထိုင်ကန်တွင် ဆိုင်ရာနိုက်ဖျော်ရည်နှင့် သဲစာတို့အား ခွဲထုတ်ပြီးနောက် ဆိုင်ရာနိုက်ဖျော်ရည်အား ချက်ကန်သို့ပို့ပြီး အကြိမ်ကြိမ် ပြန်လည်အသုံးပြုသွားပါမည်၊ ၎င်းဖျော်ရည်အား စွန့်ပစ်ခြင်းမပြုပါ၊

(ဃ) ချက်ကန်၊ အနည်ထိုင်ကန်တို့ပါဝင်သော စက်ရုံဇရိယာ ပတ်လည်တွင် ရေနုတ်မြောင်းတူးပြီး ပြင်ပမှ မိုးရေများ စီးဝင်ခြင်းမရှိရအောင် စီစဉ်သွားပါမည်၊ စက်ရုံမှထွက် ရှိသောရေအား ရေစုကန်ပြုလုပ်၍ ရေအားသန့်စင်ပြီးမှသာ ပြင်ပသို့ ထွက်စေပါမည်။

ရေသန့်စင်မှုပြုလုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) စွန့်ပစ်ရေများအား အနည်ထိုင်ကန် Setting Pond တွင် အနည်ထိုင်စေပါမည်။

(၂) စက်ရုံဇရိယာအတွင်း ပေ(၁၀၀)ပတ်လည်ခန့် နေရာတွင် မြေမျက်နှာပြင်အား ရေအိုင်သဖွယ်ပြုပြင်ပြီးနောက် ရေအိုင်များတွင်ပေါက်ရောက်လေ့ရှိသော ဒေသမြက်ရိုင်းများ (ကိုင်းပင်၊ ဇေဒါပင်) စိုက်ပြီး Wet Land Pond ပြုလုပ်ပါမည်။

(၃) Setting Pond တွင်အနည်ထိုင်စေပြီးသော ရေအား Wet Land Pond သို့ ပို့ပြီး Passive Treatment ပြုလုပ်ခါ စက်ရုံသုံးရေ Recycle Process Water အဖြစ် ပြန်လည်အသုံးပြုသွားပါမည်။

(c) **ဆိုင်ရာနိုက်အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) ဆိုင်ယာနိုက်အသုံးပြုသူများအား (PPE) ဝတ်စုံများဖြစ်သည့် နှာခေါင်းစည်း၊ ဦးထုပ်၊ လက်အိတ်၊ မျက်မှန်နှင့် ဘွတ်ဖိနပ်များ ဝတ်ဆင်စေပြီးမှ ကိုင်တွယ်အသုံးပြုစေပါ မည်။

(၂) ဆိုင်ယာနိုက်အသုံးပြုပြီးပါကလည်း လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို စင်ကြယ်စွာ ဆပ်ပြာဖြင့်ဆေးကြောစေခြင်း၊ ရေချိုး၊ အဝတ်အစားလဲလှယ်စေခြင်း တို့ ဆောင်ရွက်ပါမည်။

(၃) ဆိုင်ယာနိုက်ချက်ကန်၊ ဆိုင်ယာနိုက်ထားသိုသည့်နေရာများတွင် ''ဆေးလိပ်မသောက်ရ'' ဆိုင်းဘုတ်တပ်ဆင်ထားခြင်းနှင့် အသိပညာပေးခြင်း၊ ဘေးအန္တရာယ်ရှိ သင်္ကေတပြဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း ဆောင်ရွက်ပါမည်။

(၄) ဆိုင်ယာနိုက်ချက်ကန်နှင့် ဆိုင်ယာနိုက်ထားသိုရာနေရာအနီးတွင် အစားစားခြင်းမှ ရှောင်ကြဉ်စေပါမည်။

(၅) ဆိုင်ယာနိုက်ချက်ကန်အတွင်း တာဝန်ရှိသူမှအပ လူနှင့် တိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ဝန်းထရံများ စနစ်တကျကာရံထားခြင်း ဆောင်ရွက်ပါမည်။

(၆) ဆိုင်ယာနိုက်ကန်များတွင် မသက်ဆိုင်သူများနှင့် တိရစ္ဆာန်များ မလာရောက်နိုင်အောင် ချက်ကန်စောင့် (၁) ယောက် အမြဲထားရှိဆောင်ရွက်ပါမည်။

(၇) ဆိုင်ယာနိုက်များကို လေအဝင်/အထွက် ကောင်းမွန်ပြီး ခြောက်သွေ့သည့်အလင်းရောင်ကောင်းစွာရရှိသည့် နေရာတွင်ထားရှိသွား ပါမည်။

(၈) ဆိုင်ယာနိုက်အဆိပ် လူ၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်ပုံနှင့် ဆိုင်ယာနိုက်အဆိပ်သင့် ခြင်း လက္ခဏာများကို ဆွေးနွေးပြောကြားခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေး ခြင်း၊ လုပ်ငန်းခွင်တွင် ပိုစတာများကပ်ထားပေးခြင်းတို့ ဆောင်ရွက်ပါမည်။

(စ) **အရေးပေါ်ကုသမည့်နည်းလမ်းများ**

ဆိုင်ယာနိုက်ကိုင်တွယ်သူများ ဆိုင်ယာနိုက်အဆိပ်သင့်မှုလက္ခဏာများ ဖြစ်ပေါ်လာပါက အောက်ပါကုသမှုများကို အမြန်ဆုံးပြုလုပ်ပေးပါမည်။

(၁) လူနာအား ရေများများတိုက်ပေးခြင်း၊ အော့အန်အောင်လုပ်ပေးခြင်း၊

(၂) လူနာအား အသက်ရှူကိရိယာတပ်ဆင်ပေးခြင်း၊

(၃) လူနာအား လေကောင်းလေသန့်ရရှိသည့်နေရာတွင် လဲလျောင်းစေခြင်း၊

(၄) ဆိုင်ယာနိုက်သုံးစွဲရာတွင် တပ်ဆင်ထားသည့် အဝတ်အစားများကို အမြန်ချွတ်ပေးစေခြင်း၊

(၅) လူနာ၏ ကိုယ်၊ လက်၊ ခြေထောက်၊ မျက်နှာတို့အား ဆေးကြောသန့်စင်ပေးခြင်း၊

(၆) နွေးထွေးစွာ အဝတ်အစားဝတ်ဆင်စေခြင်းတို့ ဆောင်ရွက်ပြီးနောက် ဆေးရုံ၊ ဆေးခန်းသို့ ကုမ္ပဏီပိုင်ယာဉ်ဖြင့် အမြန်ဆုံးပို့ဆောင်ကုသပေးခြင်းတို့ ဆောင်ရွက်ပါမည်။

(ဆ) **ဆိုင်ယာနိုက်ပါဝင်သောရေများ မြေအောက်စိမ့်ဝင်မှုမရှိစေရန် ဆောင်ရွက်မည့်နည်းလမ်း**

(၁) ချက်ကန်တွင် ဆိုင်ယာနိုက်အသုံးပြု၍ ရွှေထုတ်ယူရာ၌ ချက်ကန်အောက်ခြေအား ကွန်ဂရစ်ခင်းပြီး ၎င်းအပေါ်တွင် ပလပ်စတစ်မိုးကာစ နှစ်ထပ်ခင်းထားပါမည်၊ ချက်ကန် ဘေးပတ်လည်အား ကွန်ဂရစ်ဖြင့် အမြင့် (၃)ပေ ရအောင် ဆောင်ရွက်ထားပါမည်။ ၎င်းအပြင် ပလတ်စတစ်မိုးကာစ (၂)ထပ် ထပ်မံကာထားပါမည်။

(၂) ဆိုင်ယာနိုက်အသုံးပြုပြီးနောက် စွန့်ထုတ်ရေနှင့် သဲစာတို့အား အနည်ထိုင်ကန်သို့ ပေးပို့ပါမည်၊ ၎င်းအနည်ထိုင်ကန် အောက်ခြေနှင့် ဘေးကာများအား ကွန်ဂရစ်ဖြင့် တည်ဆောက်ထားပြီး မိုးကာစပါ ထပ်မံခင်းထားပါမည်။

(၃) အနည်ထိုင်ကန်တွင် ဆိုင်ရာနိုက်ဖျော်ရည်နှင့် သဲစာတို့အား ခွဲထုတ်ပြီးနောက် ဆိုင်ရာနိုက်ဖျော်ရည်အား ချက်ကန်သို့ပို့ပြီး အကြိမ်ကြိမ် ပြန်လည်အသုံးပြုသွားပါမည်၊ ၎င်းဖျော်ရည်အား စွန့်ပစ်ခြင်းမပြုပါ။

(၄) ချက်ကန်၊ အနည်ထိုင်ကန်တို့ပါဝင်သော စက်ရုံဧရိယာ ပတ်လည်တွင် ရေနုတ်မြောင်းတူးပြီး ပြင်ပမှ မိုးရေများ စီးဝင်ခြင်းမရှိရအောင် စီစဉ်သွားပါမည်၊ စက်ရုံမှထွက်ရှိသောရေအား ရေစုကန်ပြုလုပ်၍ ရေအားသန့်စင်ပြီးမှသာ ပြင်ပသို့ ထွက်စေပါသည်၊

(၈) ဆိုင်ယာနိုက်မှ အန္တရာယ်မဖြစ်စေရန်နှင့် လျော့ချမည့်နည်းလမ်း

ဆိုင်ယာနိုက်ပျော်နေဝင်သောရေနှင့် သဲစာတို့အား ထုံး၊ ဆိုဒီယမ် ဟိုက်ပိုကလိုရိုက်၊ ဆိုဒီယမ်ကလိုရိုက် (NaCL) တို့ထည့်၍ ဓာတ်ပြယ်စေရန် ဆောင်ရွက်ခြင်းပြုလုပ်ပြီးမှသာ စွန့်ပစ်ပါမည်။ **ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် တစ်ပေါင်းသည် ဆိုင်ရာနိုက်တစ်ပေါင် အား ခြေဖျက်နိုင်စွမ်းရှိသဖြင့် ၎င်းအား ထိရောက်စွာ အသုံးပြုသွားပါမည်။**

(၉) ဆိုင်ယာနိုက်အဆိပ်သင့်မှုမဖြစ်စေရန် တားဆီးကာကွယ်မှုနည်းလမ်းများ

(၁) လုပ်ငန်းခွင်သုံးဝတ်စုံ သီးသန့်ထားပေးပါမည်။

(၂) လက်သည်း၊ ခြေသည်း ရှည်သူများ၊ ဒဏ်ရာအနာရှိသူများအား ဆိုင်ယာနိုက်ကို လုံးဝမကိုင်စေရန် ဆောင်ရွက်ပါမည်။

(၃) လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို မဆေးကြောဘဲ အစားစားခြင်းမပြုလုပ်ရန် အသိပေးပါမည်။

(၄) လုပ်ငန်းခွင်မှမပြန်မီ ရေချိုးခြင်း၊ အဝတ်အစားလဲလှယ်ခြင်းတို့ ဆောင်ရွက်ပြီးမှ အိမ်ပြန်စေပါမည်။

(၅) လုပ်ငန်းခွင်တွင် ဦးထုပ်၊ နှာခေါင်းစည်း၊ မျက်မှန်၊ လက်အိတ်နှင့် ဘွတ်ဖိနပ်တို့ကို စနစ်တကျအသုံးပြုစေပါမည်။

(ည) **ပြဒါးအဆိပ်သင့်မှုမဖြစ်စေရန် တားဆီးကာကွယ်မှုနည်းလမ်းများ**

(၁) ပြဒါးနှင့်ဆက်စပ်လုပ်ကိုင်နေသည့် လုပ်သားများအား လက်အိတ် (Glove)၊ နှာခေါင်း စည်း (Mask) နှင့် မျက်လုံးကာမျက်မှန်များ ဝတ်ဆင်စေပါမည်။

(၂) ပြဒါးကိုင်တွယ်ပြီးပါက ကိုယ်လက်အင်္ဂါများသန့်ရှင်းအောင် ဆေးကြောစေပါမည်။

(၃) ပြဒါးနှင့် ဆက်စပ်လုပ်ကိုင်နေရသော လုပ်သားများအား ပြဒါးအဆိပ်သင့်ခြင်းကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများ၊ အဆိပ်သင့်ခြင်းလက္ခဏာများ၊ အဆိပ်သင့်ပါက ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို အသိပေး၊ ပညာပေးခြင်း၊ ပညာပေးစာ စောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပါမည်။

(ဋ္ဌ) **ပြဒါးအသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု**

(၁) ပြဒါးအသုံးပြုခြင်းကြောင့် ပြဒါးပါသော အခိုးအငွေ့များ လေထုထဲသို့ရောက်ရှိစေခြင်းနှင့် လေထုညစ်ညမ်းစေခြင်း၊ ပြဒါးပါဝင်သောရေများအား စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းစေခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

(၂) ပြဒါးအဆိပ်သင့်ခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါများ၊ ကျောက်ကပ်နှင့်ဆိုင်သောရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်စေနိုင်သည့်အပြင် အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

(ဌ) **ပြဒါးအဆိပ်သင့်ခြင်းလက္ခဏာများ**

(၁) ဆံပင်များကျွတ်ခြင်း

(၂) ယားယံခြင်း

(၃) အဆုတ်ရောဂါဖြစ်ခြင်း

(၄) ကျောက်ကပ်ပျက်စီးခြင်း

(၃) **ပြဒါးအဆိပ်သင့်ခြင်းဖြစ်ပါက အရေးပေါ်ဆောင်ရွက်မည့်နည်းလမ်း**

ပြဒါးအသုံးပြုသည့်လုပ်သားများ ပြဒါးအဆိပ်သင့်သည့်လက္ခဏာများ ဖြစ်ပေါ်လာပါက အဆိပ်သင့်လူနာများအား ဆားငံရည်တိုက်၍ ပြဒါးအဆိပ်လျော့နည်းအောင် ဆောင်ရွက်ပေးခြင်း၊ နီးစပ်ရာ မံစီကြိုး တိုက်နယ် ဆေးရုံသို့လည်းကောင်း၊ ဗန်းမောက်မြို့နယ်၊ ပြည်သူ့ဆေးရုံသို့လည်းကောင်း အမြန်ဆုံးပို့ဆောင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပါမည် သို့လည်းကောင်း၊ ဗန်းမောက် မြို့နယ်၊ ပြည်သူ့ဆေးရုံသို့လည်းကောင်း အမြန်ဆုံးပို့ဆောင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပါမည်။

(၈) **ပြဒါးအန္တရာယ်မဖြစ်စေရန် လျော့ချမည့်နည်းစနစ်**

(၁) အင်ဝိုင်းလှည့်ကန် (မုံကန်) ကို ကွန်ဂရစ်အုတ်ကန် ပြုလုပ်၍ ၎င်းအပေါ်တွင် ပလပ်စတစ်အထူစ ခင်း၍ ခင်း၍ လုပ်ဆောင်ခြင်းအားဖြင့် ပြဒါးပါသောရေများ မြေထဲသို့စိမ့်ဝင်နိုင်မှုမရှိအောင် ဆောင်ရွက်ခြင်း၊

(၂) အင်ဝိုင်းလှည့်ပြီးရေများကို စွန့်ပစ်ခြင်းမပြုဘဲ အရိပ်အောက်တွင်ထားသော ကွန်ကရစ်ကန်တွင်စုဆောင်းထားပြီး ပြန်လည်အသုံးပြုခြင်း၊

(၃) အင်ဝိုင်းလှည့်ကန်တွင် ကျန်ခဲ့သည့်သဲစာများကို စွန့်ပစ်ခြင်းမပြုဘဲ အကြိမ်ကြိမ် အင်ဝိုင်းလှည့်ခြင်းဖြင့် ကြွင်းကျန်ခဲ့သည့်ရွှေကို ဖမ်းယူခြင်းနှင့် ပြဒါးအား ပြန်လည် အသုံးပြုခြင်း၊

(၄) ပြဒါးဖြင့် ဖမ်းထားသော ပြဒါးစုရွှေမှ ရွှေကိုခွဲထုတ်ယူရာတွင် (Retort) အား အသုံးပြုခြင်းအားဖြင့် လေထုအတွင်းသို့ ပြဒါးငွေ့များ မရောက်ရှိစေခြင်းနှင့် ပြဒါးအား ပြန်လည် ရယူခြင်း ဆောင်ရွက်ပါမည်၊

(၈) အထက်အပိုဒ်ခွဲငယ် (က မှ ဃ)တို့အပြင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် လုပ်ကွက်မှ ထွက်လာ သော လျှိုနှင့်နန့်အော ချောင်းဆုံတွင်တစ်နေရာ၊ နန့်အော့ရွာထိပ်ရှိ ချောင်းတွင်တစ်နေရာ ကျေးရွာမှ အသုံးပြုသော ရေတွင်းတွင်တစ်နေရာတို့တွင် စစ်ဆေးမည့်အစီအစဉ်အား ၎င်းလက်ရှိ အရည်အသွေး(Base Line) များအား ရယူထားပြီး စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အား စာမျက်နှာ(၈၃၊၈၄၊၈၅)တွင် အသေးစိပ်အား ဖော်ပြထားပြီး ဖြစ်ပါသည်၊ အကယ်၍ ထိခိုက်မှုရှိပါက စီမံကိန်းအား ချက်ချင်းရပ်ဆိုင်းပြီး ထိခိုက်မှုလျော့ချရေး အစီအစဉ်ပါအတိုင်း အကောင် အထည်ဖော်ဆောင်ရွက် သွားပါမည်။

(၈) စီမံကိန်းအနေဖြင့် ၁၇. ၁၂. ၁၄မှ စ၍လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်ပါသည်၊ စီမံကိန်းဧရိယာ၏ မြေပုံ ညွှန်း **83P/13 (471737)** (95˚ 51'43.6"E24˚ 50'12.0"N) နေရာတွင် မြေအောက်လုပ်ငန်း ဖြစ်သော လှိုင်ခေါင်းတူးဖော်သော လုပ်ငန်းကို မီတာ၄၀၀ ရောက်သည်အထိ မြေပြင်မှအနက်၃၀မီတာတွင် တူးဖော်သောလုပ်ငန်းကိုသာလုပ်ကိုင်နိုင်ပါသေးသည်၊ ရွှေသတ္တုပါဝင်သော သတ္တုကြောကိုရှာဖွေ နေဆဲဖြစ်ပါသည်စက်ရုံတည်ဆောက်ရခြင်းမရှိသေးပါ၊ ဆိုင်ရာနိုက်ပြဒါး သုံးစွဲရခြင်းမရှိသေးပါ၊ ကျောက်သားအမာအား **JACK HAMMER** အသုံးပြု၍ အပေါက်ဖောက်ခါ ယမ်းအားဖြင့် ဖောက်ခွဲ၍ ၆ပေအမြင့် ၆ပေအကျယ်ရှိသော လှိုဏ်ခေါင်းတူးဖော်ဆဲ ဖြစ်ပါသည်၊ အပေါ်ယံမြေသား ဖယ်ရှားရခြင်းမရှိပါ၊ လှိုဏ်ခေါင်းတူးမည့်နေရာပေ၅၀ ပတ်လည်ကိုသာ မျက်နှာသစ်မြေညှိရခြင်းသာရှိပါသည်။ အသုံးပြုသော ယမ်းမှာ တစ်ကြိမ်လျှင် ၂ကီလို၀ရမ် သုံးပြီး တစ်နေ့လျှင် ၃ကြိမ်သာ ဖောက်ခွဲပါသည်၊ မီးစက်၊ လေစက်များသာ အသုံးပြုရပါသေးသည်၊ ဆူညံသံ ထွက်ပေါ်ခြင်းမရှိပါ၊ တုန်ခါမှု သိသာစွာ ဖြစ်ပေါ်ခြင်းမရှိပါ၊ ဖုံမှုန့်များ ပျံ့လွင့်ခြင်း မရှိပါ၊ လေထုအရည်အ သွေးအား ထိခိုက်ခြင်းမရှိသေးပါ၊ လက်ရှိအချိန်တွင် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေးသေးပါ၊ ရွှေသတ္တုပါ ဝင်သော သတ္တုကြောသို့ ေ ရာက်ပြီး ရွှေထုတ်လုပ်ခြင်း လုပ်ငန်းစတင်မှ သာလျှင် ဖြစ်ပေါ်နိုင်သော ထိခိုက် မှုများအား သက်ဆိုင်ရာ အခန်းအလိုက် စီစစ်ထားပြီး ကုစားမည့်အစီအစဉ်များကို **EMP** အစီရင်ခံစာ တွင်အခန်းအလိုက်ဖော်ပြထားပါသည်။

(၉) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်**

အသေးစားရွှေသတ္တုတူးဖော်မှု လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဖွဲ့စည်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ သတ်မှတ်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များအား စာမျက်နှာ (၈၃၊၈၄၊၈၅) တို့တွင် ဖော်ပြထားပါသည်။

(၁၀) **ဆိုင်ယာနိုက်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်မည့်နည်းလမ်းအောက်ပါအတိုင်းဆောင်ရွက်ပါမည်။**

(၁) ဆိုင်ယာနိုက်အသုံးပြုသူများအား (PPE) ဝတ်စုံများဖြစ်သည့် နှာခေါင်းစည်း၊ ဦးထုပ်၊ လက်အိတ်၊ မျက်မှန်နှင့် ဘွတ်ဖိနပ်များ ဝတ်ဆင်စေပြီးမှ ကိုင်တွယ်အသုံးပြုစေပါ မည်။

(၂) ဆိုင်ယာနိုက်အသုံးပြုပြီးပါကလည်း လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို စင်ကြယ်စွာဆပ်ပြာဖြင့်ဆေးကြောစေခြင်း၊ ရေချိုး၊ အဝတ်အစားလဲလှယ်စေခြင်း တို့ ဆောင်ရွက်ပါမည်။

(၃) ဆိုင်ယာနိုက်ချက်ကန်၊ ဆိုင်ယာနိုက်ထားသိုသည့်နေရာများတွင် ''ဆေးလိပ်မသောက်ရ'' ဆိုင်းဘုတ်တပ်ဆင်ထားခြင်းနှင့် အသိပညာပေးခြင်း၊ ဘေးအန္တရာယ်ရှိ သင်္ကေတပြဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း ဆောင်ရွက်ပါမည်။

(၄) ဆိုင်ယာနိုက်ချက်ကန်နှင့် ဆိုင်ယာနိုက်ထားသိုရာနေရာအနီးတွင် အစားစားခြင်းမှရှောင်ကြဉ်စေပါမည်။

(၅) ဆိုင်ယာနိုက်ချက်ကန်အတွင်း တာဝန်ရှိသူမှအပ လူနှင့် တိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ဝန်းထရံများ စနစ်တကျကာရံထားခြင်း ဆောင်ရွက်ပါမည်။

(၆) ဆိုင်ယာနိုက်ကန်များတွင် မသက်ဆိုင်သူများနှင့် တိရစ္ဆာန်များ မလာရောက်နိုင်အောင် ချက်ကန်စောင့် (၁) ယောက် အမြဲထားရှိဆောင်ရွက်ပါမည်။

(၇) ဆိုင်ယာနိုက်များကို လေအဝင်/အထွက် ကောင်းမွန်ပြီး ခြောက်သွေ့သည့်အလင်းရောင်ကောင်းစွာရရှိသည့် နေရာတွင်ထားရှိသွား ပါမည်။

(၈) ဆိုင်ယာနိုက်အဆိပ် လူ၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်ပုံနှင့် ဆိုင်ယာနိုက်အဆိပ်သင့် ခြင်း လက္ခဏာများကို ဆွေးနွေးပြောကြားခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေး ခြင်း၊ လုပ်ငန်းခွင်တွင် ပိုစတာများကပ်ထားပေးခြင်းတို့ ဆောင်ရွက်ပါမည်။

(၁၁) **ပြဒါးအန္တရာယ်မဖြစ်စေရန် လျော့ချမည့်နည်းစနစ်**

(၁) အင်ဝိုင်းလှည့်ကန် (မုံကန်) ကို ကွန်ဂရစ်အုတ်ကန် ပြုလုပ်၍ ၎င်းအပေါ်တွင် ပလပ်စတစ်အထူစ ခင်း၍ ခင်း၍ လုပ်ဆောင်ခြင်းအားဖြင့် ပြဒါးပါသောရေများ မြေထဲသို့စိမ့်ဝင်နိုင်မှုမရှိအောင် ဆောင်ရွက်ခြင်း၊

(၂) အင်ဝိုင်းလှည့်ပြီးရေများကို စွန့်ပစ်ခြင်းမပြုဘဲ အရိပ်အောက်တွင်ထားသော ကွန်ကရစ်ကန်တွင်စုဆောင်းထားပြီး ပြန်လည်အသုံးပြုခြင်း၊

(၃) အင်ဝိုင်းလှည့်ကန်တွင် ကျန်ခဲ့သည့်သဲစာများကို စွန့်ပစ်ခြင်းမပြုဘဲ အကြိမ်ကြိမ် အင်ဝိုင်းလှည့်ခြင်းဖြင့် ကြွင်းကျန်ခဲ့သည့်ရွှေကို ဖမ်းယူခြင်းနှင့် ပြဒါးအား ပြန်လည် အသုံးပြုခြင်း၊

(၄) ပြဒါးဖြင့် ဖမ်းထားသော ပြဒါးစုရွှေမှ ရွှေကိုခွဲထုတ်ယူရာတွင် (Retort) အား အသုံးပြုခြင်းအားဖြင့် လေထုအတွင်းသို့ ပြဒါးငွေ့များ မရောက်ရှိစေခြင်းနှင့် ပြဒါး အား ပြန်လည် ရယူခြင်း ဆောင်ရွက်ပါမည်၊

(၁၂) **ပြဒါးအဆိပ်သင့်မှုမဖြစ်စေရန် တားဆီးကာကွယ်မှုနည်းလမ်းများ**

(၁) ပြဒါးနှင့်ဆက်စပ်လုပ်ကိုင်နေသည့် လုပ်သားများအား လက်အိတ် (Glove)၊ နှာခေါင်း စည်း (Mask) နှင့် မျက်လုံးကာမျက်မှန်များ ဝတ်ဆင်စေပါမည်။

(၂) ပြဒါးကိုင်တွယ်ပြီးပါက ကိုယ်လက်အင်္ဂါများသန့်ရှင်းအောင် ဆေးကြောစေပါမည်။

(၃) ပြဒါးနှင့် ဆက်စပ်လုပ်ကိုင်နေရသော လုပ်သားများအား ပြဒါးအဆိပ်သင့်ခြင်းကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများ၊ အဆိပ်သင့်ခြင်း လက္ခဏာများ၊ အဆိပ်သင့်ပါက ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို အသိပေး၊ ပညာပေးခြင်း၊ ပညာပေးစာ စောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပါမည်။

ဆူညံသံ၊ ရေ၊ လေ၊ မြေ၊ ဇီဝမျိုးစုံ မျိုးကွဲ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးစီမံချက်များ

၂၇။ အဆိုပြုစီမံကိန်းတွင် မန်နေဂျာအပါအဝင် ဝန်ထမ်းစုစုပေါင်း(၂၈)ဦးသာ ရှိသောလုပ်ငန်းဖြစ်ပါသည်၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးသည် စီမံကိန်းတွင် အမြဲရှိနေမည်ဖြစ်ပြီး မန်နေဂျာနှင့်အတူ လုပ်ငန်းအားကြီးကြပ်ကွပ်ကဲ သွားမည်ဖြစ်ပါသည်၊ ယခုရေးဆွဲမည့် စီမံချက်များအတွက် ဘတ်ချက်လျာထားမှုသည် သီးခြားမဟုတ်ပဲ မူလစီမံကိန်း လျာထားချက်တွင် ပါဝင်ပြီးဖြစ်ခြင်း၊ ပစ္စည်းများ ဝယ်ယူပြီးဖြစ်ခြင်းကြောင့်၎င်း၊ လိုအပ်ချက်ရှိပါက ကုမ္ပဏီဒါရိုက်တာ၏ ဆုံးဖြတ်ချက်ဖြင့် ချက်ခြင်းဝယ်ယူ သုံးစွဲနိုင်ခွင့်ရှိမည်ဖြစ်၍ ဘတ်ဂျက်သီးခြား လျာထားခြင်းမပြုပါ၊ လုပ်ငန်းများ အကောင်အထည်ဖော် ကွပ်ကဲရာတွင် ကုမ္ပဏီဒါရိုက်တာမှ မန်နေဂျာသို့ လိုအပ်သလို ညွှန်ကြားသွားနိုင်မည်ဖြစ်၍ စီမံချက်အတွက် ကွပ်ကဲသူ သီးခြား ခန့်အပ်သွားမည် မဟုတ်ပါ။

၂၈။ **ဆူညံသံနှင့် တုန်ခါမှုလျော့ချရေး ။ ။ အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-**

(က) အလုပ်ချိန်မှာ နံနက် (၆း၀၀)နာရီ မှ (၁၆း၀၀)နာရီ ဖြစ်သောကြောင့် အလုပ်လုပ်ချိန်အတွင်း ဆူညံသံထွက်စေသော ရေဒီယို၊ကက်ဆက်များ ဖွင့်ခြင်းကို တားမြစ်ထားပါသည်။

(ခ) အလုပ်နားချိန်(၁၆း၀၀)နာရီ နောက်ပိုင်း လုပ်သားများ နားနေချိန်များတွင် ကျယ်လောင်စွာ အသံထွက်စေသည့် sound box များ ဖွင့်လှစ်ခြင်း ကျယ်လောင်စွာ စကားပြောခြင်းများကို ခွင့်မပြုပါ။

(ဂ) လုပ်သားများ အိပ်ချိန် (၂၂း၀၀)နာရီ နောက်ပိုင်း မည်သည့် အသံမျှ ထွက်ပေါ်ခြင်းမရှိစေရန် တားမြစ်သွားပါမည်။

(ဃ) မလိုအပ်ပဲ ကားဟွန်းတီးခြင်းများ မလုပ်စေရေး တားမြစ်သွားပါမည်။

(င) ရေစက်၊ မီးစက်၊ လေပေးစက်များ၏ အသံတိတ်ကရိယာ Silencer များအား မူလစက်ရုံထုတ်အတိုင်း ဖြစ်အောင်ဂရုစိုက်သွားပါမည်။

(စ) မီးစက်၊ရေစက်၊လေပေးစက်များအား အမြဲစစ်ဆေးပြီး မလိုအပ်ပဲ စွမ်းအားကုန် မောင်းနှင်ခြင်းမပြုစေရန် ကြီးကြပ်သွားပါမည်။

(ဆ) လှိုက်ခေါင်းအတွင်း မိုင်းခွဲရာတွင် သတ်မှတ်ထားသည့် ယမ်းအားအတိုင်း ဖြစ်စေရန် ကြီးကြပ်သွားပါမည်။

၂၉။ **<u>မြေပေါ်ရေမြေအောက်ရေများထိခိုက်မှုလျော့ချရေး</u>** ။။အောက်ပါအတိုင်းဆောင်ရွက်သွားပါမည်

(က) မိုးရေများ စီမံကိန်းဧရိယာအတွင်း စီးဝင်နိုင်ခြင်း မရှိစေရန်၊ စီမံကိန်းဧရိယာ ပတ်လည်တွင် ရေနုတ်မြောင်းများ တူးဖော်သွားပြီး မိုးရေများ နန့်အော့ချောင်းအတွင်းသို့ သီးသန့်စီးဝင်သွားစေရန် ဆောင်ရွက်သွားပါမည်။

(ခ) စီမံကိန်း ဧရိယာအတွင်း ရွာသွန်းသော မိုးရေများ စက်ရုံအတွင်း မဝင်နိုင်ရေး ရေနုတ်မြောင်းများတူးခြင်း၊ မြေဘောင်များဖို့ခြင်း ဆောင်ရွက်သွားပါမည်။

(ဂ) စက်ရုံအတွင်းမှ မိုးရေနှင့် သုံးစွဲပြီးရေများအား ရေစုကန်တွင် စုဆောင်းပါမည်၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြုပြင်ပြီးမှ လုပ်ကွက်ပြင်ပသို့ စီးဆင်းစေပါမည်။

(ဃ) စွန့်ပစ်သဲစာ (Tailing) များထားမည့် နေရာအား မြေဘောင်ခိုင်ခန့်အောင် ပြုလုပ်ပြီး ပြင်ပမှ ရေများစီးဝင်နိုင်ခြင်း မရှိစေရေးနှင့် စွန့်ပစ်ရေများ ပြင်ပသို့ မထွက်နိုင်ရေး ဆောင်ရွက်သွားပါမည်။

(င) စွန့်ပစ်ကန်အောက်ခြေနှင့် ဘေးဘောင်အား သိပ်သည်းအောင် ကြိတ်ဖို့ခြင်း ၁၀ဒီဂရီအစောင်းထားခြင်း၊ အောက်ခံနှင့် ဘေးကာအား မိုးကာများခင်းခြင်းဖြင့် မြေအောက်သို့ စိမ့်ဝင်ခြင်း မရှိစေရန် ဆောင်ရွက်ပါမည်။

(စ) လှိုဏ်ခေါင်းတူးရာမှ ထွက်လာသော ရေများအား လှိုဏ်ခေါင်းအတွင်း နိမ့်သောနေရာတွင် စု၍ လုပ်ငန်းတွင် ပြန်လည်အသုံးပြုခြင်းဖြင့် လှိုဏ်ခေါင်းပြင်ပသို့ မထွက်ရှိစေရန် ဆောင်ရွက်ပါမည်။

(ဆ) လှိုဏ်ခေါင်းသည် ကျောက်သားအတွင်း တူးဖော်ရသောကြောင့် မြေအောက်ရေသို့ စိမ့်ဝင်ခြင်း မရှိအောင် ဆောင်ရွက်ပါမည်။

(ဇ) လုပ်သားတဲများ၊ မီးဖိုဆောင်များတွင် ရေစုကန်များ တူးဖော်ထားပြီး ၎င်းတွင်စုဆောင်း၍ စံချိန်စံညွှန်းမှီအောင် ပြုလုပ်ပြီးမှ လုပ်ကွက်ပြင်ပသို့ စွန့်ထုတ်ပါမည်။

(ဈ) အင်ဝိုင်းလှည့်ကန်နှင့် ချက်ကန်များ၊ အနည်ထိုင်ကန်တို့အား ကွန်ဂရစ်ဖြင့် တည်ဆောက်ထားပြီး မိုးကာစပါ ထပ်မံခင်းထားမည် ဖြစ်သောကြောင့် ဆိုင်ရာနိုက်ဟော်ဝင် ရေအား မြေအောက်သို့ စိမ့်ဝင်ခြင်း မရှိအောင် ဆောင်ရွက်သွားပါမည်။

၃၀။ **<u>လေထုအရည်အသွေး ထိခိုက်မှုလျော့ချမည့် စီမံချက်</u>**။ ။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆိုင်ရာနိုက်ဖော်ရည်များ အင်္ဂေပျံမှုမရှိစေရန် လုံခြုံသော အမိုးအကာအောက်တွင် ခိုင်ခန့်သော ကွန်ဂရစ်ကန် (သို့) ပလပ်စတစ်စည်များတွင် ထည့်သွင်းထားပါမည်။

(ခ) ပြဒါးစုရွှေအား အပူပေး၍ ပြဒါးနှင့် ရွှေအား ခွဲထုတ်သည့်အခါ (Retord) အသုံးပြုခြင်းအားဖြင့် ပြဒါးများ လေထုအတွင်း ပျံ့လွင့်ခြင်းမရှိစေရန် စီစဉ်သွားပါမည်။

(ဂ) လှိုဏ်ခေါင်းတူးရာတွင် ယမ်းအသုံးပြုခြင်းအား အနည်းဆုံးဖြစ်စေရန် စီစဉ်သွားပါမည်။

(ဃ) မီးစက်၊ ရေစက်၊ လေပေးစက်များအား ပုံမှန်စစ်ဆေးပြီး အင်ဂျင်ဝိုင်လဲပေးခြင်းဖြင့် အခိုးအငွေ့ထွက်နည်းအောင် ဆောင်ရွက်သွားပါမည်။

(င) ရွှေသတ္တုပါဝင်သော သလင်းကျောက်ကြော (Quartz Vein) အားကြိတ်ခွဲရာတွင် ရေဖြန်း၍ အစိုကြိတ်ကြိတ်ခြင်းဖြင့် ကျောက်မှုန့်များ လေထုအတွင်း ပျံ့လွင့်မှု အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားပါမည်။

(စ) မော်တော်ကားသွားလမ်းအား ရေဖြန်းပေးခြင်းဖြင့် ဖုန်မှုန့်ပြန့်လွင့်မှု နည်းအောင် ဆောင်ရွက်သွားပါမည်။

၃၁။ **<u>မြေအရေအသွေး ထိခိုက်မှု လျော့ချရေး စီမံချက်</u>**။ ။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ကွက်ဧရိယာအတွင်း မလိုအပ်ပဲ မြေကြီးများအား တူးဆွခြင်း မရှိစေရေး ဆောင်ရွက်သွားပါမည်။

(ခ) အန္တရာယ်ရှိသော ဆိုင်ရာနိုက်ဖော်ရည် လုပ်ငန်းသုံးရေနှင့် စွန့်ပစ်ရေများ မြေအောက်သို့ စိမ့်ဝင်ခြင်း မရှိစေရေး ဆောင်ရွက်သွားပါမည်။

(ဂ) လူသွားလမ်း၊ ကားလမ်းတို့အား သတ်မှတ်ထားသည့် အတိုင်းသာ သွားလာစေပါမည်။

(ဃ) လှိုဏ်ခေါင်းတူးဖော်ရာမှ ထွက်လာသော ဘေးကာကျောက်များအား စနစ်တကျစုပုံထားပြီး မိုင်းပိတ်သိမ်းချိန်တွင် လှိုဏ်ခေါင်းအတွင်း ပြန်လည်ထည့်သွင်း သွားပါမည်။

၃၂။ **<u>ဇီဝမျိုးကွဲများ ထိခိုက်မှု လျော့နည်းစေရေး စီမံချက်</u>**။ ။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်းဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိ သဘာဝပေါက်ပင်များအား မလိုအပ်ပဲ ခုတ်ထွင်ခြင်းမပြုစေရန် စီစဉ်သွားပါမည်။

(ခ) စီမံကိန်းဧရိယာအတွင်း နှင့် ပြင်ပတွင် မြေလွတ်များရှိပါက ဒေသနှင့် ကိုက်ညီသော သစ်ပင်များ စိုက်ပျိုးသွားပါမည်။

(ဂ) ပို့ဆောင်ထားပြီး ပို့ဆောင်များ စီစဉ်သွားပါမည်။

(ဃ) စီမံကိန်းဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိနေသော ကျေးဌက်တိရစ္ဆာန်များ၊ လိပ်ပြာများအား ပစ်ခတ်ခြင်း၊ ညှဉ်းပန်းထောင်ဖမ်းခြင်း၊ အမဲလိုက်ခြင်းများ မပြုနိုင်အောင် စီစဉ်သွားပါမည်။

(င) ဒေသခံမူဆိုးများအား စီမံကိန်းဧရိယာနှင့် အနီးတဝိုက် တောလိုက်ခြင်း မပြုစေရေး၊ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်သွားပါမည်။

(စ) စီမံကိန်းဧရိယာအတွင်းရှိ သစ်ခွပင်များအား မခူးစေရေး ကြပ်မတ်သွားပါမည်။

၃၃။ **<u>လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်</u>**။။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်သားများ ကျန်းမာရေးအတွက် တကိုယ်ရေသန့်ရှင်းရေးနှင့် ဆောင်ရန် ရှောင်ရန်အချက်များအား ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်သွားပါမည်။

(ခ) လိုအပ်သော ဆေးဝါးများ ဝယ်ယူစုဆောင်းပြီး ဆေးခန်းဖွင့်လှစ် သွားပါမည်။

(ဂ) ဆေးခန်းတွင် ကျန်းမာရေးဆိုင်ရာ ဆရာဝန်/ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထား ဆောင်ရွက်ပါမည်။

(ဃ) ကျန်းမာရေးနှင့် ဆိုင်သော ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်သွားပါမည်။

(င) စီမံကိန်းမှ ဆရာဝန်/သူနာပြု တို့ဖြင့် ဒေသခံပြည်သူလူထုအား(Medical Cover) ဆောင်ရွက်ပေးသွားပါမည်။

(စ) ပူးနွေးလတ်ဆတ်သော အစားအသောက်များ ဖြစ်စေရေး ဂရုပြုဆောင်ရွက်သွားပါမည်။

(ဆ) သောက်ရေအတွက် ရေသန့်ကိုသာ အသုံးပြုသွားပါမည်။

(ဇ) ချိုးရေ၊ သုံးရေကန်များအား သန့်ရှင်းဘေးကင်း စေရန် စီစဉ် ဆောင်ရွက်သွားပါမည်။

(ဈ) လုပ်ငန်းသုံး၊ ယမ်းနှင့် ဖောက်ခွဲပစ္စည်းများအား တာဝန်ပေးထားသော ကျွမ်းကျင်ဝန်ထမ်းမှအပ ကိုင်တွယ်ခြင်း မပြုစေရန် စီစဉ်ကြီးကြပ်သွားပါမည်။

(ည) ဆိုင်ရာနိုက်နှင့် ပြဒါးတို့အား တာဝန်ပေးထားသူမှအပ ကိုင်တွယ်ခြင်းမပြုရန် ကြီးကြပ်သွားပါမည်။

(ဋ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် ဆောင်ရန် ရှောင်ရန်များ မြင်သာအောင် စာဖြင့်ရေး၍ ကပ်ထားခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်သွားပါမည်။

(ဌ) အရေးပေါ်အချိန်တွင် လုပ်ဆောင်ရမည့် အချက်များအား ပညာပေးခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သွားပါမည်။

အခန်း(၁၁)

ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် (Emergency Plan)

၃၄။ ရွှေသတ္တုအသေးစား ထုတ်လုပ်ရာတွင် လုပ်ငန်းခွင်အတွင်း ထိခိုက်နိုင်မှုမရှိစေရေး အတွက် ကျွမ်းကျင်ဝန်ထမ်းများနှင့် ဝန်ထမ်းသစ်များအား ပူးတွဲလုပ်ကိုင်သွားပါမည်။ အမြဲတမ်းဝန်ထမ်းများမှာ ကျွမ်းကျင်ဝန်ထမ်းများဖြစ်ပါသည်။ **ဒေသခံဝန်ထမ်းများအား အောက်ပါအတိုင်းလေ့ကျင့်သွားပါမည်-**

(က) ရွှေအသေးစားထုတ်လုပ်မှုလုပ်ငန်း၏ သဘောသဘာဝအား လုပ်ငန်းမစတင်မီ မြေပြင်နှင့်ဆက်စပ်ပြီး လက်တွေ့ဟောပြောပို့ချသွားပါမည်။

(ခ) လုပ်ငန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံအား လက်တွေ့သရုပ်ပြ သင်ကြားပေးပါမည်၊

(ဂ) မီးစက်၊ လေပေးစက်၊ Braker Gun အသုံးပြုပုံများအား လက်တွေ့သင်ပြ ပေးပါမည်။

(ဃ) ယင်းကိုင်တွယ်ထိန်းသိမ်းနည်း၊ အသုံးပြုနည်းတို့အား လက်တွေ့ပြသ သင်ကြားပေးသွားပါမည်။

(င) ရှေးဦးသူနာပြုနည်းအား သင်ကြားပေးသွားပါမည်။

(စ) အရေးပေါ်လုပ်ဆောင်မည့် အချက်များအား သင်ကြားပြသပေးပါမည်။

(ဆ) ဝန်ထမ်းသစ်များအား တစ်ဦးတည်းလုပ်ကိုင်ခွင့် မပေးဘဲ ကျွမ်းကျင်ဝန်ထမ်းနှင့် တွဲဖက်လုပ်ကိုင်စေပါမည်။

၃၅။ လုပ်ငန်းခွင်ဝင်မည့် အလုပ်သမားအားလုံးကို Hel met များ၊ လည်ရှည်ဖိနပ် (Boots)များ၊ နှာခေါင်းစည်း MasK များ၊ လက်အိတ် Glove များ၊ လုပ်ငန်းသုံးမျက်မှန်များ ဝတ်ဆင်စေပါမည်။

၃၆။ လှိုဏ်ခေါင်း ခိုင်ခံမှုရှိစေရန် ပေ(၅၀)ပတ်လည် မျက်နှာသစ်ခြင်း၊ ဆောင်ရွက်ထားပြီး လေ့ကားထစ်ပုံစံ အလိုက် မြေညှိခြင်း ဆောင်ရွက်ထားပါသည်၊ လှိုဏ်ဂေါင်းအဝAdit Portal ခိုင်ခံ့စေရန်အတွက် ဘိလပ်မြေ၊ သံချောင်းတို့အား အသုံးပြု၍ ကွန်ကရစ်ဖြင့် ပြုလုပ်ထားပါသည်၊

လှိုဏ်ခေါင်းတူးဖော်နေစဉ် ကာလအတွင်း လှိုဏ်ခေါင်းနံရံအား ဘေးကာကျောက်နှင့် ဘိလပ်မြေအား

အသုံးပြု၍ ခိုင်ခံ့အောင် စီစဉ်ထားပါသည်၊ လှိုဏ်ဂေါင်း အတွင်းသို့ (၂)လက်မ သံပိုက် G-I ပိုက် အား အသုံးပြု၍ လေပေးအပိုက်အဖြစ် တပ်ဆင်ထားပါသည်၊ သံပိုက်အသုံးပြု ခြင်းအားဖြင့် မြေပိသည့် ဒဏ်ခံနိုင်ပါသည်၊ အရေးပေါ်အချိန်တွင် ၎င်းလေပိုက်မှ လေမှုတ်သွင်းနိုင်ရန် လေပေးစက်အား အဆင်သင့် စီစဉ်ထားပါမည်။ ၎င်းအပြင် လှိုဏ်ဂေါင်းအတွင် ပေ(၁၀၀)စီတိုင်း သောက်သုံးရေ၊ ရိက္ခာ၊ ဒျုးဦး သူနာပြုဆေးပုံးတို့အား ထားရှိပါသည်၊ အရေးပေါ် ဆက်သွယ်ရန် အချက်ပေးကြိုး တပ်ဆင် ထားပါသည်။ ကျောက်ဖောက်စက်(Hammer Jack) များသည် (Aircompressior)နှင့် တွဲဖက်အသုံးပြုရသောကြောင့် လေမှုတ်သွင်းပြီးဖြစ်၍ လုပ်သားများအတွက် သန့်ရှင်းသော လေပြတ်လတ်မှု မရှိစေရေး စီစဉ်ထားပါသည်။ လှိုဏ်ခေါင်းနှင့် လေပိုက်များပုံစံ ပူးတွဲ (၉)ဖြင့်ဖော်ပြထားပါသည်။

ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

၃၇။ (က) **ဆိုက်ယာနိုက်သိုလှောင်ထားရှိခြင်း**

(၁) ဆိုင်ယာနိုက်ကို လေဝင်၊ လေထွက်ကောင်းမွန်ပြီး အလင်းရောင်ကောင်းစွာရရှိသည့် ခြောက်သွေ့သောအခန်းတွင် သီးသန့်ထားရှိပါမည်။

(၂) ဆိုင်ယာနိုက်ထားသည့်အခန်းတွင် ဆေးလိပ်မသောက်ရဆိုင်းဘုတ်တပ်ဆင်ခြင်းနှင့် အသိပညာပေးစာတမ်း၊ ဘေးအန္တရာယ်ရှိ သင်္ကေတပြဆိုင်းဘုတ်များ တပ်ဆင် ထားရှိပါမည်။

(၃) စားဖိုနှင့် စားသောက်ခန်း၊ သောက်သုံးရေ၊ တွင်းရေကန်များနှင့် ပေ (၅၀၀) ခန့် အကွာတွင်ရှိသောနေရာတွင် အဆောက်အဦးဆောက်၍ စနစ်တကျထားရှိပါမည်။

(၄) ဆိုင်ယာနိုက်သိုလှောင်ရုံအဆောက်အဦးတွင် မီးသတ်ဘူးများချိတ်ဆွဲခြင်း၊ သိုလှောင် ရုံပတ်လည် ပေ (၁၀၀) အကွာထိ မြက်ပင်၊ ချုံပုတ်များရှင်းလင်း၍ မီးတားလမ်း များဖောက်လုပ်ထားပါမည်။

(ခ) **ဆိုင်ယာနိုက်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်မည့်နည်းလမ်းအောက်ပါအတိုင်းဆောင်ရွက်ပါမည်–**

(၁) ဆိုင်ယာနိုက်အသုံးပြုသူများအား (PPE) ဝတ်စုံများဖြစ်သည့် နှာခေါင်းစည်း၊ ဦးထုပ်၊ လက်အိတ်၊ မျက်မှန်နှင့် ဘွတ်ဖိနပ်များ ဝတ်ဆင်စေပြီးမှ ကိုင်တွယ်အသုံးပြုစေပါ မည်။

(၂) ဆိုင်ယာနိုက်အသုံးပြုပြီးပါကလည်း လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို စင်ကြယ်စွာဆပ်ပြာဖြင့်ဆေးကြောစေခြင်း၊ ရေချိုး၊ အဝတ်အစားလဲလှယ်စေခြင်း တို့ ဆောင်ရွက်ပါမည်။

(၃) ဆိုင်ယာနိုက်ချက်ကန်၊ ဆိုင်ယာနိုက်ထားသိုသည့်နေရာများတွင် ''ဆေးလိပ်မသောက်ရ'' ဆိုင်းဘုတ်တပ်ဆင်ထားခြင်းနှင့် အသိပညာပေးခြင်း၊ ဘေးအန္တရာယ်ရှိ သင်္ကေတပြဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း ဆောင်ရွက်ပါမည်။

(၄) ဆိုင်ယာနိုက်ချက်ကန်နှင့် ဆိုင်ယာနိုက်ထားသိုရာနေရာအနီးတွင် အစားစားခြင်းမှရှောင်ကြဉ်စေပါမည်။

(၅) ဆိုင်ယာနိုက်ချက်ကန်အတွင်း တာဝန်ရှိသူမှအပ လူနှင့် တိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ဝန်းထရံများ စနစ်တကျကာရံထားခြင်း ဆောင်ရွက်ပါမည်။

(၆) ဆိုင်ယာနိုက်ကန်များတွင် မသက်ဆိုင်သူများနှင့် တိရစ္ဆာန်များ မလာရောက်နိုင်အောင် ချက်ကန်စောင့် (၁) ယောက် အမြဲထားရှိဆောင်ရွက်ပါမည်။

(၇) ဆိုင်ယာနိုက်များကို လေအဝင်/အထွက် ကောင်းမွန်ပြီး ခြောက်သွေ့သည့်အလင်းရောင်ကောင်းစွာရရှိသည့် နေရာတွင်ထားရှိသွား ပါမည်။

(၈) ဆိုင်ယာနိုက်အဆိပ် လူ၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်ပုံနှင့် ဆိုင်ယာနိုက်အဆိပ်သင့် ခြင်း လက္ခဏာများကို ဆွေးနွေးပြောကြားခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေး ခြင်း၊ လုပ်ငန်းခွင်တွင် ပိုစတာများကပ်ထားပေးခြင်းတို့ ဆောင်ရွက်ပါမည်။

(၀) **အရေးပေါ်ကုသမည့်နည်းလမ်းများ**

ဆိုင်ယာနိုက်ကိုင်တွယ်သူများ ဆိုင်ယာနိုက်အဆိပ်သင့်မှုလက္ခဏာများ ဖြစ်ပေါ်လာပါက အောက်ပါကုသမှုများကို အမြန်ဆုံးပြုလုပ်ပေးပါမည်။

(၁) လူနာအား ရေများများတိုက်ပေးခြင်း၊ အော့အန်အောင်လုပ်ပေးခြင်း၊

(၂) လူနာအား အသက်ရှူကိရိယာတပ်ဆင်ပေးခြင်း၊

(၃) လူနာအား လေကောင်းလေသန့်ရရှိသည့်နေရာတွင် လဲလျောင်းစေခြင်း၊

(၄) ဆိုင်ယာနိုက်သုံးစွဲရာတွင် တပ်ဆင်ထားသည့် အဝတ်အစားများကို အမြန်ချွတ်ပေးစေခြင်း၊

(၅) လူနာ၏ ကိုယ်၊ လက်၊ ခြေထောက်၊ မျက်နှာတို့အား ဆေးကြောသန့်စင်ပေးခြင်း၊

(၆) နွေးထွေးစွာ အဝတ်အစားဝတ်ဆင်စေခြင်းတို့ ဆောင်ရွက်ပြီးနောက် ဆေးရုံ၊ ဆေးခန်းသို့ ကုမ္ပဏီပိုင်ယာဉ်ဖြင့် အမြန်ဆုံးပို့ဆောင်ကုသပေးခြင်းတို့ ဆောင်ရွက်ပါမည်။

(၈) **ဆိုင်ယာနိုက်ပါဝင်သောရေများ မြေအောက်စိမ့်ဝင်မှုမရှိစေရန် ဆောင်ရွက်မည့်နည်းလမ်း**

(၁) ချက်ကန်တွင် ဆိုင်ယာနိုက်အသုံးပြု၍ ရွှေထုတ်ယူရာ၌ ချက်ကန်အောက်ခြေအား ကွန်ဂရစ်ခင်းပြီး ၎င်းအပေါ်တွင် ပလပ်စတစ်မိုးကာစ နှစ်ထပ်ခင်းထားပါမည်၊ ချက်ကန် ဘေးပတ်လည်အား ကွန်ဂရစ်ဖြင့် အမြင့် (၃)ပေ ရအောင် ဆောင်ရွက်ထားပါမည်။ ၎င်းအပြင် ပလတ်စတစ်မိုးကာစ (၂)ထပ် ထပ်မံကာထားပါမည်။

(၂) ဆိုင်ယာနိုက်အသုံးပြုပြီးနောက် စွန့်ထုတ်ရေနှင့် သဲစာတို့အား အနည်ထိုင်ကန်သို့ပေးပို့ပါမည်၊ ၎င်းအနည်ထိုင်ကန် အောက်ခြေနှင့် ဘေးကာများအား ကွန်ဂရစ်ဖြင့် တည်ဆောက်ထားပြီး မိုးကာစပါ ထပ်မံခင်းထားပါမည်။

(၃) အနည်ထိုင်ကန်တွင် ဆိုင်ရာနိုက်ဖျော်ရည်နှင့် သဲစာတို့အား ခွဲထုတ်ပြီးနောက် ဆိုင်ရာနိုက်ဖျော်ရည်အား ချက်ကန်သို့ပို့ပြီး အကြိမ်ကြိမ် ပြန်လည်အသုံးပြုသွားပါမည်၊ ၎င်းဖျော်ရည်အား စွန့်ပစ်ခြင်းမပြုပါ။

(၄) ချက်ကန်၊ အနည်ထိုင်ကန်တို့ပါဝင်သော စက်ရုံဇရိယာ ပတ်လည်တွင် ရေနုတ်

မြောင်းတူးပြီး ပြင်ပမှ မိုးရေများ စီးဝင်ခြင်းမရှိရအောင် စီစဉ်သွားပါမည်၊ စက်ရုံမှထွက်ရှိသောရေအား ရေစုကန်ပြုလုပ်၍ ရေအားသန့်စင်ပြီးမှသာ ပြင်ပသို့ ထွက်စေပါသည်၊

(ဂ) ဆိုင်ယာနိုက်မှ အန္တရာယ်မဖြစ်စေရန်နှင့် လျော့ချမည့်နည်းလမ်း

ဆိုင်ယာနိုက်ပျော်နေဝင်သောရေနှင့် သဲစာတို့အား ထုံး၊ ဆိုဒီယမ် ဟိုက်ပိုကလိုရိုက်၊ ဆိုဒီယမ်ကလိုရိုက် တို့ထည့်၍ ဓာတ်ပြယ်စေရန် ဆောင်ရွက်ခြင်းပြုလုပ် ပြီးမှသာ စွန့်ပစ်ပါမည်။ ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် တစ်ပေါင်းသည် ဆိုင်ရာနိုက်တစ်ပေါင် အား ခြေဖျက်နိုင်စွမ်းရှိသဖြင့် ၎င်းအား ထိရောက်စွာ အသုံးပြုသွားပါမည်။

(စ) ဆိုင်ယာနိုက်အဆိပ်သင့်မှုမဖြစ်စေရန် တားဆီးကာကွယ်မှုနည်းလမ်းများ

(၁) လုပ်ငန်းခွင်သုံးဝတ်စုံ သီးသန့်ထားပေးပါမည်။

(၂) လက်သည်း၊ ခြေသည်း ရှည်သူများ၊ ဒဏ်ရာအနာရှိသူများအား ဆိုင်ယာနိုက်ကို လုံးဝမကိုင်စေရန် ဆောင်ရွက်ပါမည်။

(၃) လက်၊ နှာခေါင်း၊ ပါးစပ်တို့ကို မဆေးကြောဘဲ အစားစားခြင်းမပြုလုပ်ရန် အသိပေးပါမည်။

(၄) လုပ်ငန်းခွင်မှမပြန်မီ ရေချိုးခြင်း၊ အဝတ်အစားလဲလှယ်ခြင်းတို့ ဆောင်ရွက်ပြီးမှ အိမ်ပြန်စေပါမည်။

(၅) လုပ်ငန်းခွင်တွင် ဦးထုပ်၊ နှာခေါင်းစည်း၊ မျက်မှန်၊ လက်အိတ်နှင့် ဘွတ်ဖိနပ်တို့ကို စနစ်တကျအသုံးပြုစေပါမည်။

(ဆ) ပြဿနာသိလျှောင်ခြင်း

(၁) ပြဿနာကို အလွန်အေးသောအခန်း၊ နေရောင်ခြည်တိုက်ရိုက်ကျရောက်သောအခန်း၊ မိုးရေစိမ့်ဝင်နိုင်သောနေရာရှိ အခန်းတို့တွင် သိုလျှောင်ခြင်းမှ ရှောင်ကြဉ်သွားမည် ဖြစ်ပါသည်။

(၂) လေဝင်လေထွက်ကောင်းသောအခန်းတွင် သိုလျှောင်ထားရှိပါမည်။

(၃) ပြဿနာကို အပြင်သို့ယိုစိမ့်မှုမရှိစေရန် သံမဏိဖြင့်ပြုလုပ်ထားသောပုံးဖြင့် သိုလျှောင်ထားရှိပါမည်။

(၄) ပြဿနာဖိတ်စင်သည့်အခါ အလွယ်တကူသိမ်းဆည်းနိုင်ရန် သိုလျှောင်ရုံတွင် ကွန်ကရိအချောခင်းထားပါမည်။

(၅) ပြဒါးသိုလှောင်ရုံတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးစာစောင်နှင့် ဆိုင်းဘုတ်များ တပ်ဆင်ထားပါမည်။

(၆) ပြဒါးသိုလှောင်ရုံအနီးတွင် ဆေးလိပ်သောက်ခြင်း၊ အစာစားခြင်းတို့ကို ရှောင်ကြဉ်စေပါမည်။

(၈) ပြဒါးအဆိပ်သင့်မှုမဖြစ်စေရန် တားဆီးကာကွယ်မှုနည်းလမ်းများ

(၁) ပြဒါးနှင့်ဆက်စပ်လုပ်ကိုင်နေသည့် လုပ်သားများအား လက်အိတ် (Glove)၊ နှာခေါင်း စည်း (Mask) နှင့် မျက်လုံးကာမျက်မှန်များ ဝတ်ဆင်စေပါမည်။

(၂) ပြဒါးကိုင်တွယ်ပြီးပါက ကိုယ်လက်အင်္ဂါများသန့်ရှင်းအောင် ဆေးကြောစေပါမည်။

(၃) ပြဒါးနှင့် ဆက်စပ်လုပ်ကိုင်နေရသော လုပ်သားများအား ပြဒါးအဆိပ်သင့်ခြင်းကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများ၊ အဆိပ်သင့်ခြင်းလက္ခဏာများ၊ အဆိပ်သင့်ပါက ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို အသိပေး၊ ပညာပေးခြင်း၊ ပညာပေးစာ စောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပါမည်။

(၉) ပြဒါးအသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု

(၁) ပြဒါးအသုံးပြုခြင်းကြောင့် ပြဒါးပါသော အခိုးအငွေ့များ လေထုထဲသို့ရောက်ရှိစေခြင်းနှင့် လေထုညစ်ညမ်းစေခြင်း၊ ပြဒါးပါဝင်သောရေများအား စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းစေခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

(၂) ပြဒါးအဆိပ်သင့်ခြင်းကြောင့် အာရုံကြောဆိုင်ရာရောဂါများ၊ ကျောက်ကပ်နှင့်ဆိုင်သောရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်စေနိုင်သည့်အပြင် အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

(၁၀) ပြဒါးအဆိပ်သင့်ခြင်းလက္ခဏာများ

(၁) ဆံပင်များကျွတ်ခြင်း

(၂) ယားယံခြင်း

(၃) အဆုတ်ရောဂါဖြစ်ခြင်း

(၄) ကျောက်ကပ်ပျက်စီးခြင်း

(၄) **ပြဒါးအဆိပ်သင့်ခြင်းဖြစ်ပါက အရေးပေါ်ဆောင်ရွက်မည့်နည်းလမ်း**

ပြဒါးအသုံးပြုသည့်လုပ်သားများ ပြဒါးအဆိပ်သင့်သည့်လက္ခဏာများ ဖြစ်ပေါ်လာပါက အဆိပ်သင့်လူနာများအား ဆားငံရည်တိုက်၍ ပြဒါးအဆိပ်လျော့နည်းအောင် ဆောင်ရွက်ပေးခြင်း၊ နိုးစပ်ရာ မံစိကြိုး တိုက်နယ် ဆေးရုံသို့လည်းကောင်း၊ ဗန်းမောက်မြို့နယ်၊ ပြည်သူ့ဆေးရုံသို့လည်းကောင်း အမြန်ဆုံးပို့ဆောင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပါမည် သို့လည်းကောင်း၊ ဗန်းမောက် မြို့နယ်၊ ပြည်သူ့ဆေးရုံသို့လည်းကောင်း အမြန်ဆုံးပို့ဆောင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပါမည်။

(၅) **ပြဒါးအန္တရာယ်မဖြစ်စေရန် လျှော့ချမည့်နည်းစနစ်**

(၁) အင်ဝိုင်းလှည့်ကန် (မုံကန်) ကို ကွန်ဂရစ်အုတ်ကန် ပြုလုပ်၍ ၎င်းအပေါ်တွင် ပလပ်စတစ်အထူစ ခင်း၍ ခင်း၍ လုပ်ဆောင်ခြင်းအားဖြင့် ပြဒါးပါသောရေများ မြေထဲသို့စိမ့်ဝင်နိုင်မှုမရှိအောင် ဆောင်ရွက်ခြင်း၊

(၂) အင်ဝိုင်းလှည့်ပြီးရေများကို စွန့်ပစ်ခြင်းမပြုဘဲ အရိပ်အောက်တွင်ထားသော ကွန်ကရစ်ကန်တွင်စုဆောင်းထားပြီး ပြန်လည်အသုံးပြုခြင်း၊

(၃) အင်ဝိုင်းလှည့်ကန်တွင် ကျန်ခဲ့သည့်သဲစာများကို စွန့်ပစ်ခြင်းမပြုဘဲ အကြိမ်ကြိမ် အင်ဝိုင်းလှည့်ခြင်းဖြင့် ကြွင်းကျန်ခဲ့သည့်ရွှေကို ဖမ်းယူခြင်းနှင့် ပြဒါးအား ပြန်လည် အသုံးပြုခြင်း၊

(၄) ပြဒါးဖြင့် ဖမ်းထားသော ပြဒါးစုရွှေမှ ရွှေကိုခွဲထုတ်ယူရာတွင် (Retort) အား အသုံးပြုခြင်းအားဖြင့် လေထုအတွင်းသို့ ပြဒါးငွေ့များ မရောက်ရှိစေခြင်းနှင့် ပြဒါးအား ပြန်လည် ရယူခြင်း ဆောင်ရွက်ပါမည်၊

(၃) **ယမ်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် သိုလှောင်ထားရှိမည့်အစီအစဉ်**

ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် အောက်ပါအတိုင်း သိုလှောင်ထားရှိသွားပါမည်-

(စ) **ယမ်းသိုလှောင်ရုံအတွင်း မီးလောင်ခြင်းမဖြစ်ပေါ်စေရန် လုပ်ဆောင်ရန်အချက်များ**

(၁) ယမ်းနှင့် ဒိတိုနေတာများအား သတ်မှတ်ချက်နှင့် အညီသိုလှောင်ထားရှိခြင်း၊

(၂) ယမ်းတိုက်စစ်ဆေးခြင်းအား သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊

(၃) မသက်ဆိုင်သူများ ယမ်းတိုက်အတွင်းသို့ ဝင်ရောက်ခွင့် မပြုခြင်း၊

(၄) ယမ်းတိုက်အတွင်းနှင့် ပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်း၊ မီးထွန်းခြင်းများမ ပြုရအောင် တင်းကြပ်စွာ တားမြစ်ခြင်း၊

(ဆ) **တောမီးလောင်ခြင်း၊ မီးကြိုးပစ်ခြင်းစသည့် သဘာဝဘေးကြောင့် မီးလောင်မှုမဖြစ်ပေါ် စေရန်လုပ်ဆောင်ရန်အချက်များ၊**

(၁) စီမံကိန်းဧရိယာပတ်လည်တွင် မီးတားလမ်းဖောက်လုပ်ခြင်း၊

(၂) လုပ်သားတဲ၊ စားဖိုဆောင်၊ စီမံကိန်းရုံး၊ စက်ရုံ၊ ယမ်းတိုက်၊ စက်သုံးဆီထားရှိသည့် နေရာတို့အား မီးတားလမ်းများ ဖောက်လုပ်ခြင်း၊

(၃) ယမ်းတိုက်တွင် သတ်မှတ်ထားသည့်အတိုင်း မိုးကြိုးလွှဲတပ်ဆင်ခြင်း၊

(၄) ပေါ့ဆမှုကြောင့် မီးလောင်မှုမဖြစ်စေရန် လုပ်သားများအား ပညာပေးဆွေးနွေးခြင်း၊ သတ်မှတ်ထားသော စည်းကမ်းအား တိကျစွာလိုက်နာစေခြင်း၊

(ဇ) **မီးငြိမ်းသတ်ရန်ပစ္စည်းများ**

(၁) အဆောက်အဦးတိုင်းအတွက် အနီးတွင် မီးငြိမ်းသတ်ရန် ရေ၊ သဲပုံး၊ မီးချောင်းမီးကပ် များထားရှိပါမည်၊

(၁) ယမ်းတိုက်အဆောက်အဦးအား (၂၀×၂၀×၁၀)ပေ မြေကျင်းအတွင်း တည်ဆောက်ထားပါမည်။ မြေကျင်းတွင် ရေနုတ်မြောင်းအား စနစ်တကျ ပြုလုပ်ထားပါမည်၊ မိုးကြိုးလွှဲ၊ မြေစိုက်ကြိုး၊ တပ်ဆင်ထားပါမည်၊ ယမ်းတိုက် ပတ်လည်အား သံဆူးကြိုးကာရံထားပါမည်၊ မီးဘေးအန္တရာယ်အကာအကွယ် ပစ္စည်းများ အပြည့်အစုံထားရှိသွားပါမည်။

(၂) ယမ်းတိုက်ပတ်လည်တွင် မီးတားလမ်းများ စနစ်တကျ ဆောင်ရွက်ထားပါမည်။

(၃) ယမ်းသိုလှောင်ရုံအား အကန့်(၂)ကန့် ခွဲခြားထားပြီး (၁)ကန့်တွင် ယမ်းမျော့ အားငင်း အခြားတစ်ကန့်တွင် ဒီတိုနေတာ နှင့် ရမ်းကြိုးအနေး တို့အားငင်း ထားရှိသွားပါမည်။

(၄) ယမ်းတိုက်အတွင်း မီးနှင့်မီးပွားဖြစ်စေတတ်သော သံထည်ပစ္စည်းများ၊ အမှိုက်များ၊ လောင်စာများနှင့် သဲမှုံများမရှိစေရန် သန့်ရှင်းထားရှိပါမည်။

(၅)ယမ်းတိုက်အတွင်း အခန်းအပူချိန်နှင့် စိုထိုင်းဆတိုင်းကိရိယာများထားရှိခြင်း၊ ယမ်းတိုက်အပြင်ဘက်တွင် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိခြင်းများ ဆောင် ရွက်ပါမည်။

(၆) ယမ်းသိုလှောင်ရုံအား ကြာမြင့်စွာပိတ်ထားရလျှင် ပူပြင်းသောရာသီ၌ လေဝင်လေ ထွက်ကောင်းမွန်စေရန် တစ်ကြိမ်လျှင် မိနစ် (၃၀) မှ (၁) နာရီထိ ဖွင့်လှစ်ပေးခြင်း နှင့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အခြေအနေယိုယွင်းမှုရှိမရှိ စစ်ဆေးသွားမည်ဖြစ်ပါ သည်။

(၇)ယမ်းတိုက်အတွင်း အခန်းအပူချိန်နှင့် စိုထိုင်းဆတိုင်းကိရိယာများထားရှိခြင်း၊ ယမ်းတိုက်အပြင်ဘက်တွင် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိခြင်းများ ဆောင် ရွက်ပါမည်။

(၈)ယမ်းတိုက်ဖွင့်သည့်အချိန်တိုင်း ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏ အခြေအနေကို မျက်မြင်စစ်ဆေးသွားမည်ဖြစ်ပါသည်။ (ဥပမာ – ယမ်းများအရည်စိမ့်ထွက်ခြင်း၊ ယမ်းတောင့်အရွယ်အစားသည် မူလထက်ပိုမိုကြီးထွားလာခြင်း၊ ယမ်းသားများ

မာကျောလာခြင်း၊ အဖြူရောင်ပုံဆောင်ခဲ (အချိုမှုန့်ကဲ့သို့အချောင်းငယ်လေးများ) ဖြစ်ပေါ်ခြင်း၊ စနက်တံများ၏အတွင်းနှင့် ယမ်းသားပေါ်တွင် မှိုပေါက်ခြင်းရှိ/မရှိ သေချာစွာကြည့်ရှုခြင်း)

(ပ) **ယမ်းအသုံးပြုဖောက်ခွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များ**

(၁) လူနှင့် တိရစ္ဆာန်များ ကျောက်စ၊ ကျောက်နများထိမှန်နိုင်ခြင်း၊

(၂) မိုင်းပေါက်ကွဲတုန်ခါမှုကြောင့် မိုင်းတွင်းပြိုကျနိုင်ခြင်း၊

(၃) ပေါက်ကွဲမှုမရှိဘဲ ကျန်ရှိသည့်ယမ်းတောင့်အား ချူယူရာမှ မတော်တဆပေါက်ကွဲမှု ဖြစ်နိုင်ခြင်း၊

(၄) မိုင်းပေါက်ကွဲသံကြောင့် အကြားအာရုံများ ထိခိုက်ပျက်စီးနိုင်ခြင်း။

(ဏ) **ယမ်းအသုံးပြုခြင်းအတွက် ဘေးအန္တရာယ်ကြိုတင်ကာကွယ်မည့်နည်းလမ်း**

(၁) ယမ်းအသုံးပြုမိုင်းဖောက်ခွဲခြင်းမပြုမီ (၁) ရက်ကြိုတင်၍ ကုမ္ပဏီအနေဖြင့် နေ့စဉ် ယမ်းဖောက်ခွဲမှုအား နံနက် ထမင်းစားချိန် (၁၁) နာရီနှင့် ညနေအလုပ်နားချိန် (၄) နာရီတို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံ စာဖြင့်အသိပေးအကြောင်းကြားပါမည်။

(၂) ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ကျေးရွာလူထုအား အသိပေးပြီးဖြစ်ကြောင်း အတည်ပြုချက်စာရရှိမှသာလျှင် ယမ်းဖောက်ခွဲခြင်းဆောင်ရွက်ပါမည်။

(၃) ဖောက်ခွဲခြင်းမပြုမီ ယမ်းဖောက်ခွဲမည့်ပတ်ဝန်းကျင်တွင် လူနှင့် တိရစ္ဆာန်များရှိ/မရှိ လုံခြုံရေးတာဝန်ခံအားစစ်ဆေးစေပြီး၊ မိုင်းသတိပေးဆိုင်းဘုတ်၊ အလံအနီများ စိုက်ထားခြင်း၊ ခရာသံအချက်ပေးခြင်းတို့ပြုလုပ်၍ လူ/တိရစ္ဆာန်ကင်းရှင်းကြောင်း လုံခြုံရေးတာဝန်ခံမှ သတ္တုတွင်းအင်ဂျင်နီယာအား သတင်းပို့ချိန်မှသာ ယမ်းဖောက်ခွဲ ရေးဆောင်ရွက်စေပါမည်။

(၄) ယမ်းဖောက်ခွဲပြီးနောက် သတ္တုကျင်းအတွင်း ယမ်းငွေ့ပြယ်စေရန် Air compressor ဖြင့် (၁) နာရီခန့် သတ္တုကျင်းအတွင်း လေမောင်းထည့်ပြီးမှသာ ဆင်းစေပါမည်။

(၅) Misfire ဖြစ်သည့် ယမ်းတောင့်များအား ပြန်လည်ချူယူခြင်းမပြုစေဘဲ ၎င်း၏ ဘေးတွင် Drill Hole ထပ်မံဖောက်ကာ ယမ်းဖောက်ခွဲခြင်း ထပ်မံဆောင်ရွက်စေ ပါမည်။

(၆) Misfire မဖြစ်စေရန်အတွက် ယမ်းတောင့်များကို ခြောက်သွေ့အောင်ထိန်းသိမ်း ထားစေခြင်း၊ ယမ်းဖောက်ခွဲခြင်းမပြုမီ ယမ်းတောင့်၊ Cap, Fuse ဝါယာကြိုးများကို Mining Engineer အား စနစ်တကျကြပ်မတ်စစ်ဆေးစေပါမည်။

(၇) သတ္တုကျင်းအတွင်း အသုံးပြုသည့်ဝါယာကြိုးများကို ပလပ်စတစ်ပိုက်ပျော့အတွင်း ထည့်၍ ဝါယာရှော့ဖြစ်ခြင်း၊ ပေါက်ပြဲခြင်းမရှိအောင် စီမံဆောင်ရွက်ပါမည်။

(၈) သတ္တုကျင်းအတွင်း ခိုင်ခန့်မှုရှိအောင် သစ်သားဒေါက်တိုင်များ၊ထည့်ခြင်း၊ စွန့်ပစ်ကျောက်မြေစာများအား အိတ်သွတ်၍ ဒေါက်ထောက်ခြင်းများ ဆောင်ရွက် စေပါမည်။

(၉) သတ္တုကျင်းအတွင်း လူ (၁၀) ဦးခန့် ခိုအောင်းနိုင်သည့် Adit အား ဒေါက်တိုင်များ၊ နံရံကာသစ်များ၊ ဖြင့် ပြုလုပ်ထားစေပါမည်။

(၁၀) သတ္တုကျင်းအတွင်း လေဝင်/လေထွက်ကောင်းစေရန်နှင့် လေများသန့်စင်စေရန် အတွက် လေပိုက်နှင့် Air Compressor လေအိုးများကို နေ့စဉ်စစ်ဆေးကြပ်မတ် ဆောင်ရွက်စေပါမည်။

(၁၁) ယမ်းဖောက်ခွဲခြင်းပြုလုပ်သည့် လုပ်သားများအား အကြားအာရုံထိခိုက်မှုမရှိစေရန် Ear Plug များ တပ်ဆင်အသုံးပြုစေပါမည်။

(၁၂) သတ္တုကျင်းလုပ်သားများနှင့် ဝန်ထမ်းများ မတော်တဆထိခိုက်ပါက သွေးလိုအပ် လာလျှင် အလွယ်တကူ အကူအညီပေးနိုင်ရန် မြို့နယ်ကျန်းမာရေးဌာနနှင့် ညှိနှိုင်းပြီး ကုမ္ပဏီဝန်ထမ်းအားလုံးနှင့် လုပ်သားများအား သွေးအမျိုးအစားစစ်ဆေးကာ စနစ်တကျ မှတ်တမ်းရေးသွင်းထားရှိပါမည်။

၃၈။ **<u>မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။</u>** ။ အဆိုပြုစီမံကိန်းဇရိယာအတွင်း ဖြစ်ပေါ်လာနိုင်သော မီးဘေးအန္တရာယ်များမှာ **အောက်ပါအတိုင်းဖြစ်ပါသည်**_

(က) ပေါ့ဆမီး

(ခ) ယမ်းသိုလှောင်ရုံအတွင်း မီးလောင်ခြင်း

(ဂ) တောမီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့် သဘာဝဘေးကြောင့် မီးလောင်ခြင်း

(ဃ) **ပေါ့ဆမီး**။ ။ အောက်ပါလုပ်ဆောင်မှုများကြောင့် ပေါ့ဆမီးဖြစ်ပေါ်နိုင်ပါသည်_

(၁) လူနေတဲ၊ စားဖိုဆောင်၊ မီးဖိုတဲ၊ ရုံးအဆောက်အဦး၊ စသည်တို့တွင် မီးကြွင်းမီးကျန်များကြောင့် လောင်ကျွမ်းခြင်း၊

(၂) လျှပ်စစ် Shock ဖြစ်ခြင်း

(၃) အိပ်ဆောင်အတွင်း ဖယောင်းတိုင်မီးဖြင့် စာဖတ်ခြင်း ကဲ့သို့သော လုပ်ဆောင်မှုများကြောင့် မီးလောင်ခြင်း၊

(၄) မီးဖိုများအားစနစ်တကျ မထားသည့်အတွက် လေတိုက်သည့်အခါ မီးပွားလွင့်စင်၍ မီးလောင်ခြင်း၊

(၅) ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် မီးလောင်ခြင်း၊

(ဂ) **ပေါ့ဆမီးမဖြစ်ပေါ်စေရန် လုပ်ဆောင်ရန်အချက်များ**

(၁) မီးကြွင်းမီးကျန်များမရှိရအောင် ကြပ်မတ်ခြင်း စစ်ဆေးခြင်း

(၂) မီးဖိုများမှ မီးပွားများ လွင့်စင်မှုမရှိစေရန် စီစဉ်ခြင်း

(၃) အိပ်ယာများတွင် ဖယောင်းတိုင်မီးထွန်း၍ စာဖတ်ခြင်းမျိုးမရှိအောင်ဆောင်ရွက်ခြင်း

(၄) Wire Shock မဖြစ်ရအောင် တာဝန်ရှိသူမှ စစ်ဆေးခြင်း

(၅) ဆေးလိပ်သောက်ပြီး ဆေးလိပ်တိုများ စည်းကမ်းမဲ့ မပစ်စေရန် ကြပ်မတ်ခြင်း

(၄) **မီးလောင်ခြင်းဖြစ်ပေါ်လျှင် ဆောင်ရွက်ရန်**

(၁) မီးလောင်သည်နှင့် အစောင့်/လုပ်သား တို့က မီးလန့်သံချောင်းခေါက်ရန်၊

(၂) မီးလောင်သောနေရာသို့ အမြန်ဆုံးရောက်အောင် သွားရန်၊

(၃) မီးသတ်ကိရိယာများသုံး၍ အတတ်နိုင်ဆုံး မီးငြိမ်းသတ်သွားရန်၊

(၄) လိုအပ်ပါက အသင့်ရှိနေသော ဘတ်ဟိုးအား အသုံးပြုခြင်း၊ လုပ်ငန်းသုံးရေစုပ်စက်များအား အသုံးပြုခြင်း၊

(၅) လူစစ်ခြင်း၊

(၅) **ဘတ်ချက်လျှာထားချက်**

(၁) မူလလုပ်ငန်းစီမံကိန်းလျှာထားချက်တွင် မီးသတ်ဆေးဘူး၊ မီးသတ်ဝတ်စုံ၊ မီးသတ်ပစ္စည်းများ၊ ဝယ်ယူရန် ရံပုံငွေ လျှာထားပြီး ဖြစ်ပါသည်၊ လိုအပ်သောပစ္စည်းများ ဝယ်ယူပြီး ဖြစ်ပါသည်၊

(၂) လိုအပ်ပါက အရေးပေါ်အသုံးပြုရန် **သီးသန့်ငွေကျပ်(၁၀)သိန်း** လျှာထားပါသည်၊

(၆) **အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း**

(၁) လုပ်ငန်းငယ်ဖြစ်၍ သီးသန့်မီးသတ်တပ်ဖွဲ့ မရှိပါ၊

(၂) လူတိုင်းအား မီးသတ်နည်းတင်ပြပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ထားပါသည်၊

(၃) လုပ်သားများအား အထက်အပိုဒ်ခွဲ (ဃ)ပါအတိုင်း အဖွဲ့(၃)ဖွဲ့ ခွဲ၍ မီးသတ်တပ်ဖွဲ့ ဖွဲ့ထားပါသည်၊

(၄) အဖွဲ့(၁)ခုလျှင် လုပ်ငန်းကြီးကြပ်မှု အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပါမည်၊

(၅) မီးသတ်လုပ်ငန်းတစ်ခုလုံးအတွက် စီမံကိန်းမန်နေဂျာသည် အဖွဲ့ခေါင်းဆောင်ဖြစ်ပါသည်၊ ၎င်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်သွားပါမည်။

၃၉။ **အရေးပေါ်အခြေအနေတွင် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-**

(က) အရေးအပေါ်အချက်ပေးသံ ကြားသည်နှင့် လုပ်သားအားလုံးသည်။ အခင်းဖြစ်နေရာသို့ ချက်ခြင်းသွားရောက်စုရုံးစေပြီး တာဝန်ရှိသူမှ တာဝန်ပေးသည့်အတိုင်း ဆောင်ရွက်ပါမည်။

(ခ) စက်ယန္တယားသုံးရန် လိုအပ်ပါက ရှိနေသော ဘတ်ဟိုးယာဉ်ဖြင့် ဆောင်ရွက်သွားပါမည်။

(ဂ) ထိခိုက်ဒဏ်ရာရမှုများ ရှိပါက အရေးပေါ် ကုသပေးပြီး အနီးဆုံး ဆေးရုံ၊ ဆေးပေးခန်းသို့ ပို့ဆောင်သွားပါမည်။

(ဃ) သက်ဆိုင်ရာသို့ သတင်းပို့ပါမည်။

<u>သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် ပတ်သက်၍ဆောင်ရွက်မည့်အစီစဉ်</u>

၄၀။ ရွှေလုပ်ကွက်တွင် တွေ့ကြုံနိုင်သော သဘာဝဘေးအန္တရာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေငလျင်လှုပ်ခြင်း

(ခ) မိုးသည်းထန်စွာ ရွာသွန်း၍ မြေလျော၊ မြေပြိုခြင်း

(ဂ) လေမုန်တိုင်း တိုက်ခတ်ခြင်း

(ဃ) တောမီးလောင်ကျွမ်းခြင်း

<u>မြေငလျင်လှုပ်ခြင်းဖြစ်ပေါ်ပါက ဆောင်ရွက်မည့်အစီအစဉ်</u>

၄၁။ (က) မြေငလျင်လှုပ်သည်ကို ခံစားသိရှိရသည်နှင့် အချက်ပေးသံချောင်း ခေါက်ပါမည် လုပ်သားများသည် လုပ်ကွက်အတွင်းရှိ သစ်ပင်များ အဆောင်အဦးများနှင့်လွတ်သည့်နေရာတွင် စုဝေးစေပါမည်။

(ခ) လှိုက်ခေါင်းအတွင်း အလုပ်ဆင်းနေသော လုပ်သားများအား မြေငလျင်လှုပ်သည်နှင့် အပြင်သို့ အမြန်ဆုံးထွက်စေပါမည်။

(ဂ) မြေအောက် သတ္တုတွင်း၌ အလုပ်လုပ်သူများ၏ မှတ်ပုံတင်စာရင်း (သတ္တုတွင်းပုံစံ-၆၄)နှင့် တိုက်ဆိုင်စစ်ဆေးပြီး လုပ်သားများ စုံ/မစုံ စစ်ဆေးပါမည်။

(ဃ) လှိုက်ခေါင်းပြိုကျခဲ့ပါက မူလကတည်းက တပ်ဆင်ထားသော လေပိုက်မှ လေမှုတ်သွင်းပါမည်

(င) လုပ်ကွက်တွင်ရှိနေသော ဘတ်ဟိုးအား အသုံးပြု၍ ကယ်တင်ရေးဆောင်ရွက်သွားပါမည်။

မိုးသည့်ထန်စွာ ရွာသွင်း၍ မြေလျော၊ မြေပြိုခြင်း

၄၂။ (က) လုပ်ငန်းများ ရပ်ဆိုင်းပြီး လုပ်သားတဲများတွင် စုဝေးနေစေပါမည် လုပ်သားများအား စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပါမည်။

(ခ) မိုးရွာသွန်းမှု ရပ်ဆိုင်းပြီး မြေလျော၊ မြေပြိုမှုများ မရှိတော့ပဲ လုပ်ငန်းခွင် စိတ်ကျရသည့် အခါမှသာ လုပ်ငန်းများ ပြန်လည်စတင်ပါမည်။

လေမုန်တိုင်း တိုက်ခတ်ခြင်း

၄၃။ (က) လေမုန်တိုင်း တိုက်ခတ်ပါက လုပ်ငန်းများရပ်ဆိုင်းပြီး လုပ်သားများအား သစ်ပင်များနှင့် လွတ်ကင်းရာနေရာတွင် စုဝေးနေစေပါမည်။

(ခ) သစ်ကိုင်းကျိုးများ လေလွင့်နိုင်သော ပစ္စည်းများနှင့် ထိခိုက်မှုမရှိစေရန် လေကွယ်ရာနေရာများတွင် ပုန်းခိုနေစေပါမည်။

တောမီးလောင်ခြင်း

၄၄။ (က) မူလကတည်းက ဇာတ်တိုက်လေ့ကျင့်ထားသော အစီအစဉ်အတိုင်း လူတိုင်းကိုယ်စီ တောမီးကူးစက်လောင်ကျွမ်းခြင်းမရှိစေရန် ဆောင်ရွက်စေပါမည်။

(ခ) မီးသတ်ပစ္စည်းများအသင့်ပြင်ဆင် ကိုင်တွယ်စေပြီး မီးသတ်ရန်အဆင်သင့်ရှိနေစေပါမည်။

သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကြိုတင်ဆောင်ရွက်ထားရှိမှုများ

၄၅။ (က) လုပ်သားများအား လူစုံ/မစုံ တိုက်ဆိုင်စစ်ဆေးနိုင်ရန် သတ္တုတွင်းပုံစံ-၆၃နှင့် ၆၄ အား နေ့စဉ်အပြည့်အစုံ ရေးသွင်းပြီး အလွယ်တကူတွေ့မြင်နိုင် စေရန်စီစဉ်ထားပါမည်။

(ခ) လုပ်သားတဲများဆောက်ထားသော နေရာမှာ မြေပြိုမှုမဖြစ်နိုင်သော တောင်ပူစာအနိမ့်နေရာတွင် ဖြစ်ပါသည် ရေငုပ်နိုင်ခြင်းမရှိပါ လေတိုက်ရာအရပ်နှင့် ဆန့်ကျင်ဘက် ဆင်ခြေလျောသည် လေကွယ်အရပ်ဖြစ်ပါသည်။

(ဂ) မူလလှိုဏ်ခေါင်းစဉ်ကပင် အရေးပေါ် လေမှုတ်သွင်းရန် ပိုက်နှင့် အရေးပေါ် တယ်လီဖုန်းကြိုးတို့အား မြေပိဒဏ်ခံနိုင်သော ပိုက်များ အသုံးပြုထားပါမည် ကောင်း/မကောင်း နေ့စဉ်လုပ်ငန်းစသည်နှင့် စစ်ဆေးစေပါမည်။

(ဃ) အရေးပေါ် လေပိုက်အသုံးပြုပုံ ပြုနည်းအား လုပ်သားတိုင်းသို့ သင်ကြားပြသပေးထားပါမည်။

(င) လုပ်ကွက်ပတ်လည် ကိုက်(၃၀)အကျယ်ရှိသော မီးတားလမ်းဖောက်ထားပါမည်။

(စ) လုပ်ကွက်အတွင်း သစ်ရွက်ခြောက်နှင့်အမှိုက်များအား အမြဲရှင်းလင်းထားပါမည်။

(ဆ) လုပ်သားတဲများနှင့် မလွတ်သော သစ်ကိုင်းများအား ရှင်းလင်းထားပါမည်။

သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ဆောင်ရွက်ရန်လေ့ကျင့်ခြင်း

၄၆။ (က) လုပ်သားတိုင်းအား သဘာဝဘေးအန္တရာယ်ကြုံလာပါက ဆောင်ရန်/ ရှောင်ရန်များ အသိပေးရှင်းလင်း ပါမည်။

(ခ) ၎င်းဆောင်ရန်/ရှောင်ရန် အချက်များအား စာရွက်တွင်ရေးသား၍ မြင်သာသော နေရာများတွင် ချိတ်ဆွဲထားပါမည်။

(ဂ) အရေးပေါ်လေပိုက်အသုံးပြုပုံ ပြုနည်း မီးသတ်ပစ္စည်းများ အသုံးပြုနည်းတို့အား သင်ကြားပြသပေး ထားပါမည်။

(စ) ဇာတ်တိုက်လေ့ကျင့်ခြင်းအား တစ်ပတ်လျှင်တစ်ကြိမ်လုပ်ဆောင်သွားပါမည်။

စီမံကိန်းဧရိယာနှင့် အနီးဝန်းကျင်တွင် ယခင်(၁၀)နှစ်ခန့်က ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ

၄၇။ စီမံကိန်းဧရိယာနှင့် အနီးဝန်းကျင်ကျေးရွာများတွင် လွန်ခဲ့သော (၁၀)နှစ်မတိုင်ခင်မှ ယနေ့အထိ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ခြင်းမရှိပါ၊ အမြင့်မှ လိမ့်ကျခြင်း၊ ဓါးခုတ်မိခြင်းစသည့် မတော်တဆမှုမျိုးသာဖြစ်ပေါ်ပါသည်၊ တောင်ယာများ မီးရှို့ရာမှ တစ်ခါတစ်ရံ တောမီးကူးစက်လောင်ကျွမ်းခြင်းများရှိပါသည်၊ သို့သော် ကျေးရွာများ၏ သဘာဝကိုကပင် ရွာများအား မီးတားများ ဆောင်ရွက်ထားလေ့ရှိသောကြောင့် ကျေးရွာများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမျိုး မရှိခဲ့ပါ၊ မကြားဘူးပါ၊ လက်ရှိတွင် အများဆုံးဖြစ်လေ့ဖြစ်ထရှိသော မတော်တဆမှုမှာ ဆိုင်ကယ်တိုက်ခြင်း၊ ဆိုင်ကယ်မှောက်ခြင်းများသာ ဖြစ်ပါသည်။

၄၁။ စီမံကိန်းအနီးဝန်းကျင်ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများ ဖြစ်ပေါ်လာပါက စီမံကိန်းရှိ ဆေးအဖွဲ့ ယာဉ်ယန္တရားများဖြင့် သွားရောက်ကူညီ ဆောင်ရွက်ပေးပါမည်။

အခန်း(၁၂)

အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း (Public Consultation)

၄၈။ (က) ရွှေလက်ဝဲသုန္ဒရကုမ္ပဏီလီမိတက်သည်ဗန်းမောက်မြို့နယ်အတွင်း ရွှေအသေးစားလုပ်ကွက် (၂)ကွက်ရှိပါသည်။ ရွှေလုပ်ကွက်နှင့် အနီးဆုံးရွာမှာ တောင်ဘက်(၇)မိုင်ခန့်ကွာဝေးသော နန့်အောရွာဖြစ်ပါသည်၊ ဗန်းမောက်မြို့နယ် မံစိကြိုးကျေးရွာမှ ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအထိ ဖောက်လုပ်ထားသော ကုန်ထုတ်လမ်းမှာ နန့်အောရွာသို့ ဖြတ်သွားရပါသည်၊ ယခုတင်ပြသော ရွှေလုပ်ကွက် နေရာသည် ယခင်က နန့်အောရွာသားများ တစ်ပိုင်တစ်နိုင် ရွှေလုပ်သည့် နေရာဖြစ်ပြီး စွန့်လွှတ်ထားခဲ့ သောနေရာဖြစ်ပါသည်။ အပေါ်ယံပိုင်းရှိ ပေါ်ထွက် အပိုင်းတွင်သာ လုပ်ကိုင်ပြီး ငွေကြေးအကုန်အကျများသည် မြေအောက်တူးဖော်ခြင်းအား လုပ်ကိုင်နိုင်ခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့် လုပ်ကွက်ရှာဖွေစဉ် ကာလကတည်းက ၎င်းရွာအား အခြေပြု၍ ရှာဖွေခဲ့ပြီး ရွာသားများ အကြံပြုသည့် အတိုင်း ရွှေလုပ်ကွက်လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်၊ ရွာသူရွာသားများနှင့် ရင်းနှီးခင်မင်မှုရှိပါသည်၊ ရွာတွင် လိုအပ်နေသော ဆေးပေးခန်း ဆောက်လုပ်ပေးခြင်း၊ ဆေးခန်းဖွင့်လှစ် ပေးခြင်း ရွာတွင်းလမ်း များပြင်ဆင်ပေးခြင်း၊ ပျက်စီးနေသောရွာထိပ်ရှိ တံတားအား အသစ်ဆောက် လုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်၊ ရွာသူရွာသားများသည်အစည်းအဝေးလာရောက်လေ့မရှိပါ၊ ရွာလူကြီးများ ရပ်မိရပ်ဖများသာ လာရောက်လေ့ရှိပါသည်၊ (၅.၁.၂၀၁၈)နေ့တွင် ပြုလုပ်သော အစည်းအဝေးသို့ ရွာဥက္ကဋ္ဌ၊ လူငယ်ခေါင်းဆောင်နှင့် ရပ်မိရပ်ဖ (၅)ဦးသာ တက်ရောက်ပါသည်၊ ကုမ္ပဏီအနေဖြင့် ကျေးရွာနှင့် အမြဲထိတွေ့ ဆက်ဆံနေသောကြောင့် ၎င်းတို့၏ လိုလားချက်အား ချက်ခြင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသောကြောင့် သိုးခြားတင်ပြချက်မရှိပါ။ ပူးတွဲ (၁၆)

(ခ) နန်အော့ကျေးရွာ ဘုန်းတော်ကြီး ၊ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ၊ နှင့်ဆွေးနွေးချက်အရ စီမံကိန်းစတင်ချိန်တွင် ကုမ္ပဏီမှ ဆရာဝန်ဖြင့် နန့်အော့ရွာတွင် ဆေးခန်းဖွင့်လှစ်၍ ဆေးကုသပေးခြင်းလိုအပ်သော နေ့စားဝန်ထမ်းအား နန့်အော့ရွာသားများကို ခန့်အပ်ပေးခြင်း၊ကျေးရွာထွက် သားငါးနှင့် အသီးအနှံများ (၂)ရက်တစ်ကြိမ် ဝယ်ယူပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊ ရွာမှ ရောင်းချသော သားငါးနှင့် အသီးအရွက်ဈေးနှုန်းအား ၎င်းတို့သတ်မှတ်သည့် အတိုင်း ဈေးမဆစ်ပဲဝယ်ယူပေးခြင်း၊ များကြောင့် နန့်အောကျေးရွာနှင့် ဆက်ဆံရေးပြေပြစ်မှုရှိပါသည်၊ ရွာသားများနှင့် အမြဲမပြတ်ထိတွေ့မှုရှိနေသောကြောင့် ၎င်းတို့၏ လိုအပ်ချက်များအား တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ဒေသခံရွာသားများအား ရှင်းလင်းပြောကြား ထားပြီးဖြစ်၍၎င်း၊ နန့်အော့ရွာသားများနှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်၍၎င်း၊ ကျေးရွာများအား စီမံကိန်း ဧရိယာသို့ ဖိတ်ကြားရှင်းလင်း ပြသထားပြီး ဖြစ်၍၎င်း၊ စီမံကိန်းနှင့် အနီးဆုံး ဖြစ်ပြီး ဆက်စပ်မှုရှိသော ရွာသားများသည် စီမံကိန်းအကြောင်း သိပြီးဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား ကျေးရွာစာကြည့်တိုက်တွင် ထားရှိပေးပါမည်၊ စီမံကိန်းဧရိယာရှိ ရုံးခန်းတွင် လည်းထားရှိပါမည်၊ စီမံကိန်းနှင့် ပတ်သက်သော အချက်အလက် များအား **VINYL** ဖြင့် ရေးသားပြီး စီမံရုံးတွင် အများမြင်သာအောင် ချိတ်ဆွဲပေးပါမည်၊ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများသို့လည်း ရှင်းလင်းပြောကြားသွားပါမည်၊ ၎င်းတို့မှ တောင်းဆိုပါက **EMP** မိတ္တူအား ပေးသွားပါမည်၊ စီမံကိန်းအဆိုပြုသူ၏ ဖုန်းနံပါတ် **Email** လိပ်စာ များအား ဖော်ပြပေးပါမည်၊ ကုမ္ပဏီတွင် ဝက်ဘ်ဆိုဒ် အသုံးမပြုပါ၊ လက်ရှိအချိန်ထိ စီမံကိန်းဧရိယာတွင် တယ်လီဖုန်း ဆက်သွယ်မှုလိုင်းမရှိပါ။

အခန်း(၁၃)

စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရံပုံငွေလျာထားချက် (Monitoring And Budget Allocation)

၄၉။ **အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-**

(က)**စောင့်ကြပ်ကြည့်ရှုခြင်း**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်သွားပါမည်-

(၁) မန်နေဂျာ အဖွဲ့ခေါင်းဆောင်

(၂) ရုံးဝန်ထမ်း(၁)ဦး အဖွဲ့ဝင်

(၃) စက်မောင်း(၁)ဦး အဖွဲ့ဝင်

(၄) ယာဉ်မောင်း(၁)ဦး အဖွဲ့ဝင်

(၅) လုံခြုံရေးတာဝန်ခံ ဒုအဖွဲ့ခေါင်းဆောင်

(ခ) **ရံပုံငွေလျာထားချက်**။ ။ အထက်အပိုဒ်ခွဲ (က)ပါ အဖွဲ့အတွက် သုံးစွဲရန် ရံပုံငွေအား **ကျပ်(၂၅)သိန်း**လျာထားပါသည်။ လုံလောက်မှုမရှိပါက လိုအပ်သည့်ရံပုံငွေထပ်မံဖြည့်သွင်းဆောင်ရွက်သွားပါမည်။

(ဂ) စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည်**အောက်ပါတို့ကို** စဉ်ဆက်မပြတ်ဆောင်ရွက်သွားပါမည်

-သတ္တုတူးဖော်ထုတ်လုပ်သန့်စင်မှုလုပ်ငန်းများကြောင့်လေထုညစ်ညမ်းမှုမရှိစေရေး အတွက် လေထုအရည်အသွေးအား (၆) လလျှင်တစ်ကြိမ် တိုင်းတာစစ်ဆေး၍ အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှင့်မှု) လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ခြင်း၊

- သတ္တုသန့်စင်ရာမှထွက်ရှိသော လုပ်ငန်းသုံးစွန့်ပစ်ရေနမူနာ ကောက်ယူ၍ P^H နှင့် Base Metal Impurities များပါဝင်မှုအား (၆) လတစ်ကြိမ် ISO လက်မှတ်ရ (Laboratory) ဓာတ်ခွဲခန်းများသို့ပေးပို့၍ ဓာတ်ခွဲစမ်းသပ်ခြင်း။

– ရွှေထုတ်လုပ်သည့် လုပ်ငန်းစတင်သည့်အခါတွင် စွန့်ပစ်သဲစာနှင့် ဆိုင်ရာနိုက်ဖျော်ရည်များ ထွက်ပေါ် လာပါမည်၊ ဆိုင်ရာနိုက်ဖျော်ရည်အား စွန့်ပစ်မည်မဟုတ်ပဲ အကြိမ်ကြိမ် ပြန်လည်သုံးစွဲမည် ဖြစ်သောကြောင့် ၎င်းဖျော်ရည်အား လုံခြုံသော ပလပ်စတစ်ပုံးများဖြင့် ထည့်ထားပါမည်၊ စွန့်ပစ်သဲစာအား စွန့်ပစ်ကန် **(Tailing Pond)**ရှိမည့်နေရာ (95˚ 51'43.3"E24˚ 50'28.9"N)တွင် စုပုံထားပါမည်၊ ၎င်းနေရာသည် ပေ၂၀၀ ပတ်လည် အနက်(၆)ပေရှိသော မြေကျင်းဖြစ်ပြီး အောက်ခြေမြေသားပေါ်တွင် ပလပ်စတစ်စများ ခင်းထားပါသည်။ ခိုင်ခန့်သော ဘေးဘောင်များ ပြုလုပ်ထားပါမည်၊ အောက်ခံ မြေသားအား ၁၀ဒီဂရီ ခန့်စောင်းထားသောကြောင့် သဲစာတွင်ပါဝင်နေသော အရည်များသည် အနိမ့်ဆုံးနေရာတွင် စုနေပါသည်၊ ၎င်းအရည်များအား စက်ရုံသို့ ပြန်ပို့ပြီး ပြန်လည်သုံးစွဲ ပါမည်၊ သဲစာများအား စုပုံစဉ်ကပင် မဖောက်ထုံးများထည့်၍ ဆိုင်ရာနိုက် ပါဝင်မှုရာခိုင်နှုန်း လျော့ချသွား ပါမည်၊ ၎င်းသဲစာများအား မိုင်းပိတ်သိမ်းချိန်တွင် တူးထားသော လှိုင်ခေါင်းအတွင်း ပြန်ဖို့သွားပါမည်၊

၎င်းသဲစာများအား နမူနာယူ၍ ၆လတစ်ကြိမ် ခါတ်ခွဲခန်း သို့ပို့၍ စစ်ဆေးသွားပါမည်၊ ၎င်းအပြင် ဤနေရာမှ အရည်များ မြေအောက်သို့ စိမ့်ဝင်၍ သောက်သုံးရေများ နှင့် ရောနှောမှု ရှိမရှိ စစ်ဆေးမည့် နေရာ(၃)နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- လှိုနှင့်နန့်အော့ချောင်းဆုံမှရေ- (95˚ 51'10.3"E24˚ 50'42.7"N)

  နန့်အော့ရွာထိပ်ချောင်းရေ- (95˚ 49'53.3"E24˚ 46'45.0"N)

  နန့်အော့ဘုန်းကြီးကျောင်းရေတွင်း- (95˚ 49'51.7"E24˚ 46'47.7"N)

  အထက်ပါ(၃)နေရာမှ ရေနမူနာများအား ခါတ်ခွဲခန်းသို့ ပို့၍ **(Base Line Data)** များ ရယူပြီးဖြစ်ပါသည်၊ ပူးတွဲ (၁၃)

– သတ္တုသန့်စင်ရုံမှ စွန့်ပစ်ပြေစာများစွန့်ပစ်မှုနှင့် လုပ်ငန်းသုံးစွန့်ပစ်ရေများ ပြန်လည် အသုံးပြုမှုအခြေအနေများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊

–ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ ဆောင်ရွက်မှုအခြေများ၊ ဒေသဖွံ့ဖြိုးရေးဆောင် ရွက်မှုအခြေအနေများ၊ စိမ်းလန်းစိုပြေရေးနှင့် သဘာဝသစ်တောသစ်ပင်ထိန်းသိမ်းမှု အခြေအနေများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊

– ဖုန်မှုန့်ပျံ့လွင့်မှုအား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဃ) စောင့်ကြပ်ကြည့်ရှုမည့် နေရာများမှာ အောက်ပါအတိုင်းဖြစ်သည်–

လေအရည်အသွေး-(မြေအောက်လှိုဏ်ခေါင်းအတွက်လမ်းနှင့်လုပ်ငန်းသုံး၊ ကားလမ်းဆုံ)
- (95˚ 51'54.0"E24˚ 50'10.7"N)

ရေအရည်အသွေး- လုပ်ငန်းသုံးရေကန် (95˚ 51'39.1"E24˚ 50'14.0"N)

သောက်သုံးရေကန် (95˚ 51'51.30"E24˚ 50'15.1"N)

မြေအရည်အသွေး-ယာဉ်သွားလမ်းနှင့်လူသွားလမ်းဆုံ (95˚ 51'51.1"E24˚ 50'11.2"N)

ဆူညံသံ - (95˚ 51'44.0"E24˚ 50'12.2"N)

လှိုဏ်ခေါင်းဝနေရာမှရေ- (95˚ 51'43.6"E24˚ 50'12.0"N)

လျှိုနှင့်နန့်အော့ချောင်းဆုံမှရေ- (95˚ 51'10.3"E24˚ 50'42.7"N)

နန့်အော့ရွာထိပ်ချောင်းရေ- (95˚ 49'53.3"E24˚ 46'45.0"N)

နန့်အော့ဘုန်းကြီးကျောင်းရေတွင်း- (95˚ 49'51.7"E24˚ 46'47.7"N)

စွန့်ပစ်မြေစာကန်နေရာ**(Tailling Pond)**- (95˚ 51'43.3"E24˚ 50'28.9"N)

